# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## မိတ်ဆွေကောင်းနှင့်ပေါင်းသင်း

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ - ၇၈)


၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၃ ရက် ၂၀၂၅ ခုနှစ်၊ မေ ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၆၄)၊ အမှတ်(၂၃၇)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



# ငမိုးရိပ်ရေလှောင်တမံမှ နွေစပါး ၃၅၉၅၂ ဧကအတွက် အောင်ရေနှင့် ရန်ကုန်မြို့သောက်သုံးရေအတွက် နေ့စဉ် ရေဂါလန်သန်း ၁၃၀ ပို့လွှတ်နေ

**ရန်ကုန် မေ ၂၈**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နွေစပါးခင်းများ မတ်လနောက်ဆုံးအပတ်တွင် အပြီးသတ်ရိတ်သိမ်းလျက်ရှိရာ နွေစပါးစိုက်ပျိုးမှုအတွက် ငမိုးရိပ်ရေလှောင်တမံမှ နွေစပါး ၃၅၉၅၂ ဧကကို အောင်ရေပို့လွှတ်နိုင်ခဲ့ပြီး ရန်ကုန်မြို့သောက်သုံးရေအတွက် နေ့စဉ် ရေဂါလန်သန်း ၁၃၀ ပို့လွှတ်ပေးလျက်ရှိကြောင်း ငမိုးရိပ်ရေလှောင်တမံမှ သိရသည်။

၂၀၂၄ - ၂၀၂၅ ခုနှစ် နွေစပါးရေပေးရာသီတွင် ငမိုးရိပ်ရေလှောင်တမံ၏ လက်ဝဲမြောင်းနှင့် လက်ယာမြောင်းမှ နွေစပါး ၂၂၁၃၃ ဧက၊ ငမိုးရိပ် ရေထိန်းတံခါးများမှ ဧက ၇၂၅၀ နှင့် လျှပ်စစ်ရေတင်လုပ်ငန်းမှ ၆၆၁၄ ဧကတို့ဖြင့် စုစုပေါင်း နွေစပါးစိုက်ခင်း ၃၅၉၅၂ ဧကကို *စာမျက်နှာ ၃ ကော်လံ ၁* ○


**ယနေ့ ဖတ်စရာ**

လွန်လွန်ကြူးကြူး ရူးမူးကြသူများ — ဆောင်းပါး — စာ ၆

သဘာဝဘေးဒဏ်သင့် ကာလအလွန် စဉ်းစားချက်များ — ဆောင်းပါး — စာ ၁၆

ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရေး ပြင်သစ်နှင့် အင်ဒိုနီးရှား နိုင်ငံတို့ တောင်းဆို — နိုင်ငံတကာသတင်း — စာ ၁၄

အထက်မင်းလှမြို့နယ်၌ ဖူးစားပြောင်းသီးနှံခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ — စီးပွားရေးသတင်းများ — စာ ၁၉


# တွံတေးမြို့နယ်၌ မိုးစပါးရာသီတွင် မိုးစပါးဧက ၈၁၃၃၅ စိုက်ပျိုးရန်လျာထား

**တွံတေး မေ ၂၈**

တွံတေးမြို့နယ်၌ ယခုနှစ် ၂၀၂၅-၂၀၂၆ ခုနှစ် မိုးရာသီတွင် မိုးစပါးစိုက်ပျိုးရန် စိုက်ဧက ၈၁၃၃၅ ဧက လျာထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးထံမှ သိရသည်။

တွံတေးမြို့နယ်၌ ယခုနှစ် မိုးစပါးရာသီတွင် ဒေသခံတောင်သူများ မိုးစပါးစိုက်ပျိုးချိန်အမီ ထွန်းယက်စိုက်ပျိုးနိုင်ရန်၊ လျာထားချက်ပြည့်မီစွာ ဆောင်ရွက်နိုင်ရန်အတွက် စိုက်ပျိုးရေးဦးစီးဌာန၊ မြေစာရင်းဦးစီးဌာနနှင့် တာဝန်ရှိသူများက မိုးစပါး လျာထားချက် ပြည့်မီစွာစိုက်ပျိုးနိုင်ရန် လယ်ယာမြေ ကြိုတင်ပြင်ဆင်ရေး၊ ဒေသနှင့်ကိုက်ညီသော မျိုးစပါးနှင့် အထွက်နှုန်းပိုသောမျိုးများ စိုက်ပျိုးနိုင်ရေး၊ ရေတော် မိုးတော်စိုက်ပျိုးနိုင်ရေး တောင်သူများအား စိုက်ပျိုးရေး နည်းစနစ်များ မြေဆီလွှာထိန်းသိမ်းရေး နည်းပညာများ *စာမျက်နှာ ၄ ကော်လံ ၁* ❖



## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ့ဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ့ဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူး/ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သူ Mr. Marcoluigi Corsi အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၈

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံ၌ တာဝန်ထမ်းဆောင်မှုပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူး/ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(UNICEF)၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သူ Mr. Marcoluigi Corsi အား ယနေ့ နံနက် ၁၁ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် Mr. Marcoluigi Corsi အနေဖြင့် မြန်မာနိုင်ငံ၌ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း မြန်မာနှင့် ကုလသမဂ္ဂအကြား နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ နိုင်ငံခြား ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူး/ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(UNICEF)၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သူ Mr. Marcoluigi Corsi အား လက်ခံတွေ့ဆုံစဉ်။

## Huawei Technologies Co., Ltd က ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ငလျင်ဘေးသင့် ဝန်ထမ်းများအတွက် လှူသုံးကုန်ပစ္စည်းများနှင့် ဆေးဝါးများ ပေးအပ်လှူဒါန်း



နေပြည်တော် မေ ၂၈

Huawei Technologies Co., Ltd မှ Chief Executive Officer ဖြစ်သူ Mr. Zhao You Jun နှင့် တာဝန်ရှိသူများသည် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ငလျင်ဘေးသင့် ဝန်ထမ်းများအတွက် လူသုံးကုန်ပစ္စည်းများနှင့် ဆေးဝါးများအပါအဝင် စုစုပေါင်း ပစ္စည်း ၁၁ မျိုးအား ယနေ့ မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၁) နေပြည်တော်သို့ လာရောက်ပေးအပ်လှူဒါန်းသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က မိမိတို့ဝန်ကြီးဌာနရှိ နေပြည်တော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများ၏ ၈၀ ရာခိုင်နှုန်းနီးပါးသည် ငလျင်ဒဏ်ခံကြရသူများဖြစ်ကြောင်းနှင့် ငလျင်ဘေးသင့်ဝန်ထမ်းများအတွက် လိုအပ်လျက်ရှိသော ယာယီတဲများ၊ ခြင်ထောင်များ၊ ဆေးဝါးများ၊ ရေသန့်စက်နှင့် ဆက်စပ်ပစ္စည်းများ လာရောက်လှူဒါန်းခြင်းအတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက Huawei Technologies Co., Ltd က ပေးအပ်လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများကို လက်ခံရယူပြီး ကုမ္ပဏီ၏ Chief Executive Officer ဖြစ်သူ Mr. Zhao You Jun အား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။(ဝဲပုံ)

**သတင်းစဉ်**

❍ *ရွှေ့ဖုံးမှ*

ရေပေးဝေနိုင်ခဲ့ပြီး နွေစပါးအတွက်သာမက ရန်ကုန်မြို့သောက်သုံးရေအတွက် ညောင်နှစ်ပင် ရေသန့်စင်စက်ရုံနှင့် အောင်တံခွန်ရေသန့်စင်စက်ရုံသို့ နွေရာသီ၌ ရေဂါလန်သန်း ၁၃၀ နှင့် မိုးရာသီ၌ ရေဂါလန်သန်း ၉၀ ပို့လွှတ်လျက်ရှိကာ စိုက်ပျိုးရေဆုံးရှုံးမှု မရှိစေရန် တောင်သူများ စုပေါင်းဖွဲ့စည်းထားသည့် ရေအသုံးချသူများအဖွဲ့(Water User Group)နှင့် လက်တွဲဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ရေလှောင်တမံကနေ နွေစပါး ၃၅၉၅၂ ဧကအတွက် ယခုလ ၇ ရက်မှာ နောက်ဆုံးပို့လွှတ်ခဲ့ပါတယ်။ ရန်ကုန်မြို့ သောက်သုံးရေအတွက် ညောင်နှစ်ပင်က ရေသန့်စက်ရုံနှစ်ခုကို နေ့စဉ် ဂါလန်သန်း ၁၃၀ ပို့လွှတ်ပေးနေပါတယ်"ဟု ငမိုးရိပ်ရေလှောင်တမံမှ ဦးစီးအရာရှိ ဦးထွန်းလွင်(မြို့ပြ)က ပြောသည်။

ငမိုးရိပ်ရေလှောင်တမံသည် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဖောင်ကြီးကျေးရွာအနီး နှစ်မိုင်ခန့်အကွာ၌တည်ရှိပြီး တမံအလျားပေ ၁၅၅၀၀၊ အမြင့် ၇၅ ပေဖြင့် ဧကပေ ၁၈၀၀၀၀ ကန်ရေပြည့်သိုလှောင်နိုင်လျက်ရှိကာ ရေထုတ်ပြွန်အမျိုးအစား သံကူကွန်ကရစ်ဖြင့် ဆည်ရေသောက်ဧရိယာ ၃၃၈၅၂ ဧကကို အကျိုးပြုရေပို့လွှတ်နိုင်သော ဆည်ကြီးတစ်ခုဖြစ်သည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ နွေစပါးခင်းများအတွက် လှည်းကူးမြို့နယ်ရှိ ငမိုးရိပ်ရေလှောင်တမံ (မဟူရာရေကူတမံ +ပေါင်းလင်းရေကူတမံ)၊ လဂွမ်းပြင်ရေလှောင်တမံ၊ ကလီထော်ရေလှောင်တမံနှင့် တိုက်ကြီးမြို့နယ်ရှိ တဘူးလှရေလှောင်တမံတို့မှ ဆည်ရေများကိုပို့လွှတ်၍ တောင်သူတို့အားထားရာ နွေစပါးများ တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်ရန်ပို့လွှတ်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်သန်းဦး**

**ဓာတ်ပုံ - ငမိုးရိပ်ရေလှောင်တမံ**

# ပြန်ကြားရေးဝန်ကြီးဌာန ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ်အတွက် ဝန်ထမ်းများ၏ ကျောင်းနေ သား၊ သမီးများအား ပညာသင်ထောက်ပံ့ကြေးနှင့် စာရေးကိရိယာများပေးအပ်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ဝန်ထမ်းများ၏ ကျောင်းနေ သား၊ သမီးများအား ပညာသင် ထောက်ပံ့ကြေးနှင့် စာရေးကိရိယာများ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယခုလို ထောက်ပံ့ပေးရခြင်းမှာ စိတ်ဓာတ်ခွန်အားပေးခြင်း ဖြစ်သကဲ့သို့ ဝန်ထမ်းအချင်းချင်း မိသားစုစိတ်ဓာတ်၊ လုပ်ဖော်ကိုင်ဖက်စိတ်ဓာတ်များကို ပြသခြင်းဖြစ်ကြောင်း၊ စေတနာများကို တုံ့ပြန်သည့်အနေဖြင့် ဝန်ထမ်းများက မိမိတို့၏ သားသမီးများကို လူချွန်လူကောင်းများဖြစ်စေရန်၊ အကျင့်စာရိတ္တ မြင့်မားသူများဖြစ်စေရန်နှင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိသူများဖြစ်စေရန်တို့အတွက် ပြုစုပျိုးထောင်ပေးကြစေလိုကြောင်း၊ မိမိတို့မျှော်မှန်းနေသည့် ကျန်းမာကြံ့ခိုင်သည့်လူမျိုး၊ ဖွံ့ဖြိုးတိုးတက် ချမ်းသာကြွယ်ဝသည့် နိုင်ငံဖြစ်အောင် ကောင်းမွန်သည့် ပညာရေးစနစ်နှင့် တစ်နည်းအားဖြင့် ပညာတတ်သည့် မျိုးဆက်ကသာ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဝန်ကြီးရုံး ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ကြေးနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်စဉ်။

ယခုကဲ့သို့ ပညာသင်ထောက်ပံ့ကြေး ပေးအပ်ခြင်းသည် ဝန်ထမ်းဖြစ်သူမိဘများအတွက် အထိုက်အလျောက် အထောက်အကူဖြစ်စေမည်ဟု မျှော်လင့်ကြောင်း၊ မိဘများအနေဖြင့် မိမိတို့သားသမီးများ အခက်အခဲမရှိ ပညာတတ်တစ်ဦးဖြစ်စေရေးအတွက် အန္တိမရည်မှန်းချက်တစ်ခုအဖြစ် ထားရှိရမည်ဖြစ်သကဲ့သို့ ကောင်းမွန်မှန်ကန်သည့် စိတ်ဓာတ်များနှင့် မှန်ကန်သည့်လမ်းကြောင်းပေါ်တွင် တစိုက်မတ်မတ် လျှောက်လှမ်းနိုင်သူများဖြစ်စေရန် ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဝန်ကြီးရုံး၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့မှ ကျောင်းသားမိဘများအား ပညာသင် ထောက်ပံ့ကြေးနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးရဲတင့်က ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းလုပ်ငန်းတို့မှ ကျောင်းသားမိဘများအား ပညာသင်ထောက်ပံ့ကြေးနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်သည်။

ယနေ့ကျင်းပသည့် အခမ်းအနားတွင် ဝန်ကြီးဌာနတစ်ခုလုံးအတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်မှုမှာ မူလတန်း ကျောင်းသား ကျောင်းသူ ၁၃၄၈ ဦး၊ အလယ်တန်း ၅၄၄ ဦး၊ အထက်တန်း ၅၂၀ ဦး၊ တက္ကသိုလ် ၃၂၀ စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၇၃၃ ဦးရှိကာ မူလတန်း တစ်ဦးလျှင် ငွေကျပ်ငါးထောင်နှင့် ဗလာစာအုပ် တစ်ဒါဇင်၊ အလယ်တန်း တစ်ဦးလျှင် ငွေကျပ် ၇၅၀၀ နှင့် ဗလာစာအုပ် တစ်ဒါဇင်၊ အထက်တန်း တစ်ဦးလျှင် ငွေကျပ် တစ်သောင်းနှင့် ဗလာစာအုပ် နှစ်ဒါဇင်၊ တက္ကသိုလ်တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ နှင့် ဗလာစာအုပ် နှစ်ဒါဇင်နှုန်းဖြင့် စုစုပေါင်းထောက်ပံ့မှု ငွေကျပ် ၅၂၃၀၀၀၀၀ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

*❖ ရှေ့ဖုံးမှ*

ဟောပြောခြင်း၊ ပိုးမွှားရောဂါ ကျရောက်ပျက်စီးမှု မရှိစေရန် အပင်ဖြစ်ထွန်းချိန်အလိုက် ကာကွယ်နှိမ်နင်းခြင်းဆိုင်ရာ နည်းပညာများဟောပြောခြင်း၊ စိုက်ပျိုးရေးနည်းပညာပေး ဆွေးနွေးပွဲများကိုလည်း ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ရာသီဥတု ရေမြေဒေသနှင့်ကိုက်ညီသော အထွက်ကောင်းမျိုးများ၊ အရည်အသွေးကောင်းမျိုးများ တိုးချဲ့စိုက်ပျိုးနိုင်ရန်လည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် စပါးစိုက်ဧကတိုးတက်အောင် ဆောင်ရွက်ခြင်း၊ ဆည်မြောင်းများမှ ရေသောက်စနစ်ကို အကျိုးရှိစွာသုံးနိုင်အောင် ရေတံခါးများ အဆင့်မြှင့်တင် ဆောင်ရွက်ပေးထားပြီး တစ်ဧက အထွက်နှုန်းတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးစေခြင်း၊ မျိုးကောင်းမျိုးသန့် ထုတ်လုပ်ခြင်း၊ ရာသီဥတုကြောင့် စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးမှု မရှိစေရေးအတွက် ပြောင်းလဲလာသော ရာသီဥတုနှင့်ကိုက်ညီသော စိုက်ပျိုးရေးနည်းစနစ်များကို တောင်သူများအသုံးပြုလာကြကြောင်း သိရသည်။

ယခင်နှစ် မိုးစပါးရာသီတွင် ဒေသခံတောင်သူများ အနေဖြင့် တွံတေးမြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါး စိုက်ပျိုးဧကအားဖြင့် ၈၁၃၃၅ ဧက စိုက်ပျိုးခဲ့ပြီး တစ်ဧကလျှင် ပျမ်းမျှ ၆၈ ဒသမ ၁၂ တင်းထွက်ရှိကာ စပါးတင်းပေါင်း ၅၅၄၀၅၄၀ ထွက်ခဲ့ကြောင်း၊ ၂၀၂၄-၂၀၂၅ ခုနှစ် နွေစပါးစိုက်ပျိုးဧက ၄၆၁၃၅ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း တစ်ဧကပျမ်းမျှအထွက်နှုန်း ၉၆ ဒသမ ၇၅ တင်း၊ နွေစပါးတင်းပေါင်း ၄၄၆၃၅၆ဝ တင်း၊ ပဲမျိုးစုံ ၁၆၈၂ ဧကတွင် တစ်ဧက ၉ ဒသမ ၉၃ တင်း ထွက်ရှိပြီး ပဲမျိုးစုံ ၁၆၆၉၅ တင်းနှင့် နေကြာဧက ၃၀၀ စိုက်ပျိုးခဲ့ရာ တစ်ဧက ၁၁ ဒသမ ၆၅ တင်း၊ နေကြာတင်း ၃၄၉၆ တင်း ထွက်ရှိခဲ့သည်။ ယခုနှစ်တွင် ဒေသခံတောင်သူများအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးမည့် စပါးမျိုးများမှာ မီးဒုံး၊ ငကျွဲ၊ ရက် (၉၀)၊ ကောက်ညှင်း၊ နံ့ကား၊ ရှောမင်း၊ မနော်သုခတို့ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးထံမှ သိရသည်။

**မျိုးလှိုင် (တွံတေး)**

# ဒုတိယဝန်ကြီး ဦးကိုကိုကျော် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး H.E. Mr. Iskander Azizov ကို လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၈**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်သည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး H.E. Mr. Iskander Azizov အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံက ၂၀၂၄-၂၀၂၇ ခုနှစ်အတွက် အာဆီယံ - ရုရှား ပူးပေါင်းဆောင်ရွက်မှုညှိနှိုင်းရေးမှူးအဖြစ် တာဝန်ယူစဉ်အတွင်း အာဆီယံ - ရုရှား မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကို မြှင့်တင်ရန်အတွက် ဆောင်ရွက်နေမှုအခြေအနေများ၊ မြန်မာနှင့် ရုရှား နှစ်နိုင်ငံဆက်ဆံရေးအောက်မှ ဆောင်ရွက်နေသည့် စီမံကိန်းများ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

*❍ ကျောဖုံးမှ*

မုတ်သုံလေ အားအလွန်ကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့ညနေမှ ၂-၆-၂၀၂၅ ရက်နေ့အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၃ ပေမှ ၁၅ ပေခန့် ရှိနိုင်သည်။ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၃ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန်သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# လျှောင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၂၈**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ်ခြောက်ခုတို့တွင် မေ ၂၈ ရက်အထိ သေဆုံးသူ ၃၇၃၉ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၆၈ ဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့် ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အဦများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦး ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၁၆ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မေ ၂၆ ရက်တွင် ဗီယက်နမ်နိုင်ငံရှိ ဗုဒ္ဓဘာသာအဖွဲ့အစည်းတစ်ခုဖြစ်သည့် Parami Group က လှူဒါန်းသည့် ဆေးပစ္စည်းအလေးချိန် တန် ၀ ဒသမ ၁၅၀ ရောက်ရှိခဲ့သည်။

ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့ပေးလျက်ရှိပါကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်

နေပြည်တော် မေ ၂၈

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် နိုင်ငံ့ဝန်ထမ်းသားသမီးများမှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ကြမည့် မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုဝေးဆောင်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ အရာထမ်း အမှုထမ်းများ၊ ကျောင်းသား မိဘများ၊ ကျောင်းသားကိုယ်စားလှယ်များ တက်ရောက်ကြသည်။**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ကျောင်းသား ကျောင်းသူများအနေဖြင့် ဆရာ ဆရာမများက သင်ကြားပေးသည့် သင်ခန်းစာများကို အလေးအနက်ထားပြီး နာယူမှတ်သား လေ့ကျင့်ကာ ပညာကို အပတ်တကုတ် ကြိုးစားရန်လိုအပ်ကြောင်း၊ ဆရာ ဆရာမများ၏ အနီးကပ် ပဲ့ပြင်ဆုံးမကြပ်မတ် သင်ကြားပို့ချပေးမှုများအပေါ် နာခံလိုက်နာပြီး လုံ့လဝီရိယထား ကြိုးစားကြမည်ဆိုပါက အောင်မြင်မှုအသီးအပွင့်သည် လက်တစ်ကမ်းမှာသာ ရှိနေမည်ဖြစ်ပါကြောင်း၊ အထူးမှာကြားလိုသည်မှာ ပညာတတ်မှ နိုင်ငံတော်၏အနာဂတ်ကို ကောင်းသည်ထက်ကောင်းအောင် ပုံဖော်နိုင်မည်ဖြစ်၍ ပညာသည်သာ ပထမ၊ ပညာသည်သာ ဒုတိယ၊ ပညာသည်သာ တတိယဆိုသော ရည်မှန်းချက်ထားပြီး ငယ်ရွယ်စဉ်တွင် သင်ယူကြရမည်ဖြစ်ကြောင်း။

ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း မိဘ/ဆရာများ၏ ဆုံးမသွန်သင်ပြုစုမှုကို အလေးဂရုပြု၍ မိမိကိုယ်ကို အမြဲထူးချွန်အောင်၊ လူတော် လူကောင်းတစ်ယောက်ဖြစ်အောင် စဉ်ဆက်မပြတ် ကြိုးစားပြီး မိမိကျွမ်းကျင်ရာနယ်ပယ်တွင် မိမိအကျိုး၊ မိသားစုအကျိုး၊ နိုင်ငံနှင့် ပြည်သူ့အကျိုးများကို သယ်ပိုးထမ်းရွက်နိုင်သည့် သားကောင်း/သမီးမွန်များဖြစ်အောင် အားထုတ်ကြိုးပမ်းသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် အခြေခံပညာသင်ယူကြမည့် မူလတန်းကျောင်းသား ကျောင်းသူ ၁၂၅၀၊ အလယ်တန်းကျောင်းသား ကျောင်းသူ ၇၂၅ ဦး၊ အထက်တန်းကျောင်းသား ကျောင်းသူ ၆၄၇ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၆၂၂ ဦးတို့အတွက် တစ်ဦးလျှင် ကျောင်းဝတ်စုံတစ်စုံ၊ ဗလာစာအုပ်တစ်ဒါဇင်၊ ခဲတံ၊ ဘောပင် တစ်ဒါဇင်ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး စုစုပေါင်းတန်ဖိုးငွေ ၆၂၅၃၅၀၀၀ ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# ၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် တနင်္သာရီတိုင်းဒေသကြီး ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

ထားဝယ် မေ ၂၈

**၂၀၂၅-၂၀၂၆ ပညာသင်နှစ် တနင်္သာရီတိုင်းဒေသကြီး ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ထားဝယ်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းရှိ ပညာ့ဗိမာန်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။**



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းနေအရွယ်ကလေးတိုင်းကို စာတတ်ရုံမျှသာမက မိမိနိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးသည့်စိတ်၊ မိမိနိုင်ငံ၏ ယဉ်ကျေးမှုကို တန်ဖိုးထားထိန်းသိမ်းစိတ်များ ဖြစ်ထွန်းရေးအတွက် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိကြောင်း၊ မိမိတို့၏ရင်သွေးငယ်များ၊ မိမိပတ်ဝန်းကျင်ရှိ ကလေးများ ပညာသင်ယူမှုအခွင့်အရေး မဆုံးရှုံးစေရန်၊ ပညာရေးမဝေးစေရန် "ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ် ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ အချိန်မီ ကျောင်းအပ်နှံကြရန် တာဝန်ရှိသူများအားလုံး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဦးဝင်းနောင်က ကျောင်းအပ်နှံရေးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က ပညာရေးဝန်ကြီးဌာနက ထောက်ပံ့သည့် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း အဆင့်တို့အတွက် ကျောင်းသုံးပုံနှိပ်စာအုပ်များနှင့် ဗလာစာအုပ်များ၊ မူလတန်းအဆင့်အတွက် ကျောင်းဝတ်စုံများ ပေးအပ်ကြသည်။

ယင်းနောက် ဆရာ ဆရာမများက "ကျောင်းအပ်ကြမယ်" သီချင်းဖြင့် လည်းကောင်း၊ ကျောင်းသား ကျောင်းသူများက "ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့" သီချင်းဖြင့် လည်းကောင်း သီဆိုဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရာဂီမုန်တိုင်းကြောင့် ပျက်စီးသွားသော ကျောင်းဆောင်သစ်အား အသစ်ပြန်လည်ဆောက်လုပ်ပြီးစီး၍ ကျောင်းဆောင်သစ် လွှဲပြောင်းလက်ခံခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၂၈**

ယမန်နှစ်က ရာဂီမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအောက်ရှိ မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် အလက(ခွဲ) မြင်းဒိုက်ကျောင်းကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဝန်ထမ်းများ၊ မိသားစုဝင်များနှင့် ပြည်ပ စေတနာရှင်များ၏ စုပေါင်းလှူဒါန်းငွေဖြင့် ပေ (၉၀'x၃၀'x၁၂')ပေ RCC တစ်ထပ် ကျောင်းဆောင်သစ်ကို ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၈ ရက်မှစတင်၍ တာဝန်ယူဆောက်လုပ်ခဲ့ရာ ယခုအခါတွင် ဆောက်လုပ်ပြီးစီးပြီဖြစ်သဖြင့် ကျောင်းဆောင်သစ် လွှဲပြောင်းအပ်နှံခြင်းနှင့် ကမ္ပည်းမော်ကွန်းရေးထိုးခြင်းအခမ်းအနားကို ယနေ့တွင် အလက(ခွဲ) မြင်းဒိုက်ကျောင်း သာစည်မြို့နယ်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ အလက(ခွဲ) မြင်းဒိုက်မှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ သက်ဆိုင်ရာနယ်မြေမှ တာဝန်ရှိသူများနှင့် ကျောင်းဆောက်လုပ်သည့် ကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး အဆိုပါကျောင်းနှင့်ဆက်စပ် စာရွက်စာတမ်းများကို ပညာရေးဝန်ကြီးဌာနသို့ ဆက်လက်လွှဲပြောင်း ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# လှည်းကူးမြို့နယ်နှင့် ဒလမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် မေ ၂၈**

ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့များက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အင်းတိုင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော် သုံးပါးနှင့် ဒေသခံပြည်သူ ၆၀ တို့ကို အဆိုပါကျေးရွာရှိ မင်္ဂလာဗေဒါချုံကျောင်းတိုက်၌ လည်းကောင်း၊ ဒလမြို့နယ် ကျန်စစ်သားရပ်ကွက်နှင့် ပတ်ဝန်းကျင်ရပ်ကွက်များမှ သံဃာတော် ငါးပါးနှင့် ဒေသခံပြည်သူ ၁၆၃ ဦးတို့ကို အဆိုပါရပ်ကွက်ရှိ အောင်တော်မူကျောင်းတိုက်၌ လည်းကောင်း ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက သံဃာတော်များနှင့် ဒေသခံပြည်သူများအား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်း ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အင်းတိုင်တပ်နယ်နှင့် ဒလတပ်နယ် တို့မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လွန်လွန်ကြူးကြူး ရူးမူးကြသူများ

**ဒီဘက်ခေတ်မှာ "လွန်လွန်ကြူးကြူးရူးမူးကြသူတွေ" ဆိုတဲ့စကားလုံးကို နိုင်ငံရေးစကားစစ်ထိုးပွဲတွေမှာ၊ အထူးသဖြင့် အမေရိကန်နိုင်ငံရေးနယ်ပယ်မှာ မကြာခဏကြားနေရတယ်။ မြန်မာနိုင်ငံကတော့ ဒီလူတွေအကြောင်း ကောင်းကောင်းသိတာပေါ့။ သူတို့က မြန်မာ့ပြည်တွင်းရေးမှာ ဆယ်စုနှစ်ပေါင်းများစွာ ဝင်ရောက်စွက်ဖက်နေခဲ့ကြတာလေ။**


နေမဝင်အင်ပါယာကြီး ဟိုးနှစ်ပေါင်းများစွာကတည်းက နေဝင်သွားခဲ့ပြီဆိုတာကို ဘယ်တော့မှ လက်မခံနိုင်တဲ့ မူလလက်ဟောင်း ကိုလိုနီဝါဒီက အရိုးစွဲအောင် ရူးသူတစ်ယောက်ရှိခဲ့ဖူးတယ်။ သူတို့က မြန်မာနိုင်ငံကနေ မထွက်ခွာခင်မှာ နိုင်ငံကို တစ်စစီခွဲဖို့ ကြိုးစားခဲ့ကြပေမယ့် မအောင်မြင်ခဲ့ဘူး။ (လွန်ခဲ့တဲ့ နှစ် ၈၀ က အိန္ဒိယမြေပုံက အခုနဲ့ မတူဘူးဆိုတာ လူတွေမမေ့သင့်ဘူးနော်။ ဘယ်သူတွေလုပ်ခဲ့တာလဲဆိုတာ စဉ်းစား။)

သူတို့ရဲ့ ဇွဲ၊ လုံ့လကိုတော့ ချီးကျူးရမှာပါ။ သူတို့က နှစ်ပေါင်း ၈၀ ကျော်ကြာတဲ့အထိ မြန်မာနိုင်ငံကို ဆက်ပြီး တစ်စစီဖြိုဖို့၊ ခွဲဖို့ ကြိုးစားနေကြတုန်းလေ။

မြန်မာ့အိမ်နီးချင်းနိုင်ငံတွေ၊ ဒေသတွင်းမိတ်ဆွေနိုင်ငံတွေနဲ့ နိုင်ငံတကာအသိုက်အဝန်းအနေနဲ့ မြန်မာနိုင်ငံ ပြိုကွဲတာဟာ "သူတို့"၊ "သွေးခွဲ–အုပ်ချုပ်"ခဲ့တဲ့ သူတို့အတွက်ကလွဲလို့ ဘယ်သူ့အတွက်မှ အကျိုးမရှိဘူးဆိုတာ သတိထားကြသင့်တယ်။

နယူးယောက်နဲ့ ဂျီနီဗာက ဆင်စွယ်နန်းတော်တွေထဲက လွန်လွန်ကြူးကြူးရူးမူးကြသူတွေလည်း ရှိသေးတယ်။ အထက်တန်းအဆင့်နဲ့ ခရီးသွားလာရတာတွေရယ်၊ စည်းစိမ်အပြည့်နေရာတွေမှာ ဇိမ်ခံရတာတွေရဲ့ အရသာရယ်ကို တစ်ကြိမ်တစ်ခါ မြည်းစမ်းပြီးတာနဲ့ သူတို့အတွက် လက်လွှတ်ဖို့ ခက်ခဲသွားတော့တာပေါ့။ အဲဒီ အနီရောင်နိုင်ငံကူးလက်မှတ်(red passport)က လူကိုစွဲလမ်းစေတယ်။ အဲဒါက သီးသန့်သတ်မှတ်ပေးထားတဲ့ လူဝင်မှုကြီးကြပ်ရေးလမ်းကြောင်းတွေကနေ ဖြတ်သန်းသွားနိုင်တယ်လေ။ ဒီလူတွေဟာ သူတို့ရဲ့ အတိုကောက်နာမည်တွေမှာတောင် SAC ကို ထည့်သုံးကြတယ်။ သူတို့ရဲ့ဝက်ဘ်ဆိုက်ကိုကြည့်လိုက်ရင် "former" (ယခင်)ဆိုတာတွေချည်းပဲ တွေ့ရတယ်။ "current" (လက်ရှိ) ဆိုတာ တစ်ယောက်မှမပါဘူး။ ဒါတွေအားလုံးက"ခေတ်ဆွေးအိုပယ်" (has–beens)တွေပဲ။

အရင်က နာမည်ကြီးခဲ့ပေမယ့် အခုတော့ ခေတ်ကုန်သွားသူတွေပါ။ သူတို့ကို ဘယ်သူက အခွင့်အာဏာပေးထားတာလဲ။ အငြိမ်းစားယူပြီးနောက် အိမ်မှာ လက်ဖက်ရည်ကြမ်းသောက်ရင်း ထိုင်နေရတာက ပျင်းဖို့ကောင်းမှာပေါ့။ ဂျီနီဗာက ဝိုင်ကောင်းကောင်းတွေကို စွန့်လွှတ်ရတာက ခက်တယ်လေ။ သူတို့ကိုယ်သူတို့ "ဖြောင့်မှန်တယ်" (righteous) လို့ ဘဝင်မြင့်ဖို့လည်း လိုအပ်သေးသပေါ့။ ဒီလူတွေဟာ လန်ဒန်၊ ပါရီ၊ ဂျီနီဗာ ဒါမှမဟုတ် နယူးယောက်မြို့ လမ်းမပေါ်လျှောက်သွားရင် သူတို့ဘယ်သူလဲဆိုတာကို ဘယ်သူမှမသိကြဘူး။ ကိုယ့်ဘာသာ လမ်းထောင့်ဆိုင်လေးမှာ သွားစား၊ သွားဝယ်ကြရတယ်။ ဒါပေမယ့် ကမ္ဘာ့တောင်ပိုင်းက ဆင်းရဲတဲ့နိုင်ငံတွေဆီ ရောက်ရင်တော့ လုံခြုံရေးအစောင့်တွေ၊ ယာဉ်မောင်းတွေ၊


28 MAY 2025
www.gnlm.com.mm
THE GLOBAL NEW LIGHT OF MYANMAR

Radical Lunatics

By Kyaw Myint Tun (Paris)

NOWADAYS, "Radical Lunatics" is an expression often heard of in the political arena, especially in American politics!

Myanmar knows about radical lunatics very well! They have been interfering in Myanmar's internal affairs for decades!

There is an original colonial lunatic, who has never gotten over the fact that the sun set on the empire long, long ago! They tried to disintegrate the country before they left, but failed! (People should not forget the map of India was not the same 80 years ago! Who could have done that??)

Give them credit for perseverance. They have continued to try to break apart Myanmar for more than 8 decades! Myanmar's immediate neighbours, regional friends and the international community should be aware that the disintegration of Myanmar is not in the interest of anyone, except THEM!!! Divide and conquer!!!

There are also radical lunatics in the Ivory Towers in New York and Geneva!

Once they taste upper-class travel and luxury accommodation, it's hard to let go. That red passport is addictive! They can pass through designated immigration lines! These radical lunatics even adopted SAC as their acronym! Look at their website, it's all "former" this, "former" that! None is "current"! These are all "has been"! Who gives them the mandate? It must be boring sitting at home in retirement sipping green tea. Fine wine in Geneva is hard to let go! They need to feel righteous! These are the people who walk down the street in London, Paris, Geneva or New York, no one knows who they are, go to corner deli on their own, but in poor countries in the global south, they get multiple security details, drivers, maids!!! These "perks" are difficult to let go. That's why these people can't fade away. They hang around for potential next appointment. Just keep the name afloat! It's all about themselves! They and their big Uncles and Aunts ran the fraudulent policies for decades under the pretence of "democracy", bullying poor countries in the global south. But international politics have drastically shifted in the last few weeks alone.

Perhaps these SAC "has been" live, breathe and sleep thinking about Nay Pyi Taw! Such an affection!! They have nothing else to do!

If someone really looks into each one of them, as was done to the Distinguished Prosecutor, there are skeletons in the closet for every one of them. None of them would escape the real scrutiny. These so-called investigators should be investigated.

The Distinguished Prosecutor was happily handing out arrest warrants to world leaders. Leaders who determine the stability of the world. But the cards fell apart once someone looked into his conduct. It didn't take much at all. These are some of the sleaziest people in the world! Their Supremo in the Ivory Tower in New York remained quiet, and never called the so-called Prosecutor to step aside or resign.

Talk about Prosecutors and Judges, one of them has been indicted and sentenced for modern slavery (slavery of all things!!!), in London, for forcing a young woman to work as a domestic servant. Not a word of condemnation from the self-righteous Supremo and his cohorts in the Ivory Tower in New York and Geneva. These are champions of pointing fingers at others, except when it comes to their own.

Then there are radical lunatics in that famous room in Geneva, where rot is dripping from the ceiling. The so-called "Rapporteur" lobs grenades from Washington DC. Only a corrupt system would appoint a person of the wrong nationality. Would Russia and China trust this person from a certain country? No!!! They don't think rationally, because they don't have the desire to help solve the issues facing the country. Once his term is up, he can join that self-appointed SAC group.

How's the Envoy doing these days!!! Creating trips to justify the meaningless job must be fun. They make trips, issue statements. That has been their strategy for decades to justify their appointment. Not a single one of them has achieved a single thing.

These radical lunatics should be swept away together with rapidly changing global politics. They had their time, but their time is up! Au Revoir.

(The views and opinions expressed in this article are those of the author.)

**❖ နယူးယောက်နဲ့ ဂျီနီဗာက ဆင်စွယ်နန်းတော်တွေထဲက လွန်လွန်ကြူးကြူးရူးမူးကြသူတွေလည်း ရှိသေးတယ်။ အထက်တန်းအဆင့်နဲ့ ခရီးသွားလာရတာတွေရယ်၊ စည်းစိမ်အပြည့်နေရာတွေမှာ ဇိမ်ခံရတာတွေရဲ့အရသာရယ်ကို တစ်ကြိမ်တစ်ခါ မြည်းစမ်းပြီးတာနဲ့ သူတို့အတွက် လက်လွှတ်ဖို့ ခက်ခဲသွားတော့တာပေါ့။ အဲဒီ အနီရောင်နိုင်ငံကူးလက်မှတ် (red passport) က လူကို စွဲလမ်းစေတယ်။**

အိမ်ဖော်တွေ အများကြီးနဲ့ နေကြရတယ်။

ဒီလို **"အထူးအခွင့်အရေး"** တွေကို လက်လွှတ်ဖို့ ခက်တာကြောင့်ပဲ ဒီလူတွေ ပျောက်ကွယ်မသွားနိုင်ကြတာ။ နောက်ထပ် ရာထူးနေရာတစ်ခုခုရဦးမလားဆိုပြီး ရစ်သီရစ်သီလုပ်နေကြတယ်။ သူ့ကိုယ်သူဖော်မသူတော်လုပ်နေကြရတာတွေအားလုံးက သူတို့ကိုယ်တိုင်အတွက်ပါပဲ။ သူတို့နဲ့ သူတို့ရဲ့ အန်ကယ်ကြီး၊ အန်တီကြီးတွေဟာ "ဒီမိုကရေစီ" ဆိုတဲ့ ခေါင်းစဉ်အောက်မှာ ဆယ်စုနှစ်ပေါင်းများစွာ လိမ်လည်လှည့်ဖြားတဲ့ မူဝါဒတွေကို ကျင့်သုံးခဲ့ကြတယ်။ ကမ္ဘာ့တောင်ပိုင်းက ဆင်းရဲပြီး ဖွံ့ဖြိုးမှုနည်းပါးတဲ့နိုင်ငံတွေကို အနိုင်ကျင့်ခဲ့ကြတယ်။ ဒါပေမယ့် ကမ္ဘာ့နိုင်ငံရေးကတော့ လွန်ခဲ့တဲ့ရက်သတ္တပတ်အနည်းငယ်အတွင်းမှာပဲ သိသိသာသာကို ပြောင်းလဲသွားပါပြီ။

ဒီစပယ်ရှယ်အကြံပေး SAC "ခေတ်ဆွေးကြီး" (SAC "has–beens") က နေပြည်တော်အကြောင်းပဲ မအိပ်နိုင်မစားနိုင် ထိုင်တွေးနေကြပုံရတယ်။ တော်တော်လေး ချစ်ပုံရတယ်နော်။ တခြားလုပ်စရာဘာမှမရှိကြဘူးထင်ပါ့။ ဂုဏ်သရေရှိ ရှေ့နေချုပ်ကြီး(Distinguished Prosecutor) ကို စုံစမ်းစစ်ဆေးမှု လုပ်ခဲ့သလိုမျိုး သူတို့တစ်ယောက်ချင်းစီကို တကယ်တမ်း အသေးစိတ် စုံစမ်းစစ်ဆေးကြည့်မယ်ဆိုရင် သူတို့တစ်ယောက်ချင်းစီမှာ ဖုံးကွယ်ထားတဲ့ လျှို့ဝှက်ချက်တွေ ရှိကြတယ်ဆိုတာ တွေ့ရမှာပါ။ ဘယ်သူမှ တကယ့်စစ်ဆေးမှုကနေ ရှောင်လွှဲနိုင်မှာမဟုတ်ဘူး။ အဲဒီ **"စုံစမ်းစစ်ဆေးသူတွေ"**လို့ ဆိုတဲ့ သူတွေကို ပြန်ပြီး စုံစမ်းစစ်ဆေးသင့်ပါတယ်။

ဂုဏ်သရေရှိ ရှေ့နေချုပ်ကြီးက ကမ္ဘာ့တည်ငြိမ်ရေးကို ဆုံးဖြတ်ပေးနေတဲ့ ကမ္ဘာ့ခေါင်းဆောင်တွေကို ဖမ်းဝရမ်းတွေ ပျော်ပျော်ကြီး ထုတ်ပေးခဲ့တာ။ ဒါပေမယ့် တစ်စုံတစ်ယောက်က သူ့ရဲ့ပြုမူလုပ်ဆောင်ချက်တွေကို စစ်ဆေးလိုက်တာနဲ့တစ်ပြိုင်နက်တည်း ရှိသမျှဂုဏ်သရေတွေအားလုံး ပြိုလဲသွားပါလေရော။ သိပ်ပြီးတောင် မလုပ်လိုက်ရပါဘူး။ ဒီလူတွေဟာ ကမ္ဘာပေါ်မှာ အညစ်စုတ်ဆုံးလူတွေထဲက တချို့ပဲ။ နယူးယောက် ဆင်စွယ်နန်းတော်ထဲက သူတို့ရဲ့ Supremo (အကြီးအကဲ) ကတော့ ပါးစပ်ပိတ်နေတယ်။ ဒီလိုရှေ့နေချုပ်ဆိုသူကို ရာထူးက နုတ်ထွက်ပေးဖို့ နည်းနည်းလေးတောင် မတောင်းဆိုခဲ့ဘူး။

ရှေ့နေချုပ်တွေနဲ့ တရားသူကြီးတွေအကြောင်းပြောရရင် သူတို့ထဲက တစ်ယောက်က လန်ဒန်မှာ အမျိုးသမီးငယ်တစ်ဦးကို အိမ်ဖော်အဖြစ် အတင်းအကျပ်ခိုင်းစေမှု တစ်နည်းအားဖြင့် ခေတ်သစ်ကျွန်ပြုမှု (ကိစ္စအားလုံးမှာ ကျွန်ပြုတာမျိုး)နဲ့ စွဲချက်တင်ခံရပြီး ပြစ်ဒဏ်ချမှတ်ခံခဲ့ရတယ်။ ဒါပေမယ့် နယူးယောက်နဲ့ ဂျီနီဗာက ဆင်စွယ်နန်းတော်ထဲက ကိုယ့်ကိုယ်ကိုယ် **"ဖြောင့်မှန်တယ်"**လို့ ထင်နေတဲ့ Supremo နဲ့ သူ့ရဲ့အပေါင်းပါတွေဆီက ပြစ်တင်ရှုတ်ချတဲ့စကား တစ်ခွန်းတစ်ပါဒမှ မကြားခဲ့ရဘူး။ တခြားသူတွေကို လက်ညှိုးထိုးတဲ့နေရာမှာ ချန်ပီယံတွေက သူတို့ကိုယ်တိုင်နဲ့ ပတ်သက်လာရင်တော့ ချန်ပီယံမဖြစ်ကြဘူးပေါ့။

ဒါ့အပြင် ဂျီနီဗာက နာမည်ကြီး အပုပ်နံ့တထောင်းထောင်းထနေတဲ့ အခန်းထဲမှာလည်း လွန်လွန်ကြူးကြူးရူးမူးနေသူတွေ ရှိပါသေးတယ်။ "Rapporteur" အထူးအစီရင်ခံစာတင်သွင်းသူဆိုတဲ့သူက ဝါရှင်တန်ဒီစီကနေ လက်ပစ်ဗုံးတွေ ပစ်နေတယ်။ အဂတိမကင်းတဲ့ စနစ်တစ်ခုကသာ မှားယွင်းတဲ့ နိုင်ငံသားတစ်ယောက်ကို ခန့်အပ်မှာပဲ။ ရုရှားနဲ့တရုတ်က ဒီလူကို ယုံကြည်ကြပါ့မလား။ လုံးဝမယုံကြည်ကြဘူး။ စိတ်မမှန်သူတွေက ဆင်ခြင်တုံတရားနဲ့ မစဉ်းစားကြဘူး။ ဘာလို့လဲဆိုတော့ နိုင်ငံတစ်နိုင်ငံ ရင်ဆိုင်နေရတဲ့ပြဿနာတွေကို ကူညီဖြေရှင်းဖို့ သူတို့မှာ တကယ်ပဲ စိတ်ဆန္ဒမရှိလို့ပါ။ သူ့ရဲ့တာဝန်သက်တမ်းကုန်သွားတာနဲ့ အဲဒီကိုယ်တိုင်ခန့်အပ်ထားတဲ့ SAC အဖွဲ့ထဲကို ဝင်ရောက်နိုင်ပါလိမ့်မယ်။

ဒီရက်ပိုင်း အထူးကိုယ်စားလှယ်ဆိုသူကြီးရော ဘယ်လိုနေလဲမသိဘူးနော်။ အဓိပ္ပာယ်မရှိတဲ့ အလုပ်တစ်ခုအတွက် ခရီးစဉ်တွေဖန်တီးရတာ ပျော်စရာကောင်းမှာပဲ။ သူတို့က ခရီးတွေထွက်ကြတယ်။ ထုတ်ပြန်ချက်တွေ ထုတ်ကြတယ်။ ဒါက သူတို့ ခန့်အပ်ခံရတာကို ဆီလျော်ပါတယ်လို့ ပြနိုင်အောင်လုပ်ဖို့ ဆယ်စုနှစ်များစွာ ကျင့်သုံးခဲ့တဲ့ နည်းဗျူဟာဆိုပဲ။ သူတို့ထဲက တစ်ယောက်တလေမှ အရေးကိစ္စတစ်ခုလေးတောင် မအောင်မြင်ခဲ့ဘူး။

ဒီလွန်လွန်ကြူးကြူးရူးမူးနေသူတွေကို ကမ္ဘာ့နိုင်ငံရေးရဲ့ လျင်မြန်လှတဲ့ အပြောင်းအလဲတွေနဲ့အတူ အကုန်လုံး လှဲကျင်းဖယ်ရှားပစ်သင့်ပါပြီ။ သူတို့အတွက် အချိန်ရှိခဲ့ဖူးတယ်၊ ဒါပေမယ့် အဲဒီအချိန်က ကုန်ဆုံးသွားပါပြီ။ သူတို့ခေတ်ကုန်ပြီ၊ တော်လောက်ပြီ!

Au revoir! (သွားလေဦးတော့လို့ နှုတ်ဆက်လိုက်ပါတယ်)။

**❒ ဒီလွန်လွန်ကြူးကြူးရူးမူးနေသူတွေကို ကမ္ဘာ့နိုင်ငံရေးရဲ့ လျင်မြန်လှတဲ့ အပြောင်းအလဲတွေနဲ့အတူ အကုန်လုံး လှဲကျင်းဖယ်ရှားပစ်သင့်ပါပြီ။ သူတို့အတွက် အချိန်ရှိခဲ့ဖူးတယ်၊ ဒါပေမယ့် အဲဒီအချိန်က ကုန်ဆုံးသွားပါပြီ။ သူတို့ခေတ်ကုန်ပြီ၊ တော်လောက်ပြီ!**

(ဤဆောင်းပါးပါ အမြင်များနှင့် ထင်မြင်ယူဆချက်များသည် စာရေးသူ၏ အမြင်များနှင့် ထင်မြင်ယူဆချက်များသာ ဖြစ်ပါသည်။ )

(၂၈–၅–၂၀၂၅ ရက်နေ့ထုတ် The Global New Light of Myanmar သတင်းစာပါ ဆောင်းပါးရှင် Kyaw Myint Tun (Paris) ၏ Radical Lunatics ဆောင်းပါးကို ဆီလျော်အောင် ဘာသာပြန်ဆိုထားပါသည်။)

# သီတဂူစက္ခုဒါနဆေးရုံတော် (ရန်ကုန်)သို့ ဗီယက်နမ်ဗုဒ္ဓဘာသာသာသနာပြုအဖွဲ့က ငွေကျပ် သိန်းတစ်ထောင် လာရောက်လှူဒါန်း

ရန်ကုန် မေ ၂၈

**သောဋ္ဌသမ ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဒေါက်တာ အရှင်ဉာဏိဿရ သီတဂူဆရာတော်ကြီးထံသို့ ဩစတေးလျနိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့၌ သာသနာပြုနေသည့် ဆရာတော် VEN. THICH POUOC TAN ဦးဆောင်သော ဗီယက်နမ် ဗုဒ္ဓဘာသာသာသနာပြုအဖွဲ့က စက္ခုဒါနအလှူအဖြစ် ငွေကျပ်သိန်းတစ်ထောင်ကို ယနေ့လာရောက်လှူဒါန်းသည်။**

သီတဂူဆရာတော်ကြီးက ဗီယက်နမ်ဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့အား စက္ခုဒါန အလှူတော်အကြောင်းအရာများ၊ သာသနာပြုလုပ်ငန်းဆောင်ရွက်ချက်များနှင့် မြန်မာနိုင်ငံတွင် ငလျင်ဒဏ်သင့်ဒေသများ၌ သာသနိကအဆောက်အအုံများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းမိန့်ကြားသည်။

ယင်းနောက် ဗီယက်နမ် ဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့က လာရောက်လှူဒါန်းခွင့်ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ဆက်လက်၍လည်း မြန်မာနိုင်ငံ၏ ဗုဒ္ဓသာသနာတော်အတွက် လိုအပ်သည့်နေရာများတွင် လှူဒါန်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လျှောက်ထားသည်။

ဆက်လက်၍ သီတဂူဆရာတော်ကြီး က နဝကမ္မ လှူဒါန်းမှုအတွက် သာဓုအနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်သည်။

ထို့နောက် ဗီယက်နမ် ဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့က သီတဂူစက္ခုဒါနဆေးရုံတွင် မျက်စိခွဲစိတ်ကုသမှုခံယူနေသော မျက်စိဝေဒနာရှင်များအား လှူဒါန်းငွေများနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ပြီး အားပေးစကား ပြောကြားသည်။




အဆိုပါ ဗီယက်နမ် ဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့သည် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်စာသင်တိုက်များနှင့် သာသနိကအဆောက်အအုံများ ပြုပြင်ရန်အတွက် သီတဂူဆရာတော်ကြီး ဦးဆောင်မှုနှင့်အတူ သွားရောက်လှူဒါန်းမည်ဖြစ်ပြီး ငလျင်ဒဏ်သင့် ဒေသခံပြည်သူများအတွက်လည်း ကူညီလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း စက်မှုကျွမ်းကျင် (၁)နှစ်သင်တန်း အမှတ်စဉ်(၁၅) သင်တန်းဖွင့်ပွဲနှင့် စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ (၁/၂၀၂၅ - ၂၀၂၆) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေး တက်ရောက်

နေပြည်တော် မေ ၂၈

စက်မှုကျွမ်းကျင် (၁)နှစ်သင်တန်း အမှတ်စဉ်(၁၅) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်ရှိ အမှတ်(၃) စက်မှုသင်တန်းကျောင်း (သာဂရ)၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ အထွေထွေမန်နေဂျာတို့သည် ရုံးအမှတ်(၃၀)၊ အစည်းအဝေးခန်းမမှ Virtual စနစ်ဖြင့် တက်ရောက်၍ အခမ်းအနားသို့ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ စက်မှုဝန်ကြီးဌာနမှ အရာထမ်း/အမှုထမ်းများ၊ သင်တန်းနည်းပြ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်သည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော စက်မှုကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်၍ စက်မှုဝန်ကြီးဌာနအောက်တွင် စက်မှုသင်တန်းကျောင်း ရှစ်ကျောင်းကို တည်ထောင် ဖွင့်လှစ်ထားပြီး သင်တန်းသုံးမျိုးဖြစ်သော စက်မှုကျွမ်းကျင် (၁)နှစ်/(၂)နှစ် သင်တန်း၊ ကျွမ်းကျင်မှုအခြေပြု ကာလတိုသုံးလသင်တန်း၊ စက်မှုနှင့် သက်မွေးပညာရွှေ့လျားနှစ်ပတ်သင်တန်းတို့ကို ဘဏ္ဍာရေးနှစ်အလိုက် နှစ်စဉ်ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း။

အမှတ်(၃) စက်မှုသင်တန်းကျောင်း (သာဂရ)မှ မွေးထုတ်ပေးလိုက်သည့်သင်တန်းဆင်း သင်တန်းသား သင်တန်းသူများမှ သင်တန်းဆင်းလက်မှတ်ချီးမြှင့်ခံရသူများကို မိမိတို့ဝန်ကြီးဌာနလက်အောက်ရှိ စက်ရုံများနှင့် အခြားဝန်ကြီးဌာနများ၊ စက်မှုဇုန်များ၊ ပုဂ္ဂလိကကုမ္ပဏီများနှင့် ဆက်သွယ်ပြီး အလုပ်အကိုင်ရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ယခု အမှတ်စဉ် (၁၅)တွင် သင်တန်းသား ၃၇ ဦးကို စာတွေ့ ၃၀ ရာခိုင်နှုန်း၊ လက်တွေ့ ၅၀ ရာခိုင်နှုန်းဖြင့် မေ ၂၈ ရက်မှ ၂၀၂၆ ခုနှစ် ဧပြီ ၁၀ ရက်ထိ တစ်နှစ်ကြာ ဖွင့်လှစ်သင်ကြား လေ့ကျင့်ပေးသွားမည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ (၁/၂၀၂၅-၂၀၂၆)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမ၌ကျင်းပရာ **(အပေါ်ပုံ)** စက်ပစ္စည်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ကော်မတီအဖွဲ့ဝင် ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်သည်။

ဦးစွာ စက်ပစ္စည်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးက ယခုအစည်းအဝေးသည် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် အင်အားပြင်းထန်သည် ငလျင်ကြီးကြောင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများရှိ ထိခိုက်ပျက်စီးခဲ့သည့် စက်ပစ္စည်းများအား ပြန်လည်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ညှိနှိုင်းဆွေးနွေးရန်ဖြစ်ကြောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ သဘာဝဘေးအန္တရာယ်နှင့် အကြောင်းအမျိုးမျိုးကြောင့် ဆုံးရှုံးသွားသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ ရေယာဉ်၊ လေယာဉ်၊ မီးရထားစက်ခေါင်း၊ မီးရထားတွဲ၊ စက်ကြီး/ယန္တရားများနှင့် စက်ပစ္စည်းများကို ဌာနပိုင်စာရင်းမှ ပယ်ဖျက်နိုင်ရေးအတွက် လုပ်ငန်းစဉ်များ၊ သဘာဝဘေးအန္တရာယ်နှင့် အကြောင်းအမျိုးမျိုးကြောင့် ဆုံးရှုံးသွားသော (သို့မဟုတ်) ပြုပြင်သုံးစွဲရန် မသင့်အဆင့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း၊ ရုံးသုံးစက်ပစ္စည်းများနှင့် ရုံးသုံးပရိဘောဂများကို တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချ ပြီး (သို့မဟုတ်) ဖျက်ဆီးပြီး ဌာနပိုင်စာရင်းမှ ပယ်ဖျက်နိုင်ရေးအတွက် လုပ်ငန်းစဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ရုံးသုံးစက်ပစ္စည်းများ၏ ပြင်ဆင်ထိန်းသိမ်းစရိတ်များနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်များကို ထုတ်ပြန်ထားရှိပြီးဖြစ်ကြောင်း။

အဆိုပါညွှန်ကြားချက်များတွင် ပါဝင်ခြင်းမရှိသည့် အခြားစက်ပစ္စည်းများ ပြင်ဆင်ထိန်းသိမ်းခြင်းအတွက် ညွှန်ကြားချက်များ ထုတ်ပြန်နိုင်ရန် ယခုအစည်းအဝေးတွင် ညှိနှိုင်းဆွေးနွေးရန်ဖြစ်ကြောင်း၊ ဌာနအသီးသီးက မိမိတို့ဝန်ကြီးဌာန၏ လုပ်ငန်းသဘာဝအလိုက် စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့် (SOP)များ ရေးဆွဲနိုင်ရေး ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ငလျင်ဇုန်များတွင် စက်ရုံ၊ အလုပ်ရုံများ တည်ဆောက်၍ စက်ပစ္စည်းကိရိယာများ တပ်ဆင်မည်ဆိုပါက ငလျင်ဒဏ်ခံဒီဇိုင်း၊ ငလျင်ကြောင့် ဖြစ်ပေါ်လာသည့် သက်ရောက်မှုအားများကို ထိန်းချုပ်နိုင်ရေး ဆောင်ရွက်သင့်သည့်အချက်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသည့် ကော်မတီအဖွဲ့ဝင်များ၊ ဝန်ကြီးဌာနကိုယ်စားလှယ်များက အင်အားပြင်းထန်သည့် ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဌာနဆိုင်ရာစက်ပစ္စည်းများ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို ဝိုင်းဝန်းအကြံပြုညှိနှိုင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဝေါမြို့နယ်၌ ကျောင်းအပ်နှံရေးနေ့ကျင်းပ

ဝေါ မေ ၂၈

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေး အခမ်းအနားကို ယမန်နေ့က အထက (ဝေါ) ကျောင်း သီရိဇေယျာခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးကြည်စိုးက အမှာစကား ပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးကြည်ဝင်းက ပညာရေးဝန်ကြီးဌာနမှ ပေးအပ်သော အခမဲ့ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်များကို မြို့နယ်ပညာရေးမှူးထံ ပေးအပ်သည်။ ထို့နောက်မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ကျောင်းသားကျောင်းသူများအား ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာအုပ်များ ပေးအပ်ခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးသည် အခြေခံအုတ်မြစ်ဖြစ် ပညာတတ်လူသားအရင်းအမြစ်ကောင်းများကို မဖြစ်မနေ မွေးထုတ်ပေးကြရမည်

**နေပြည်တော် မေ ၂၈**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃) ရှိ အစည်းအဝေးခန်းမ၌ တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တက္ကသိုလ်ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးသည် အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ ပညာတတ်လူသားအရင်းအမြစ်ကောင်းများကို မဖြစ်မနေ မွေးထုတ်ပေးကြရမည်ဖြစ်ပြီး ပညာတတ်များရှိမှသာလျှင် နိုင်ငံ့အနာဂတ်အတွက် စိတ်ချရမည်ဖြစ်ကြောင်း၊ မိမိတပည့်များကို စာတတ်စေရန်၊ လိမ္မာယဉ်ကျေးမှုရှိစေရန်၊ စည်းကမ်းရှိစေရန်၊ နိုင်ငံတော်ကိုချစ်မြတ်နိုးစေရန် ပျိုးထောင်ပေးကြစေလိုကြောင်း၊ ပညာရေးဝန်ထမ်းများအားလုံး ပါတီနိုင်ငံရေးကင်းရှင်းကြရန်နှင့် ပါတီနိုင်ငံရေးကင်းရှင်းသည့် စီမံအုပ်ချုပ်ရေးဖြစ်ရန်လိုအပ်ကြောင်း၊ ပညာရေးဝန်ကြီးဌာန၏ အခါအားလျော်စွာ ထုတ်ပြန်သည့်ညွှန်ကြားချက်များကို အလေးထားလိုက်နာဆောင်ရွက်ကြရန်နှင့် ဆရာ ဆရာမဂုဏ်သိက္ခာကို တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်ကြစေလိုကြောင်း၊ ပညာရေးအရည်အသွေးဖွံ့ဖြိုးတိုးတက်စေရေး၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းသို့ရောက်ရှိစေရေးနှင့် တန်းစဉ်ကူးပြောင်းမှုနှုန်း မြင့်မားစေရေးတို့အတွက် အားလုံးက ညီညီညွတ်ညွတ် ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ဆရာ ဆရာမများ၏ ဘာသာရပ်ကျွမ်းကျင်မှု၊ သင်ပြနည်းမှန်ကန်မှုအရည်အသွေးများ မြှင့်တင်ပေးမည့်နည်းလမ်းများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က အတန်းစဉ်ကူးပြောင်းမှုနှုန်းမြင့်မားရေး၊ ကျောင်းနေနှုန်းမြင့်မားရေး၊ ပညာရေးဆိုင်ရာ စာရင်းဒေတာ၊ အချက်အလက်များ စနစ်တကျစီမံဆောင်ရွက်ရေး၊ နွေးထွေးစွာ ဆက်ဆံရေးဆိုင်ရာများကို လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ဆရာအတတ်ပညာဦးစီးဌာနတို့မှ တာဝန်ရှိသူများက ဦးစီးဌာနများ၊ တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများနှင့် ပညာရေးဒီဂရီကောလိပ်ကျောင်းများတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။**သတင်းစဉ်**

# AHA Centre ၏ ညှိနှိုင်းပေါင်းစပ်ပေးမှုဖြင့် အလှူရှင်နိုင်ငံများမှ လှူဒါန်းသည့် ယာယီစာသင်ကျောင်းဆောင် အဆောင် ၂၀ လွှဲပြောင်းပေးအပ်

**နေပြည်တော် မေ ၂၈**

မန္တလေးငလျင်ဘေးသင့်ဒေသများအတွက် AHA Centre မှတစ်ဆင့် အလှူရှင်နိုင်ငံများက လှူဒါန်းထားသော အသင့်တပ်ဆင်အသုံးပြုနိုင်သည့် ယာယီစာသင်ကျောင်းဆောင်များ (Prefabricated Schools) လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ AHA Centre ၏ အမှုဆောင်ညွှန်ကြားရေးမှူး Mr. Lee Yam Ming ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် AHA Centre မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

၂၀၂၅-၂၀၂၆ ပညာသင်နှစ် အတွက် ဇွန်လပထမပတ်အတွင်း ကျောင်းများ အချိန်မီပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ ကလေးများ အမိုးအကာအောက်တွင် လုံခြုံအေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် AHA Centre ၏ ညှိနှိုင်းပေါင်းစပ်ပေးမှုဖြင့် အလှူရှင်နိုင်ငံများမှ လှူဒါန်းသည့် ယာယီစာသင်ကျောင်းဆောင် အဆောင် ၂၀ ကို နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ငါးဆောင်စီ တည်ဆောက်ပေးသွားမည်ဖြစ်သည်။




ယာယီစာသင်ကျောင်းဆောင် လွှဲပြောင်းပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး AHA Centre ၏ အမှုဆောင်ညွှန်ကြားရေးမှူး Mr. Lee Yam Ming က ယာယီစာသင်ကျောင်းဆောင်များကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးတို့ထံသို့ လွှဲပြောင်းပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမင်းမင်း မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီအစည်းအဝေး ၃/၂၀၂၅ တက်ရောက်

**နေပြည်တော် မေ ၂၈**

မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီ အစည်းအဝေး ၃/၂၀၂၅ ကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ရုံးအမှတ် - ၃ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ - ၁ ၌ ကျင်းပသည်။



အစည်းအဝေးတွင် မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမင်းမင်းက မူပိုင်ခွင့်ဆိုင်ရာ နည်းဥပဒေအရ လုပ်ငန်းအဖွဲ့အစည်းများ ဖွဲ့စည်းရေးနှင့် ပတ်သက်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီအဖွဲ့ဝင်များအနေဖြင့် မူပိုင်ခွင့်ဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်ရန် လိုအပ်သည့်အတွက် လက်တွေ့ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်(Manual)ကို လက်စွဲစာအုပ်အဖြစ် ပြုစုနေပြီဖြစ်ပါကြောင်း၊ မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များ လျှောက်ထားခြင်းများ၊ စစ်ဆေးခြင်းများနှင့် စပ်လျဉ်း၍ အေဂျင်စီအဖွဲ့ဝင်များသို့ အသိပညာပေး ရှင်းလင်းတင်ပြခြင်း အစီအစဉ်များကို ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိပါကြောင်း၊ လိုအပ်နေသည့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့် ပညာရှင်နှင့် တီထွင်မှုမူပိုင်ခွင့် ပညာရှင်များ ရရှိနိုင်ရေးအတွက်လည်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်းနှင့် မူပိုင်ခွင့်ဆိုင်ရာ ဗဟိုကော်မတီက တာဝန်ပေးအပ်သော လုပ်ငန်းများနှင့် ဆုံးဖြတ်ချက်များကို အေဂျင်စီအဖွဲ့ဝင်များအနေဖြင့် ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် အေဂျင်စီအဖွဲ့ဝင်များ၊ မူပိုင်ခွင့်ပညာရှင်များနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြရာ မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

မန်ချက်စတာယူနိုက်တက်အသင်းနှင့် ခြေစမ်းကစားရန် အာဆီယံဘောလုံးအဖွဲ့ချုပ်သည် အဖွဲ့ဝင် ၁၂ နိုင်ငံမှ ကစားသမားများဖြင့် ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် မောင်မောင်လွင် ရွေးချယ်ခံခဲ့ရသည်။ မန်ချက်စတာယူနိုက်တက်အသင်းသည် ပွဲထွက်လူစာရင်းတွင် မက်ဂွိုင်းယား၊ ကက်စမဲရိုး၊ ဟွိုင်လန်း၊ ကိုဘီမိုင်နူး၊ အိုနာနာစသည့် ကစားသမားများကို အသုံးပြုခဲ့ပြီး ဒုတိယပိုင်းတွင် ဘရူနိုဖာနန်ဒက်စ်၊ ဂါနာချို၊ အာမက်အပါအဝင် တစ်သင်းလုံး အပြောင်းအလဲပြုလုပ်ခဲ့သည်။

မောင်မောင်လွင်သည် ယင်းပွဲတွင် ပွဲထွက်ကစားခွင့်မရသော်လည်း ဒုတိယပိုင်းအစတွင် ကစားခွင့်ရခဲ့ပြီး သမိုင်းဝင်စေမည့် အနိုင်ဂိုးကို မိနစ် ၇၀ တွင် သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် မောင်မောင်လွင်သည် မန်ချက်စတာယူနိုက်တက်အသင်းဘက်သို့ ဂိုးသွင်းယူနိုင်သည့် ပထမဆုံး မြန်မာကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

ပရီမီယာလိဂ်ပြိုင်ပွဲ ပြီးဆုံးချိန်တွင် ဇယားအောက်ပိုင်းရောက်ခဲ့သည့်အပြင် ယူရိုပါလိဂ် ဖိုင်နယ်ပွဲတွင် ရှုံးနိမ့်ပြီး ချန်ပီယံဆုနှင့် လွဲချော်ခဲ့သဖြင့် ဖိအားများနေသည့် မန်ချက်စတာယူနိုက်တက်အသင်းသည် အာရှခရီးစဉ် ပထမဆုံးပွဲတွင် ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ - SIAMSPORT**

# ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း ၁၂၂၀ အတွက် ဟိုတယ်နှင့်ခရီးသွားကဏ္ဍတွင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှစ်ခုနှင့် စက်မှုကဏ္ဍတွင် ရာခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုတို့ကို အတည်ပြုပေး

**ရန်ကုန် မေ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၅/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ရန်ကင်းမြို့နယ် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌ ဆောင်ရွက်သည်။

အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များ၏ ထုတ်လုပ်သည့် ပစ္စည်းနမူနာပြသထားရှိမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသည် ဟိုတယ်နှင့်ခရီးသွားကဏ္ဍတွင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းနှစ်ခုနှင့် စက်မှုကဏ္ဍတွင် ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတစ်ခုတို့ကို အတည်ပြုပေးခဲ့ပြီး အတည်ပြုပေးခဲ့သည့် လုပ်ငန်းများမှာ မိုတယ်ဝန်ဆောင်မှုလုပ်ငန်း၊ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းနှင့် CMP စနစ်ဖြင့် အဝတ်အထည်ချုပ်လုပ်ခြင်းလုပ်ငန်းတို့ဖြစ်ပြီး အဆိုပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ငွေရင်းပမာဏမှာ ငွေကျပ်သန်း ၆၆၁၃ ဒသမ ၂၅၀ နှင့် အမေရိကန်ဒေါ်လာ ၀ ဒသမ ၈၆၆ သန်းဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်း ၁၂၂၀ အတွက် ဖန်တီးပေးနိုင်ခဲ့ကြောင်းနှင့် အစည်းအဝေးတွင် ပြည်တွင်းဝန်ထမ်း ၂၅၀၀ ထပ်မံတိုးမြှင့်ခန့်ထားမည့် ကုမ္ပဏီတစ်ခုအပါအဝင် အထွေထွေကိစ္စရပ်များ တင်ပြလာသည့် ကုမ္ပဏီ ၁၄ ခု၏ တင်ပြချက်များကိုလည်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြောင်း သိရသည်။



**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# လျှင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၈**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ မန္တလေးတောင်တော်သို့ သွားရောက်ပြီး ငလျင်ဒဏ်သင့်၍ ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံများနှင့် ဘုရား၊ စေတီပုထိုးများ၌ အပျက်အစီးများ ရှင်းလင်းဖယ်ရှားဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် Sky Villa နေရာသို့ သွားရောက်၍ အပျက်အစီးများ ရှင်းလင်းရန် ကျန်ရှိသည့် “ A ” ဆောင်ကို ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ လုပ်ဆောင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု၊ ဖြိုဖျက်ပြီးသော အဆောက်အအုံနေရာများတွင် အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှု၊ လုပ်ငန်းခွင်အနီးရှိ ပစ္စည်းလက်ခံ/ လွှဲပြောင်းရေးအဖွဲ့ ယာယီရုံး၌ Sky Villa အဆောက်အအုံ အပျက်အစီးများကို ရှာဖွေကယ်ဆယ်ရေးအဖွဲ့များက ဖယ်ရှားရှင်းလင်းစဉ်တွေ့ရှိခဲ့သော ပစ္စည်းများကို ပစ္စည်းလက်ခံရှာဖွေစုဆောင်းရေးနှင့် ပြန်လည်အပ်နှံရေးအဖွဲ့ထံသို့ စနစ်တကျအပ်နှံမှုနှင့် ထိန်းသိမ်းထားရှိမှုများနှင့် သက်ဆိုင်ရာပိုင်ရှင်များ လက်ဝယ်သို့ ပြန်လည်လွှဲပြောင်းပေးနိုင်မှုတို့ကိုကြည့်ရှုစစ်ဆေး၍စားသောက်ဖွယ်ရာများပေးအပ်ကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ချမ်းအေးသာစံမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်အတွင်းရှိငလျင်ဒဏ်သင့်၍ ထိခိုက်ပျက်စီးခဲ့သောအန္တရာယ်ရှိ အဆောက်အအုံများကို ဖြိုချပြီး အပျက်အစီးများ အပြီးသတ်ရှင်းလင်းနေမှုနှင့် ဖြိုချဖျက်ဆီးဆဲအန္တရာယ်ရှိ အဆောက်အအုံများ၌ စက်ယန္တရားကြီးများ အသုံးပြု၍ အင်တိုက်အားတိုက် ရှင်းလင်းရေးဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ အမရပူရမြို့နယ် မှန်တန်းရပ်ရှိ မင်းတုန်းမင်းမယ်တော်ပြာအိုးအုတ်ဂူ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော အပျက်အစီးများ တပ်မတော်သားများက ရှင်းလင်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အမရပူရမြို့နယ် တိုးချဲ့ (၄) ရပ်ရှိ တြိရတနာ မဟာအောင်မြေမြတ်စွာဘုရား ခြောက်ဆူကုန်းတော်သို့သွားရောက်၍ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးသွားသော စေတီပုထိုးများနှင့် ဘုရားပရဝဏ်အတွင်းရှိ ရှေးဟောင်းအုတ်ကျောင်းတော်ကြီးတို့၌ တပ်မတော်သားများက ဖယ်ရှားရှင်းလင်းနေမှုတို့ကို ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ အမရပူရမြို့နယ် မှန်တန်းရပ်ရှိ မင်းတုန်းမင်းမယ်တော် ပြာအိုးအုတ်ဂူ၊ ဝါးတန်းမြောက်အရပ်ရှိ သက်တော်ရှ သက်တော်ရှည် မြတ်စွာဘုရား၊ မှန်တန်းရပ်ရှိ ပင်မပတ္တမြားရိပ်သာနှင့် မဟာဝေယံဘုံသာဗာရကျောင်းတော်ကြီးတို့၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား အဖွဲ့အစည်းအသီးသီးက ရှင်းလင်းဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဖြိုချဖျက်ဆီးဆဲ အန္တရာယ်ရှိ အဆောက်အအုံအပျက်အစီးများအား စက်ယန္တရားကြီးများ အသုံးပြုရာတွင် Orienyal Highway Company နှင့် မြန်မာပြည်ဖွား တရုတ်ဟုတ်ကြန့်မျိုးနွယ်များက ပူးပေါင်းရှင်းလင်း ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပင်မပတ္တမြားရိပ်သာဆရာတော်ကြီးများအား အလှူငွေနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်သည် စဉ့်ကိုင်မြို့နယ်ရှိ မြစိမ်းရောင်ခန်းမ၌ ဒေသခံပြည်သူများအား **“ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများ ဆောက်လုပ်နိုင်ရေးအသိပညာပေးဟောပြောပွဲ”** သို့ တက်ရောက်၍ အဆောက်အအုံများ ပြန်လည်တည်ဆောက်ရာတွင် တည်ဆောက်ရမည့်နည်းလမ်းများ၊ လုပ်ငန်းစဉ်များနှင့် အသုံးပြုရမည့်ပစ္စည်းများကို ကျွမ်းကျင်သူများနှင့် တိုင်ပင်၍ ပြုလုပ်ဆောင်ရွက်သွားရန် အသေးစိတ်ဆွေးနွေး၍ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးပြီး ဒေသခံပြည်သူများ၏ သိရှိလိုသည့်အချက်များကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။

ယင်းနောက် စဉ့်ကိုင်မြို့နယ်အတွင်းရှိငလျင်ဘေးဒဏ်ကြောင့် ပျက်စီးသွားသောဘုရားစေတီများ၊ သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့်အထပ်သားပြားများကို စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှုအခြေအနေများအား သွားရောက်ကြည့်ရှုကြသည်။

ထို့နောက် စဉ့်ကိုင်မြို့နယ် အိုးထိန်းတောင်ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း (အိုးထိန်းတောင်) ကျောင်းဝင်းအတွင်းနှင့် စိတ္တရကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း(စိတ်တ္တရ)ကျောင်းဝင်းအတွင်းတို့၌ ယာယီကျောင်းဆောင်သစ်များ ဆောက်လုပ်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ စဉ့်ကိုင်မြို့နယ် မြေစာရင်းဦးစီးဌာနရုံးဝင်းအတွင်းရှိ Modular Container House များဖြင့် (ယာယီ)ရုံးဆောက်လုပ်ပြီးစီးမှုအခြေအနေများနှင့်ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကျောက်ဆည်၌ ဝါသီးနှံစိုက်တောင်သူများအား သွင်းအားစုများ ပေးအပ်၍ အသိပညာဖြန့်ဝေ

**ကျောက်ဆည် မေ ၂၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် ဝါသီးနှံစိုက်တောင်သူအသင်းသားများအား သွင်းအားစုပေးအပ်ပွဲနှင့် စိုက်ပျိုးရေးအသိပညာပေးအခမ်းအနားကို မေ ၂၅ ရက်က ဖျောက်ဆိပ်ပင်ကျေးရွာ လယ်ယာနှင့်အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုရုံး၌ ကျင်းပရာ တိုင်းဒေသကြီးသမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဝင်းနှင့် မြို့နယ်ဦးစီးမှူး ဦးမြင့်အောင်တို့က သွင်းအားစုပေးအပ်ခြင်းရည်ရွယ်ချက်နှင့် ဝါစိုက်ပျိုးရေးနည်းပညာများအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးအရာရှိ ဦးဇော်ထွန်းအောင်က ဝါသီးနှံများစိုက်ပျိုးရာတွင် သိပ္ပံနည်းကျစနစ်ဖြင့် အထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေးပြည့်ဝသောရောဂါပိုးဒဏ်ခံနိုင်သည့် Raka 666 BT၊ TBL–195 နှင့် B–31 ဝါမျိုးများ ပြောင်းလဲစိုက်ပျိုးရေးကို ဆွေးနွေးပြောကြားပြီး ဝါစိုက်တောင်သူအသင်းသားများအား ဝါမျိုးစေ့များ၊ သွင်းအားစုများ လက်ဝယ်အရောက်ပေးအပ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ပြန်လည်တည်ဆောက်ရေးမှာ ဘယ်လိုအသုံးချဆောင်ရွက်မလဲဆိုတဲ့ကိစ္စဟာ အစိုးရတစ်ရပ်ရဲ့ ဦးဆောင်မှုတင်မကဘူး။ ပြည်သူတွေနဲ့ အရပ်ဘက်အဖွဲ့အစည်းတွေ၊ နိုင်ငံတကာပညာရှင်တွေရဲ့အမြင် အားလုံးကိုစုစည်းပြီးတော့ ဆောင်ရွက်နိုင်မယ်ဆိုရင် ပိုမိုကောင်းမွန်တဲ့ ပြန်လည်ထူထောင်ရေးကို တည်ဆောက်နိုင်မယ်

ဒေါက်တာဇော်ဦး

**ပြန်ကြားရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့က ကြီးမှူး၍ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank) က စီစဉ်ကျင်းပသော "ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေးပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းသုံးသပ်ဆွေးနွေးပွဲ" ကို မေ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပသွားမည်ဖြစ်သည်။**

အဆိုပါသုံးသပ်ဆွေးနွေးပွဲမှတစ်ဆင့် မြန်မာ့စီးပွားရေးပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းအတွက် ရလဒ်ကောင်းများ ရရှိလာစေရန် မျှော်မှန်းဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် စပ်လျဉ်း၍ မြန်မာ့ပုံရိပ် ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank)မှ ဥက္ကဋ္ဌ ဦးကိုကို၊ ဒါရိုက်တာ ဒေါက်တာဇော်ဦးနှင့် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အထွေထွေ အတွင်းရေးမှူးချုပ် ဒေါ်ခိုင်ခိုင်နွယ်တို့ ပါဝင်သည့် အကြိုစကားဝိုင်းဆွေးနွေးမှုများကို ဖော်ပြလိုက်ရပါသည်-

**ဦးကိုကို။ ။ ပထမဦးဆုံး အနေနဲ့ ဒေါက်တာဇော်ဦးက ဒီဆွေးနွေးပွဲကျင်းပရတဲ့ ရည်ရွယ်ချက်ကို ပြောကြားပေးပါ။**

**ဒေါက်တာဇော်ဦး။** ။ ဒီသုံးသပ်ဆွေးနွေးပွဲရဲ့အဓိကရည်ရွယ်ချက်ကတော့ ငလျင်ဘေးသင့်သွားတဲ့ စီးပွားရေးကဏ္ဍကြီးတွေနဲ့ ငလျင်ဘေးသင့်တဲ့ ဒေသတွေမှာ ဘယ်လို ပျက်စီးဆုံးရှုံးမှုတွေ ရှိနေသလဲ၊ ပြန်လည်ထူထောင်ရေးအတွက် ဘယ်လိုကြိုးစားနေကြသလဲ၊ ဒီအတွက် ကုစားပေးရမယ့်အခန်းကဏ္ဍမှာ နိုင်ငံတော်အစိုးရက ဘယ်လိုပံ့ပိုးကူညီပေးနိုင်မလဲဆိုတာ သက်ဆိုင်ရာကဏ္ဍအသီးသီးရဲ့ ကိုယ်စားလှယ်တွေ၊ ပြီးရင် ဘေးသင့်ဒေသက အထူးသဖြင့် စီးပွားရေးလုပ်ငန်းတွေရဲ့ ကိုယ်စားလှယ်တွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေ ပါဝင်ဆွေးနွေးပါမယ်။ နိုင်ငံတကာ ပညာရှင် တချို့ကိုလည်း ဖိတ်ကြားထားပါတယ်။ သူတို့တွေရဲ့ တင်ပြချက်အသီးသီးကို ကြားနာပြီး အစိုးရနဲ့ ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ရေးကို အမြန်ဆုံးမြှင့်တင်ပြီး ဘယ်လို ဆောင်ရွက်နိုင်မယ်ဆိုတာကို ရည်ရွယ်ဆောင်ရွက်ထားခြင်း ဖြစ်ပါတယ်။

**ဦးကိုကို။ ။ မန္တလေးငလျင်ကြီးက ပြင်းထန်တဲ့ ငလျင်ကြီးပါ၊ ၇ ဒသမ ၇ အဆင့်ဆိုတာ မြန်မာနိုင်ငံမှာ နှစ်ပေါင်း ၁၀၀ နီးပါးမှာ လှုပ်တဲ့ ငလျင်ကြီးပါ။ သိသိ သာသာ စီးပွားရေးအရ၊ လူမှုရေးအရ ဆုံးရှုံးထိခိုက်မှုတွေ အများကြီးရှိတယ်။ ပြည်တွင်းစီးပွားရေး လုပ်ငန်းရှင်တွေ အများစုရဲ့အသံတွေကို နားထောင်ရမယ်၊ သူတို့ရဲ့ အခက်အခဲတွေအတွက် နိုင်ငံတော်နဲ့ ဘယ်လိုပေါင်းစပ်ဆောင်ရွက်ရမယ်ဆိုတာ လိုအပ်တယ်။ ဒါကြောင့် Business အသိုင်းအဝိုင်းက ဒီဖိုရမ်မှာ ဘယ်လို ကဏ္ဍကနေ ပူးပေါင်းဆောင်ရွက်မလဲ၊ ဒီဖိုရမ်အတွက် ဘာတွေ ပြင်ဆင်ပြီးပါပြီလဲ။**

**ဒေါ်ခိုင်ခိုင်နွယ်။** ။ မန္တလေးငလျင်ကြီး လှုပ်ခတ်သွားတဲ့အခါမှာ ပျက်စီးဆုံးရှုံးတာတွေ တော်တော်များပါတယ်။ အသက်အိုးအိမ်စည်းစိမ်လည်း အများကြီးဆုံးရှုံးတယ်၊ လူနေအိမ်ခြေ၊ စီးပွားရေးလုပ်ငန်းတွေလည်း အများကြီးဆုံးရှုံးတယ်။ အထူးသဖြင့် မန္တလေးလို နေရာ၊ စစ်ကိုင်းတို့လို နေရာတွေက MSME များတဲ့ နေရာတွေပါ၊ နောက်ပြီး အဲဒီလိုနယ်တွေက ဘာလဲဆိုတော့ သူတို့ရဲ့ လူနေအိမ်ခြေနဲ့ သူတို့ရဲ့ စီးပွားရေးလုပ်ငန်းက တစ်နေရာတည်းမှာ လုပ်ကြတာများတယ်။ ဒီလိုများတော့ ငလျင်လှုပ်ခတ်မှုကြောင့် အိမ်ပျက်သွားရင် စီးပွားရေးပါသွားတယ်။

ကျွန်မတို့ အသင်းချုပ်က တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ ညီနောင်အသင်းတွေရှိတယ်။ အသင်းချုပ်အောက်မှာ လုပ်ငန်း Sector တွေက ၆၀ ကျော်လောက် ရှိပါတယ်၊ ဒါကြောင့် ကျွန်မတို့အနေနဲ့ အသံအမျိုးမျိုးကို နားထောင်တယ်။ ပြီးတော့ အသင်းချုပ်အနေနဲ့ မတ် ၂၈ ရက် ငလျင်ပြီးတော့ မတ် ၂၉ ရက်မှာ Urgent အစည်းအဝေးခေါ်တယ်။ စတင်ပြီးတော့ ဘယ်လိုကူညီရမလဲ၊ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေက ညီနောင်အသင်းတွေနဲ့ ချိတ်ဆက်ပြီးတော့ ပြင်းထန်စွာသက်ရောက်မှုရှိတဲ့ ဒေသတွေမှာ ကူညီမှုတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။



ဦးကိုကို

ဆရာပြောခဲ့သလို စီးပွားရေးလုပ်ငန်းတွေအပေါ်မှာ သက်ရောက်မှုတွေ၊ ဒီ Panel ထဲမှာ ပထမ Panel ထဲမှာ မန္တလေးငလျင်ကြီးကြောင့် စီးပွားရေးအပေါ် သက်ရောက်မှုတွေကို ဆွေးနွေးကြမှာပါ။ ဆွေးနွေးတဲ့အခါ ကဏ္ဍကအစုံပါဝင်ပြီးတော့ သက်ရောက်မှုကို အပြင်းအထန်ခံစားရတဲ့ မန္တလေးကုန်သည် စက်မှုအသင်းကို ဖိတ်ကြားထားတယ်။ ပြီးတော့ စိုက်ပျိုးရေးကဏ္ဍနဲ့ ပတ်သက်တာ၊ Supply Chain တစ်ခုလုံးပါ၊ ပြီးရင် ကုန်ထုတ်လုပ်မှုကဏ္ဍမှာ အသေးစား၊ အလတ်စားတွေ ပါလာမှာပါ၊ ပြီးရင် CMP ထုတ်လုပ်မှုကဏ္ဍပါ၊ ဝိုင်းဝန်းဆွေးနွေးကြဖို့ စီစဉ်ထားတာ ရှိပါတယ်။

ဆရာပြောသလို အခွင့်အလမ်းလည်း ရှိတယ်၊ စိန်ခေါ်မှုလည်း ရှိပါတယ်။ နောက် Panel တွေရဲ့ ဆွေးနွေးမှုတွေကလည်း အကျိုးရှိမယ်လို့ ယူဆပါတယ်၊ ဒီမှာဆိုရင် မြန်မာ့အာမခံလုပ်ငန်းလည်း ပါဝင်မယ်လို့ နားလည်ထားပါတယ်။ လုပ်ငန်းတွေ တော်တော်များများအနေနဲ့ အာမခံပတ်သက်တဲ့ အသိပညာရှိဖို့ လိုအပ်ပါတယ်၊ အာမခံ ထားမှ ကိုယ့်အတွက်ကိုယ်ပြန်ပြီး အာမခံချက်ရှိမယ်ဆိုတာ အသိပညာ ပေးချင်တာလည်း ပါပါတယ်။ ဒီ Panel တွေကနေ လုပ်ငန်းရှင်တွေ၊ ပြည်သူတွေပါ မသိသေးတဲ့ အပိုင်းတွေ၊ ကြိုတင်ပြီးတော့ ပြင်ဆင်ထားရမယ့် ကိစ္စတွေ၊ နိုင်ငံတော်အနေနဲ့ မူဝါဒပိုင်းဆိုင်ရာမှာ ဒီဟာတွေ ပြန်လည်ထူထောင်နိုင်ဖို့အတွက်၊ ပြန်လည်ကုစားနိုင်ဖို့အတွက် ဘယ်လိုနည်းနဲ့ လွယ်ကူအောင် လုပ်ပေးရမလဲ၊ ချိတ်ဆက်ပေးရမယ့် အပိုင်းကိုလည်း သိသွားမယ်ဆိုရင် ဒါဟာ အတိုင်းထက်အလွန်၊ အလွန်အောင်မြင်တဲ့ သုံးသပ်ဆွေးနွေးပွဲဖြစ်မှာပါ။ ဒီလိုလည်း မျှော်လင့်ပါတယ်။

**ဦးကိုကို။ ။ အခုပြုလုပ်မယ့် Economic Recovery Forum မှာ ထူးခြားတဲ့ တစ်ချက်က** အဓိက Private Sector ပါလာတယ်၊ Private Sector က သူတို့ရဲ့လက်တွေ့ ကြုံတွေ့ထိတွေ့နေရတဲ့ ကဏ္ဍတွေကနေပါတယ်။ နောက်တစ်ခါ နိုင်ငံတကာ အတွေ့အကြုံတွေနဲ့ Problem Solving ကို ချဉ်းကပ်နိုင်တဲ့၊ စီးပွားရေးပြဿနာတစ်ခုကို ဖြေရှင်းရာမှာ ကျွမ်းကျင်တဲ့ စီးပွားရေး ပညာရှင်တွေ ပါလာတယ်။ ထိုနည်းလည်းကောင်းပဲ ဒီပြဿနာတွေ၊ Issue တွေ၊ အခွင့်အရေးတွေ၊ အခွင့်အလမ်းတွေအပေါ်မှာ ဒီဟာတွေအားလုံးကို အကျိုးသက်ရောက်မှုကောင်းအောင်၊ ထိရောက်အောင် လုပ်ပေးနိုင်တဲ့ Policy Maker ဆိုတဲ့ အစိုးရအဖွဲ့အစည်းပိုင်းဆိုင်ရာတွေက ပါလာတယ်။ ဒါက ဒီဖိုရမ်ရဲ့ ထူးခြားချက်လို့ ဆိုနိုင်သလို Inclusiveness ပူးပေါင်းပါဝင်မှုက များပါတယ်။ Pillar သုံးခုပေါ့။ ဒီ Pillar သုံးခုနဲ့ ဒီဖိုရမ်မှာ ဆွေးနွေးကြမှာဖြစ်တဲ့အတွက် ဘယ်လိုထိရောက်တဲ့ အကျိုးရလဒ်တွေရလာနိုင်တယ်ဆိုတာ ဆရာဒေါက်တာဇော်ဦးရဲ့ အမြင်ကို ဆွေးနွေးပေးပါဦး။



ဒေါက်တာဇော်ဦး

**ဒေါက်တာဇော်ဦး။** ။ အားလုံးပါဝင်အောင် ဆောင်ရွက်ခဲ့တဲ့အဓိကရည်ရွယ်ချက်က ပိုပြီးအခွင့်အလမ်းတွေ ဖော်ထုတ်ရယူပြီးတော့ ပြန်လည်တည်ဆောက်ရေးမှာ ဘယ်လို အသုံးချဆောင်ရွက်မလဲဆိုတဲ့ကိစ္စဟာ အစိုးရတစ်ရပ်ရဲ့ ဦးဆောင်မှုတင်မကဘူး။ ပြည်သူတွေနဲ့ အရပ်ဘက်အဖွဲ့အစည်းတွေ၊ နိုင်ငံတကာပညာရှင်တွေရဲ့ အမြင်အားလုံးကို စုစည်းပြီးတော့ ဆောင်ရွက်နိုင်မယ်ဆိုရင် ပိုမိုကောင်းမွန်တဲ့ ပြန်လည်ထူထောင်ရေးကို တည်ဆောက်နိုင်မယ်။

အတွေ့အကြုံတွေအပေါ် သင်ခန်းစာယူပြီး လုပ်ကြမယ်ဆိုရင် ပြည်သူတွေအနေနဲ့ အခုဆိုရင် ငလျင်ဘေးဟာ တော်တော်ကြီးမားတဲ့ ပျက်စီးဆုံးရှုံးမှုဖြစ်တယ်။ ပြီးတဲ့ သဘာဝကပ်ဘေး အားလုံးထက်ဆုံးရှုံးမှုများနိုင်တယ်ဆိုပြီး ခန့်မှန်းနေကြတာလည်း ရှိတယ်။ သို့သော်လည်း ဒီအပေါ်မှာ စိတ်ဓာတ်ကျနေစရာမလိုဘူး။ ကျွန်တော်တို့အတွေ့အကြုံ၊ သင်ခန်းစာအရ ပြန်ပြီးကောင်းအောင် တည်ဆောက်နိုင်တယ်ဆိုတဲ့အခွင့်အလမ်းလည်း ရှိနေတယ်။ အဲဒီအခွင့်အလမ်းကို ဘယ်လိုဆောင်ရွက်မလဲဆိုတဲ့ ရှုထောင့်ကနေ အားလုံးဝိုင်းပြီး အမြင်တွေ စုစည်းကြဖို့ ဖြစ်ပါတယ်။

**ဦးကိုကို။ ။ အခုလာမယ့် အဆောက်အအုံတွေ၊ အထူးသဖြင့် Public Property တွေကို** ငလျင်အဆင့် ၈ အထိ ခံနိုင်ရည်ရှိအောင် လုပ်ရမယ်ဆိုတာ ပါတယ်။ အဲဒါက ကျွန်တော်ခုနက ဆွေးနွေးသလို ဆုံးရှုံးမှုထဲက ပြန်လည်ရရှိတဲ့အခွင့်အလမ်းက ပိုမိုကောင်းမွန်တဲ့ အနာဂတ်တစ်ခု ပြန်လည်တည်ဆောက်နိုင်တယ်ဆိုတဲ့ အခွင့်အလမ်းတွေရယူဖို့တော့ လိုတာပေါ့၊ ဆုပ်ကိုင်မိဖို့တော့ လိုတာပေါ့။

ဒီလိုမျိုး အခြေခံအဆောက်အအုံဆိုတဲ့ ရုပ်ဝတ္ထုပိုင်းဆိုင်ရာမှာ ပိုပြီးကောင်းမွန်တဲ့ ကြံ့ကြံ့ခံနိုင်စွမ်းရှိတဲ့ Infrastructure တွေအတွက် ကျွန်တော်တို့မှာ အခွင့်အလမ်းရှိတယ်။ နိုင်ငံတော်တစ်ခုတည်းကနေ လုပ်ရမှာ မဟုတ်ဘူး။ ပုဂ္ဂလိကအပိုင်းမှာလည်း လိုအပ်တယ်။ ပူးပေါင်းလုပ်ရမှာ ဖြစ်ပါတယ်။ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းတွေဟာ ငလျင်ကြောင့် ထိခိုက်မှုရှိသော်ငြားလည်း အဲဒီပေါ်ကနေ မူတည်ပြီးတော့ မိမိတို့ရဲ့ စီးပွားရေးလုပ်ငန်းတွေ၊ အဆောက်အအုံတွေ ပျက်စီးသွားတော့ ပြန်လည်ပြီးတော့ သုံးသပ်သလိုပေါ့။ ကျွန်တော်တို့ကလည်း မိမိတို့ရဲ့ စီးပွားရေးလုပ်ငန်းတွေကို ပြန်သုံးသပ်သင့်တယ်။



ဒေါ်ခိုင်ခိုင်နွယ်

**ဒေါ်ခိုင်ခိုင်နွယ်။** ။ မှန်ပါတယ်။ ကျွန်မတို့ အသိုင်းအဝိုင်းမှာဆိုရင် Business Continuity Plan ဆိုတာကို အမြဲပြောခဲ့ကြပါတယ်။ စီးပွားရေးကို ဆက်လက်လုပ်ကိုင်နိုင်မယ့် အစီအမံတွေရှိဖို့ လိုအပ်ပါတယ်။ ကိုဗစ်ကာလတုန်းက တစ်ကမ္ဘာလုံးထိခိုက်တဲ့အချိန်မှာ လုပ်ငန်းတော်တော်များများဟာ ကမ္ဘာတစ်ဝန်းထိခိုက်ကြတာ ဖြစ်ပါတယ်။ အဲဒီမှာ Business Continuity Plan ဆိုတာကို ILO ရဲ့ အလုပ်ရှင်အဖွဲ့အစည်းအကူအညီနဲ့ စာအုပ်တွေထုတ်ဝေခဲ့ပြီးတော့ သင်တန်းတွေလည်း အများကြီးပေးခဲ့ပါတယ်။ MSME လုပ်ငန်းတွေ အကုန်ပေါ့။ အခုလည်း ဒီတစ်ခေါက်ဖြစ်တဲ့အခါ ကိုဗစ်နဲ့တော့ မတူဘူးပေါ့။ ဒီတစ်ခေါက်မှာ သဘာဝဘေးအန္တရာယ်တွေနဲ့ ယှဉ်တွဲရှိနေတဲ့ နိုင်ငံတွေရဲ့ အတွေ့အကြုံတွေကို လိုက်လေ့လာပါတယ်။ ခဏခဏဖြစ်တဲ့ နိုင်ငံတွေကို လေ့လာပါတယ်။ Expert တွေ လာတယ်၊ သူတို့ ဆွေးနွေးပေးတယ်၊ သူတို့ဆီမှာ Business Continuity Guideline ဆိုတာ ရှိတယ်။ အဲဒါကို ကျွန်မတို့ကို မျှဝေပေးပါဆိုပြီး ဒါတွေကို ကျွန်မတို့ ဆောင်ရွက်နေပါပြီရှင့်။

အဲဒီ Guideline ကတော့ ယေဘုယျပေါ့။ ငလျင်ကြောင့်ဖြစ်စေ၊ ဆူနာမီကြောင့်ဖြစ်စေ အဲဒီလိုမျိုး အခြေအနေမျိုးမှာ လုပ်ငန်းကို ဘယ်လိုဆက်လုပ်ရမလဲ၊ ဒီ Guideline က Sector အားလုံးအတွက် General ပါ။ ပြီးရင် Sector တစ်ခုချင်းစီအတွက် Plan ရှိတယ်။ Business Continuity Plan (BCP) ပေါ့။ အဲဒါကိုလည်း ကျွန်မတို့လေ့လာဖို့အတွက် တောင်းဆိုထားတဲ့အတွက် သူတို့ဆီက ရနေပါပြီ။ ကျွန်မတို့ ဖိတ်ခေါ်ပြီးတော့ Seminar လုပ်ဖို့ ပြင်ဆင်နေပါပြီ။ အဓိကကတော့ ကျွန်မတို့အဝန်းအဝိုင်းက လုပ်ငန်းရှင်အဝန်းအဝိုင်းပါ။ ဒါပေမယ့် ပြည်သူတွေလည်း သိဖို့ လိုအပ်တယ်လို့ ထင်ပါတယ်။

*စာမျက်နှာ ၁၁ သို့*

## ❑ ကျွန်တော်တို့နိုင်ငံမှာ လိုအပ်နေတဲ့ ငြိမ်းချမ်းရေးကိစ္စတွေအတွက်ပါ အိမ်နီးချင်းနိုင်ငံတွေရဲ့ ပံ့ပိုးဆောင်ရွက်နေမှုတွေဟာ လျှော့ပေါ့ - ငလျင်ဘေးကနေ တစ်ဆင့်ထပ်ပြီး ဆောင်ရွက်နိုင်လိမ့်မယ်လို့ ထင်ပါတယ်

*စာမျက်နှာ ၁၀ မှ*

**ဦးကိုကို။** ။ ဖိုရမ်မှာ Panel ကြီး သုံးခုနဲ့ ကျင်းပဖို့ စဉ်းစားထားတယ်။ ပထမ Panel က ပြောခဲ့သလို ငလျင်ကြောင့် စီးပွားရေးအပေါ်မှာ ရိုက်ခတ်မှု impact ၊ ငလျင်ကြောင့် ဖြစ်ပေါ်လာတဲ့ Problem တွေကို ပထမဆုံး ဆွေးနွေးကြမယ်။ ဒုတိယကတော့ ငလျင်ဘေးပြန်လည်ထူထောင်တဲ့ Recovery လုပ်တဲ့အချိန်မှာ တွေ့ရမယ့် စိန်ခေါ်မှုနဲ့ အခွင့်အလမ်းတွေကို ဆွေးနွေးကြမယ်။ သဘာဝဘေး ဖြစ်တိုင်းမှာ စီးပွားရေးအရ ပြတ်တောက်မှု၊ Communication အရ ပြတ်တောက်မှုဆိုပြီး ရှိတယ်။ ပြတ်တောက်မှု အချိန်ကာလအတိုဆုံးဖြစ်အောင် ချက်ချင်း Connected ပြန်လုပ်နိုင်ရမယ်ဆိုတဲ့ Strategy တွေ၊ Code of Conduct တွေ၊ Plan တွေ၊ အဲဒါတွေအတွက် Idea ရလိုက်ပါတယ်။

**ဒေါက်တာဇော်ဦး။** ။ တတိယ Panel ကတော့ စီးပွားရေးအရ ပြန်လည်ကုစားနိုင်မယ့် နည်းလမ်းတွေပေ့ါ။ ဆောက်လုပ်ရေး ကဏ္ဍမှာဆိုရင် ငလျင်ရဲ့ ထူးခြားတဲ့သက်ရောက်မှုက လူနေအိမ်ခြေအများစု ပျက်စီးဆုံးရှုံးတယ်၊ ၆၇၀၀၀ ကျော်ပေ့ါ။ ပြီးရင် ကျွန်တော်တို့ရဲ့ အခြေခံအဆောက်အအုံ၊ လမ်း၊ တံတားတွေ ပျက်စီးဆုံးရှုံးတယ်။ အဲဒီတော့ ပြန်ပြီးတည်ဆောက်တဲ့အပိုင်းမှာ ပါလာတာက ဆောက်လုပ်ရေးကဏ္ဍပေ့ါ။ ဆောက်လုပ်ရေးကဏ္ဍရဲ့ အခုလောလောဆယ် လိုအပ်ချက်က ငလျင်ဘေးတင် မကဘူး၊ တခြားသဘာဝကပ်ဘေးတွေကိုပါ ပိုပြီးခံနိုင်ရည်ရှိအောင် ကောင်းကောင်း ဆောက်ဖို့ လိုနေတယ်။

လိုအပ်တဲ့ စည်းမျဉ်းစည်းကမ်းတွေ မရှိတာတော့ မဟုတ်ဘူး။ ရှိပါတယ်။ သို့သော်လည်း အဲဒီစည်းမျဉ်းစည်းကမ်းတွေ လိုက်နာမှုကို ဘယ်လိုဆောင်ရွက်ကြမလဲ။ ဒီအချိန်မှာ အခွင့်အလမ်းတစ်ခုအနေနဲ့ ဖြစ်လာတာက အရင်တုန်းက အစိုးရကတော့ တိုက်ရိုက်အုပ်ချုပ်ရေးအမိန့်နဲ့ စည်ပင်သာယာရေး ကနေတစ်ဆင့် ဒီအတိုင်း လုပ်ရမယ်၊ ဆောင်ရွက်ရမယ်ဆိုတဲ့ပုံစံနဲ့ ထိန်းသိမ်းခဲ့တာပေ့ါ။ သို့သော်လည်း လိုက်နာမှု အားနည်းတယ်ဆိုရင် အစိုးရရဲ့ အုပ်ချုပ်ရေး ယန္တရားနဲ့ ဆောင်ရွက်တာနဲ့တင် မလုံလောက်တော့ဘူး။ ဈေးကွက်ရဲ့ သဘောတရားနဲ့လည်း ပြန်ပြီးထိန်းညှိပေးရမယ်ဆိုတော့ ဈေးကွက်ထဲမှာ ပါလာကြမှာက ဘဏ်တွေ ပါလာမယ်၊ ငွေရေးကြေးရေးအဖွဲ့အစည်းတွေ ပါလာမယ်၊ အာမခံလုပ်ငန်းတွေ ပါလာမယ်၊ သို့သော်လည်းပဲ သူတို့အတွက် လိုအပ်နေတာက အစိုးရမှာ ဒီလုပ်ငန်းတွေနဲ့ အခု ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွေ အံဝင်ခွင်ကျဖြစ်အောင် နိုင်ငံတော်အစိုးရဘက်ကလည်း လိုအပ်နေတဲ့ မူဝါဒတွေ၊ လုပ်ထုံးလုပ်နည်းတွေကို ချမှတ်ပေးဖို့ လိုတယ်။ ဒုတိယ Panel က ဒါတွေကို ဆွေးနွေးကြတဲ့အခါ တတိယ Panel က ဒါတွေကို ဆောင်ရွက်နေတဲ့ နိုင်ငံတော်ဘက်က တာဝန်ရှိသူတွေကို ဖိတ်ထားမယ်။ ပြီးရင် တတိယအကြံပြုနိုင်တဲ့ ပညာရှင်တချို့ကိုလည်း ဖိတ်ထားတယ်။ ကျွန်တော်တို့ ခေါ်တာတော့ Regulator တွေပေ့ါ၊ ဒီ Regulator တွေ ကျွန်တော်တို့ရဲ့ ဈေးကွက်စီးပွားရေးကို ညှိနှိုင်းပေးနေတဲ့ အဖွဲ့အစည်းတွေမှာလည်း ပြန်လည်ထူထောင်ရေးဈေးကွက်မှာ ဈေးကွက်အားနဲ့ ပြန်ညှိလို့ရအောင်၊ လိုအပ်တဲ့ မူဝါဒတွေ ချမှတ်နိုင်အောင် ဆွေးနွေးဖို့ ကျွန်တော်တို့ စီစဉ်ထားပါတယ်။

တတိယ Panel ကတော့ ကျွန်တော်တို့ ခုနက ဆွေးနွေးခဲ့တဲ့ စိန်ခေါ်မှုတွေ၊ အခွင့်အလမ်းတွေ၊ တကယ်လက်တွေ့ ရှေ့လျှောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာ အဆင်ပြေချောမွေ့စွာ၊ နိုင်ငံတော်ရဲ့ အုပ်ချုပ်ရေးယန္တရားနဲ့ အမိန့်ပေးပြီး ဆောင်ရွက်တာတင်မကဘဲ ဈေးကွက်ရဲ့ အားနဲ့လည်း ဆွဲနိုင်ဖို့အတွက် ပိုကောင်းမွန်အောင် လည်ပတ်နိုင်မယ့် ယန္တရားတွေကိုပါ ဈေးကွက်ထဲမှာ တည်ဆောက်သွားဖို့၊ ဒါမှသာလျှင် ပိုမိုကောင်းမွန်တဲ့ ပြန်လည်ထူထောင်ရေးတစ်ရပ်ကို ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။

**ဦးကိုကို။** ။ ဖိုရမ်ကို နဂိုဒီဇိုင်း လုပ်ထားတာက တစ်ရက်တာ ဆွေးနွေးပွဲပါ။ ဒါပေမယ့် သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်ကြတော့ စေတနာရှိကြပါတယ်။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးတွေလည်း စေတနာထားကြတယ်။ သူတို့ကိုယ်တိုင်က ဆွေးနွေးမှုက အချိန်လောက်ပ့ါမလား၊ ဒီထက်ပိုပြီးတော့ အချိန်တိုးရင် မကောင်းဘူးလားလို့ ဆွေးနွေးပေးတဲ့အတွက် ကျွန်တော်တို့က နောက်ထပ် ၃၁ ရက်နေ့ နေ့တစ်ဝက် အချိန်ယူလိုက်ပါတယ်။ ကျွန်တော်တို့အတွက် အဲဒီ နေ့တစ်ဝက်ကလည်း ထူးခြားတဲ့နေ့တစ်ဝက်ပါ။ Round Table Discussion တစ်နည်းအားဖြင့် Public Private Dialogue ပါ။ လက်တွေ့ကျကျ ဆောင်ရွက်နိုင်တဲ့အဖြေကို ထုတ်ဖို့ပါ။ ဒီဇိုင်းအရ UMFCCI အပိုင်းက ပြောနိုင်ဆိုနိုင်တဲ့ ကိုယ်စားပြုအဖွဲ့ပါမယ်၊ နိုင်ငံတော်အပိုင်းကလည်း ကိုယ်စားပြုဆွေးနွေးမယ့်သူတွေ ပါလာမယ်၊ Host တွေ၊ Organizer တွေလည်း ပါလာမယ်။ အဲဒီမှာ ကျွန်တော်တို့ လွတ်လွတ်လပ်လပ် ပွင့်ပွင့်လင်းလင်းနဲ့ ဆွေးနွေးကြပါမယ်။

**ဒေါ်ခိုင်ခိုင်နွယ်။** ။ ပထမနေ့ကတော့ Speaker တွေက အချိန်ကော၊ လူကော အကန့်အသတ်ရှိတာပေ့ါ၊ Panel မှာတော့ လူက လေးယောက်ဆိုရင် လေးယောက်ပဲ၊ အချိန်အရလည်း ဒါပဲပြောရမှာပေ့ါ။ အဲဒီမှာ ထွက်လာတဲ့ရလဒ်ပေ့ါ။ ရလဒ်တွေကို ဒုတိယနေ့မှာ ပြန်ပြီးဆွေးနွေးကြမှာ။ အဲဒီအခါမှာ ဆွေးနွေးမယ့်သူက Panel ပေါ်မှာချည်း မဟုတ်တော့ဘဲ သက်ဆိုင်ရာ Stakeholder တွေ ထပ်ပါလာမှာပါ။ ကျွန်မ မြင်တာကတော့ ပိုပြီးတော့ ထဲထဲဝင်ဝင်နဲ့ ထိရောက်မှုရှိမယ်လို့ မြင်တယ်။ ဒါကြောင့် ဒုတိယနေ့မှာ ဖိတ်မယ့်သူတွေကိုလည်း ကိုယ်စားပြုနိုင်အောင် ရွေးချယ်နေပါတယ်။ ပထမနေ့မှာ တက်ရောက်ပြီး နားထောင်တဲ့သူဖြစ်ရင် ပိုကောင်းတာပေ့ါ။ ပထမနေ့ နားထောင်ပြီးတော့ အားသာချက်၊ အားနည်းချက်တွေကို Note down ယူသွားပြီး ဒုတိယနေ့မှာ ပြန်ပြီးဆွေးနွေးကြတဲ့အခါ အားသာချက်၊ အားနည်းချက်ကိုလည်း ဆွေးနွေးပေးမယ်။ ဒီဘက်က မစဉ်းစားမိတဲ့အဖြေကို ပေးနိုင်ရင်လည်း ကောင်းတယ်။ ဘယ်သူတွေကတော့ ပါကို ပါရမယ်၊ ဘယ်သူတွေကို ဖိတ်ကြားမယ်ဆိုတာ စဉ်းစားထားပါပြီ။

**ဦးကိုကို။** ။ ဒုတိယနေ့ နေ့တစ်ဝက် ဆရာဇော်ဦးနဲ့ UMFCCI က ကိုယ်စားလှယ်နဲ့ သဘာပတိတွေအဖြစ် ဆောင်ရွက်ကြမယ်။ ဒုတိယနေ့မှာ နိုင်ငံတော်အတွက်လည်း အကျိုးရှိမယ်၊ ပြည်သူတွေအတွက်လည်း အကျိုးခံစားရမယ်၊ စီးပွားရေးလုပ်ငန်းရှင်တွေအတွက်လည်း အကျိုးဖြစ်ထွန်းမယ်၊ Win–Win–Win သုံးခုစလုံး အကျိုးခံစားရမယ့် ရလဒ်တွေ၊ လက်တွေ့ကျတဲ့ ချဉ်းကပ်မှုတွေ၊ လက်တွေ့ကျတဲ့ Implementation တွေ ပေါ်ထွန်းလာဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဇော်ဦး။** ။ ဒုတိယနေ့ရဲ့ အနှစ်သာရကတော့ Round Table သဘောပေ့ါ။ စားပွဲဝိုင်းမှာ အားလုံးဝိုင်းထိုင်ပြီးတော့ ဝိုင်းပြီး ဒူးတိုက်ဆွေးနွေးတယ်ဆိုတဲ့ အနှစ်သာရဟာ အရေးကြီးပါတယ်။ ဘာကြောင့် အရေးကြီးတယ်ဆိုတော့ Panel လို သီးခြားစီခေါင်းစဉ်အလိုက် ဆွေးနွေးတဲ့အခါ သက်ဆိုင်ရာကဏ္ဍနဲ့ သက်ဆိုင်ရာဒေသတွေက သူတို့ရဲ့အမြင်နဲ့ သူတို့ရဲ့အတွေ့အကြုံနဲ့ ပြန်လည်ထူထောင်ရေးကို ပုံဖော်ဖို့ ဆွေးနွေးကြတာ ဖြစ်ပါတယ်။ စကားဝိုင်းမှာ ဝိုင်းထိုင်ပြီး အားလုံးဆွေးနွေးကြတာကတော့ ကဏ္ဍပေါင်းစုံ၊ ဒေသပေါင်းစုံ ပေါင်းစပ်ညှိနှိုင်းပြီးမှ ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်တွေကို ဖော်ထုတ်နိုင်မှာ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ပြန်လည်ထူထောင်ရေးမှာ ဦးစားပေးတွေက ဘာလဲ၊ ပြည်သူတွေကတော့ ဦးစားပေးအရေးကြီးဆုံးပါ။ စီးပွားရေးအရတော့ အားလုံးကို ကုစားရမှာ မှန်သော်ငြားလည်း အခုလောလောဆယ် အချိန်ကာလတစ်ခုအနေနဲ့ အနီးကပ်မှာ ဆောင်ရွက်ရမယ့်ကိစ္စရပ် Quick Win လေးတွေပါ။ ဥပမာဆိုရင် ကျောင်းဖွင့်ချိန်ပါ။ ကျွန်တော်တို့အတွက် ကံကောင်းတာကတော့ ကျောင်းပိတ်ထားတဲ့ အချိန် ငလျင်လှုပ်တာဖြစ်တယ်၊ ကျောင်းတွေ ပြိုကျပေမယ့် ကျောင်းတက်တဲ့အချိန် မဟုတ်ဘူး။ သို့သော် ဒီတိုင်းကျောင်းတွေ ဆက်ပြီးမဖွင့်နိုင်ရင် ကလေးငယ်တွေ တော်တော်များများ ပညာရေးအရ ဆုံးရှုံးမှုတွေ ဖြစ်နိုင်တယ်။ ဒီကနေ တစ်ဆင့်ပြီး တစ်ဆင့် စီးပွားရေးအရလည်း အများကြီးဆုံးရှုံးနစ်နာမှုတွေ ရှိနိုင်တယ်။ ဒီဟာတွေကိုလုပ်နေတဲ့ အရပ်ဘက် အဖွဲ့အစည်းတချို့က ဒီဟာကို တင်ပြဖို့ စဉ်းစားထားတာရှိတယ်။ ပညာရေးဝန်ကြီးဌာနကလည်း လာရောက်ဆွေးနွေးမှာလည်း ရှိတယ်။ သို့သော် ဒီဟာကို ဦးစားပေးအနေနဲ့ ပုဂ္ဂလိကကော ဘယ်လိုဖြည့်ဆည်းပေးနိုင်မလဲ။ ဘာကြောင့်လဲဆိုတော့ ပုဂ္ဂလိကစာသင်ကျောင်းတွေလည်း အများကြီးရှိတယ်။ လာပြီးဆွေးနွေးမယ့်သူဆိုရင် သူကိုယ်တိုင်က မန္တလေးဒေသမှာ ပုဂ္ဂလိကစာသင်ကျောင်းတွေ ဆောင်ရွက်နေတဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါတယ်။ သူကလည်း ကျွန်တော်တို့ကို ဆွေးနွေးပေးမယ်လို့ ပြောထားတာရှိပါတယ်။ အဲဒီလို Quick Win ရနိုင်မယ့်ကိစ္စတွေကိုလည်း ဒုတိယနေ့မှာ အားလုံးဝိုင်းပြီး ဆွေးနွေးနိုင်မှာ ဖြစ်ပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့ အရင်းအမြစ်တွေကို ဘယ်လိုပြန်ပြီး စုစည်းကြမလဲ။ ဘာကြောင့်လဲဆိုရင် ဆုံးရှုံးမှုက ကြီးတယ်။ ပုဂ္ဂလိကတစ်ဦးတည်းလည်း လုပ်လို့မရဘူး၊ အစိုးရတစ်ဦးတည်းလည်း လုပ်လို့မရဘူး။ အစိုးရနဲ့ပုဂ္ဂလိက ဘယ်လိုပူးပေါင်းဆောင်ရွက်ကြမလဲပေ့ါ။ ဆောင်ရွက်တဲ့ပုံစံတွေက ကဏ္ဍအလိုက် ဆောင်ရွက်မှာလေးတွေ ရှိတယ်၊ အရေးတကြီးစဉ်းစားရမယ့်ကိစ္စက ရန်ပုံငွေလိုမျိုး၊ ဒါကို စုပေါင်းပြီးတော့ ဖြေရှင်းလိုက်ရင် အဆင်ပြေနိုင်မလဲ။ ဘာသာရေး၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်း အစဉ်အလာအရလည်း အားလုံးအတူ တစ်ခုကို စုပေါင်းပြီးတော့ လှူကြတယ်။ အဲဒီလိုမျိုး စုပေါင်းရန်ပုံငွေ ဘယ်လိုထူထောင်မလဲ၊ ရန်ပုံငွေကိုလည်း နည်းနည်း၊ များများ ထည့်တဲ့သူတွေ အားလုံးအကျိုးရှိအောင် ဘယ်လိုပြန်အသုံးချမလဲဆိုတဲ့ အစီအစဉ်တွေ စနစ်တကျရေးဖို့လိုသလို သုံးစွဲမှုတွေကလည်း ပြည်သူတွေဆီကို တိုက်ရိုက်ဘယ်လို ဖြန့်ဖြူးပေးနိုင်သလဲဆိုတာ စစ်ဆေးခံနိုင်တဲ့ နည်းစနစ်တွေ ကျင့်သုံးပြီး လုပ်နိုင်ပြီဆိုရင် ဖိုရမ်အပြီးမှာ နောက်ဖိုရမ်တွေနဲ့ အသေးစိတ်လုပ်ရမှာတွေလည်း ရှိမှာပါ။ ဒါတွေကို ဆက်လုပ်နိုင်ဖို့ ကျွန်တော်တို့ တိုင်ပင်ဆွေးနွေးနေကြတာလည်း ရှိပါတယ်။

**ဒေါ်ခိုင်ခိုင်နွယ်။** ။ ခုနက ဆရာပြောသလို ကျွန်မတို့ Chamber က စီးပွားရေးလုပ်ငန်းတစ်ခုတည်းတင် မဟုတ်ဘူး။ ကျောင်းတွေကအစ၊ ကလေးတွေက ကျောင်းတွေ မကြာခင်ဖွင့်တော့မယ်၊ ဒါကြောင့် စစ်ကိုင်းဘက်မှာ ကျောင်းတွေ ပြင်တာတွေ ကျွန်မတို့ လုပ်တယ်၊ Chamber ကလည်း လုပ်တယ်၊ Chamber Member တွေလည်း ဝိုင်းလုပ်ကြတယ်။ ဒါက ကျွန်မတို့ ဆောင်ရွက်နေတဲ့ကိစ္စတွေပါ။ ဒီမှာ ကျွန်မတစ်ခု ဆွေးနွေးချင်တာက ဆရာ လာဆွေးနွေးတဲ့အချိန်မှာ Chamber အနေနဲ့ ချက်ချင်းပဲ အားထည့်ပြီး လုပ်မယ်လို့ ပြောလိုက်တာက ဒီအချိန်မှာ လုပ်ဖို့လည်း လိုအပ်တယ်။ အများပြည်သူကို သိစေချင်တဲ့ကိစ္စတွေပါ။ လုပ်ငန်းရှင်တွေကိုလည်း အသိပညာပေးဖို့ လိုအပ်သလို ပြည်သူတွေကိုလည်း အသိပညာပေးဖို့ လိုအပ်တယ်။ ကျွန်မတို့ဘက်က ဂရုစိုက်ရမယ့်ကိစ္စရပ်တွေရှိသလို ပြည်သူတွေအနေနဲ့ ပိုနားလည်စေချင်တဲ့ကိစ္စတွေလည်း ရှိပါတယ်။ ပစ္စည်းဝယ်တာက အစပါ၊ အခုက အဆောက်အအုံလို့သာ ပြောလိုက်တာ ပစ္စည်းအားလုံး အများကြီးပါသွားမှာပါ။

တစ်ခုပဲ ကျွန်မပြောချင်တာက ကျွန်မတို့ စကားဝိုင်းလုပ်တဲ့ ရည်ရွယ်ချက်က ဆရာပြောတဲ့ Public Private Dialogue ပါ။ ဒီမှာ ကျွန်မအနေနဲ့ Public Private Constructive Dialogue လို့ ထပ်ထည့်ချင်ပါတယ်။ အားလုံးအတွက် Constructively အဖြေတစ်ခုရှာချင်လို့ပါ။ တိုင်းပြည်၊ လုပ်ငန်းရှင်၊ ပြည်သူ အားလုံးအတွက်ပါ။ အားလုံးအတွက် ကောင်းမွန်တဲ့ အဖြေတစ်ခုကို ရှာချင်လို့ ဒီပွဲကို လုပ်တာဖြစ်တဲ့အတွက် ဒီဟာက ရိုးရိုး Dialogue မဟုတ်ပါဘူး။ Public Private Constructive Dialogue လို့ ပြောချင်တာပါ။

**ဒေါက်တာဇော်ဦး။** ။ ငလျင်ကြီး ဖြစ်လိုက်တော့ ပြန်ပြီး ကြည့်လိုက်ရင် ကျွန်တော်တို့ နိုင်ငံအတွက် ပထဝီနိုင်ငံရေး အနေအထားမှာ အင်မတန်မှ ကောင်းမွန်တဲ့ရလဒ်တွေ ရလိုက်တာက အိမ်နီးချင်းနိုင်ငံ တော်တော်များများက သူတို့အခေါ်တော့ Golden Hour ပေ့ါ၊ ၄၈ နာရီအတွင်းမှာ ရောက်လာကြတယ်၊ တရုတ်၊ အိန္ဒိယ၊ ရုရှား၊ ထိုင်း၊ စင်ကာပူ၊ မလေးရှား စသည်ဖြင့် ရောက်ကြတဲ့အခါမှာ တော်တော်များများ ရာနဲ့ချီ ပိတ်မိနေတဲ့သူတွေကို ကယ်ဆယ်လိုက်နိုင်တယ်။

ပြီးရင် သူတို့ဆီက ကယ်ဆယ်ရေးပစ္စည်းတွေက တရုတ် - မြန်မာ နယ်စပ်ကုန်သွယ်ရေးဂိတ်တွေ ပိတ်နေတဲ့ကြားထဲက ရောက်လာတယ်။ သဘာဝကပ်ဘေးတင်မကဘူး။ ကျွန်တော်တို့နိုင်ငံမှာ လိုအပ်နေတဲ့ ငြိမ်းချမ်းရေး ကိစ္စတွေအတွက်ပါ အိမ်နီးချင်းနိုင်ငံတွေရဲ့ ပံ့ပိုးဆောင်ရွက်နေမှုတွေဟာ ငလျင်ဘေးကနေတစ်ဆင့် ထပ်ပြီး ဆောင်ရွက်နိုင်လိမ့်မယ်လို့ ထင်ပါတယ်။ ဘာကြောင့်လဲဆိုရင် ရိုးရိုး ကယ်ဆယ်ရေးပစ္စည်းတင် မကတော့ဘူး။ ပြန်လည် ထူထောင်ရေးကျရင်လည်း ကျွန်တော်တို့ အားကိုးရမှာက တရုတ်၊ အိန္ဒိယ၊ ထိုင်းနိုင်ငံတို့က ပစ္စည်းတွေရော၊ နည်းပညာရော များများယူဖို့ လိုတယ်။ အဲဒီအခါကျရင် သူတို့က နယ်စပ်ဖြတ်ကျော်ပြီး ပေးကြမှာတွေ ရှိတယ်။ ကျွန်တော်တို့နဲ့ ပိုပြီးပူးပေါင်းဆောင်ရွက်ကြမှာတွေရှိတယ်။ အဲဒီလို အခွင့်အလမ်းတွေကိုလည်း ကျွန်တော်တို့ တံခါးဖွင့်ပေးနိုင်အောင် ဘယ်လို ဆောင်ရွက်မလဲဆိုတဲ့ကိစ္စကိုပါ ကျွန်တော်တို့ ဆွေးနွေးကြမှာ ဖြစ်ပါတယ်။

**ဦးကိုကို။** ။ ငလျင်ဘေးကြောင့် နိုင်ငံတကာ၊ အိမ်နီးချင်းတွေ၊ ကျွန်တော်တို့နဲ့ နီးနီးမှာ ရှိတဲ့သူတွေ၊ မနီးမဝေးမှာ ရှိတဲ့သူတွေ အကုန်လုံးက လာရောက်ကြတယ်၊ ကူညီကြတယ်၊ ပံ့ပိုးကြတယ်။ ထိုနည်းတူပဲ ပြည်တွင်းမှာရှိတဲ့ ပြည်သူတွေ၊ စီးပွားရေးလုပ်ငန်းရှင်အဖွဲ့အစည်းတွေ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေ၊ အနုပညာရှင်တွေ၊ အလှူအသီးသီးက ဒီထဲမှာ လုပ်ကြတယ်၊ ဆောင်ရွက်ကြတယ်။ ဒါကတော့ မြန်မာစကားပုံနဲ့ ပြောရင် အရေးကြီးရင် သွေးနီးတယ်၊ ကျွန်တော်တို့ အသိတွေ၊ နှလုံးသားတွေ နီးစပ်လာကြတယ်။ နီးစပ်လာတဲ့ အချိန်မှာ ဖိုရမ်ကြီးလုပ်တယ်၊ ဖိုရမ်မှာ ဆရာပြောသလို အဖွဲ့အစည်းအသီးသီးတွေလာပြီး ဆွေးနွေးတိုင်ပင်ကြမယ်၊ အဖြေရှာကြမယ်၊ ဒီဖိုရမ်ကနေ နောက်ထပ်ညီညွတ်မှုလည်း ရနိုင်တယ်၊ အားလုံးနဲ့ ပေါင်းစည်းမှု၊ စည်းလုံးညီညွတ်မှုကို ရရှိမယ်လို့ ထင်ပါတယ်။ ပူးပေါင်းကူညီမှုကနေ ပူးပေါင်းစည်းလုံးညီညွတ်မှုဆီသို့ဆိုတဲ့ အရွေ့တစ်ခုအတွက် ကျွန်တော်တို့က ရည်ရွယ်ပြီးတော့ အတတ်နိုင်ဆုံး စဉ်းစားဆောင်ရွက်ကြပါတယ်။ အဲဒီအတွက် ဖြစ်အောင်လို့ ဆရာ ဆရာမတို့ အားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြမယ်လို့ မျှော်လင့်ပါတယ်။

**မေထက်၊ ဓာတ်ပုံ- အေးသန်း**

# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း ဈေးကားများဖြင့် ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိ



နေပြည်တော် မေ ၂၈

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UM-FCCI)၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါး၊ ငါးပိ၊ အမဲသား၊ ဆိတ်သား၊ ကြက်သား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥ စသည့် ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား ပြည်ထောင်စုနယ်မြေ(နေပြည်တော်) စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း လျှောင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ ၂၀၂၅ ခုနှစ် မတ် ၃၀ ရက်မှစ၍ သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး မေ ၂၈ ရက်တွင် ၅၈ ရက်မြောက်အဖြစ် ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

မေ ၂၈ ရက်တွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) အတွင်း ဝန်ထမ်းများနှင့် ပြည်သူများသို့ ဆန်ခြောက်ပြည်ပါ (မနောသုခ- Export Quality) ၃၃ အိတ်၊ ဆန်ငါးပြည်ပါ (ဖျာပုံပေါ်ဆန်း) ၁၈ အိတ်၊ ဆီ ပိဿာ ၁၂၀၀၊ ဆားရှစ်ပိဿာ ၂၅ ကျပ်သား၊ ကုလားပဲ ၂၀ ကျပ်သားပါ အိတ် ၃၅ ထုပ်၊ ငါးပိနှစ်ပိဿာ ၈၀ ကျပ်သား၊ ငါးတံခွန် ၁၀ ကျပ်သားပါ ၁၂ ထုပ်၊ ငါးပုတ်သင် ၁၀ ကျပ်သားပါ ၁၈ ထုပ်၊ ငါးနီတူခြောက် ၁၀ ကျပ်သားပါ အထုပ် ၂၀၊ အာပွဲခြောက် ၁၀ ကျပ်သားပါ ၂၂ ထုပ်၊ ငါးရောင်ခြောက် ၁၀ ကျပ်သားပါ ၁၂ ထုပ်၊ ကြက်ဥအလုံး ၃၄၀၊ ဘဲဥအလုံး ၆၀ ၊ ခေါက်ဆွဲခြောက် ၁၁ ထုပ်တို့ကို ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ် ဆက်လက်ရောင်းချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ထို့အပြင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ပူးပေါင်း၍ MSME ထုတ်ကုန်များ၊ လူသုံးကုန်များ၊ စားသောက်ကုန်များနှင့် မီးဖိုချောင်သုံးပစ္စည်းများ စသည့် ကုန်ပစ္စည်း ၁၀၇ မျိုးတို့ကို ပြည်ထောင်စုနယ်မြေ (နေပြည်တော်)အတွင်း လျှောင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ ဈေးကားကြီး (အရောင်းယာဉ်) ဖြင့် မေ ၅ ရက်မှစ၍ သက်သာသော ဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိသည်။ ထို့အပြင် ၂၀၂၅ ခုနှစ် မေ ၂၈ ရက်တွင် အမဲသား ပိဿာ ၉၀ ၊ ဝက်သား ပိဿာ ၁၀၀ တို့ကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်းနှင့် အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ထို့အတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် မေ ၂၈ ရက်တွင် ခရမ်းချဉ်သီး ပိဿာ ၁၀၀၊ အာလူး ပိဿာ ၃၀၀၊ ဂေါ်ဖီထုပ် ၁၀၀၊ ပန်းဂေါ်ဖီပွင့် ၁၀၀၊ ချင်း ၁၃ ပိဿာ၊ ကြက်သွန်ဖြူ ၁၆၆ ပိဿာ၊ ရွှေဖရုံသီး/ကျောက်ဖရုံသီး ၆၆ ပိဿာ၊ ခရမ်းသီး ၆၆ ပိဿာ၊ မုန်ညင်းဖြူ ပိဿာ ၁၀၀ ၊ ကိုက်လန် ပိဿာ ၂၀၊ မုန်လာဥနီ ၆၆ ပိဿာ၊ ရွတ်ပွ ၅၃ ပိဿာ၊ ဗိုလ်စားပဲ ၆၆ ပိဿာ၊ ဂေါ်ရခါးသီး ပိဿာ ၈၀ ၊ သခွားသီး ၃၃ ပိဿာ၊ ပြောင်းဖူး ၆၆ ပိဿာနှင့် လက်ဖက်ခြောက် ခြောက်ပိဿာတို့ကို သက်သာသော ဈေးနှုန်းများဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် အတွင်း လျှောင်ဘေးသင့်ဝန်ထမ်းနှင့် ပြည်သူများသို့ ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးခဲ့သည်။

အလားတူ မေ ၂၈ ရက်တွင် စစ်ကိုင်းမြို့၌ ဆန် ၂၄ ပြည်ပါ (ရွှေဝါထွန်း) သုံးအိတ်၊ စားအုန်းဆီ ၇၅ ပိဿာ၊ ဆား လေးပိဿာ၊ ကုလားပဲ ၁၀ ဘူး၊ ငါးပိ နှစ်ပိဿာ၊ ငါးနီတူခြောက် တစ်ပိဿာ၊ ပုစွန်ခြောက် ၁၀ ကျပ်သားပါ သုံးထုပ်၊ ကြက်ဥ ၇၅ လုံး၊ ဘဲဥအလုံး ၂၀၊ ကြက်သွန်နီ ရှစ်ပိဿာနှင့် အသားတု နှစ်ပိဿာတို့ကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး မန္တလေးမြို့၌ ဆန် ၂၄ ပြည်ပါ (မနောသုခ) ၁၅ အိတ်၊ စားအုန်းဆီ ပိဿာ ၂၂၀ ၊ ဆား ၅၀ ကျပ်သား၊ ကုလားပဲ ၂၅ ကျပ်သားပါ တစ်ထုပ်၊ ငါးပိတစ်ပိဿာ၊ ငါးနီတူခြောက် ၁၀ ကျပ်သား သုံးထုပ်၊ အာပွဲခြောက် ၁၀ ကျပ်သား လေးထုပ်၊ ကြက်ဥအလုံး ၂၆၆၀၊ ဘဲဥ ၆၁၅ လုံးနှင့် ခေါက်ဆွဲခြောက်ထုပ် ၄၀ တို့ကို သက်သာသော ဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးခဲ့ပြီး နေ့စဉ် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

◆ *ကျောဖုံးမှ*

အလားတူ မေ ၂၆ ရက်နှင့် မေ ၂၇ ရက်တို့တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သန်လျင်ခရိုင်၊ ဗိုလ်တထောင်ခရိုင်နှင့် သဃ်န်းကျွန်းခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်လေးစီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၉၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရ လည်းကောင်း၊ ပန်းဘဲတန်းမြို့နယ် ၂၇ လမ်း (အထက်ဘလောက်) (၃)လွှာ A အမှတ် (၂၀၀)ရှိ Say Oo Yin Wholesale ဆေးဆိုင်၌ မြန်မာနိုင်ငံဆေးဝါးမှတ်ပုံတင်အမှတ် မပါရှိသည့် တရားမဝင်ဆေးဝါး ၁၄၄ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၃၆၆၆၀၀)ကို အမျိုးသားဆေးဝါးဥပဒေအရ လည်းကောင်း၊ လှည်းကူးမြို့နယ်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင် အခြားသစ် ၀ ဒသမ ၉၁၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၃၂၈၈)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉၈၈၉၈၈၈ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မေ ၂၇ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာအနီး၌ မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် I Zone Diesel Truck တစ်စီး၊ Faw Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၀၀၀၀၀၀)ကိုလည်းကောင်း၊ ဗလမင်းထင်တံတားပူးပေါင်းစစ်ဆေးရေးဂိတ်အနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hoyun Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၃၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၂၀၀၀) ကို ယစ်မျိုးဥပဒေအရလည်းကောင်း၊ လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီခြောက်ပီပါ(ခန့်မှန်းတန်ဖိုးငွေကျပ်၂၇၆၀၀၀၀)ကို ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၉၁၂၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင် သစ်မာ ၁၁ ဒသမ ၇၃၃ တန်၊ အခြားသစ် ၆ ဒသမ ၆၆၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၄၉၇၇၉) ကို သစ်တောဥပဒေအရလည်းကောင်း၊ ညောင်ခါးရှည် X-Ray စက်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၇၉၀၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၉၃၃၉၇၇၉ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဟိုပုံးမြို့နယ် မိုင်းပွန်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် ဖာလိုင်ဘုန်းတော်ကြီးကျောင်း၊ အနောက်ဘက်ရောင်ကွင်းလမ်းအနီးတို့၌ မော်တော်ယာဉ် ၁၂ စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၆ မျိုး၊ လုပ်ငန်းသုံးပစ္စည်း ခြောက်မျိုး၊ စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၀၃၈၄၃၈)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ် ၁၂ စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၄၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၂၀၃၈၄၃၈ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရောဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဟင်္သာတမြို့နယ်၊ မအူပင်မြို့နယ်နှင့် မြောင်းမြမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်သုံးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မေ ၂၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အမရပူရမြို့နယ် ရတနာပုံတံတား(နှာပေါက်) ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ၁၅ ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၆၁၈၈၃)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း၊ ပြင်ဦးလွင်မြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့၌ တရားမဝင်ကျွန်းသစ် ၆ ဒသမ ၉၀၆ တန်၊ အခြားသစ် ၁၀ ဒသမ ၈၉၁ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၃၆၄၃၂၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ ရန်ကုန်-မန္တလေးလမ်းဟောင်း ပလိပ်မြို့အနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၆၀၈၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၀၀၀၀၀၀)နှင့် မြစ်ငယ်စစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လူသုံးကုန်ပစ္စည်း ရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၀၆၂၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀)တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၃၆၄၀၄၀၃ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

မေ ၂၆ ရက်၊ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၆၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၄၀၇၀၅၀၈)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေး ဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

## နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး လယ်ဝေးမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**နေပြည်တော် မေ ၂၈**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် ယနေ့ နံနက်ပိုင်းက လယ်ဝေးမြို့နယ် တည်ထောင် ကျေးရွာအုပ်စု ကြံဖိုစု ရွာဘုန်းတော်ကြီး ကျောင်း၌ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးရေး၊ မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံဆွေးနွေးသည်။



ဦးစွာ နေပြည်တော်ကောင်စီဝင်က စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ မိုးရာသီ စိုက်ပျိုးကေပြည့်မီရေး၊ ပန်းတိုင်အထွက်နှုန်းပြည့်မီရေး၊ တစ်နှစ်သုံးသီးစိုက်ပျိုး၍ သီးထပ်သီးညှပ်များကို Croping Pettern နှင့်အညီ စိုက်ပျိုးရန်၊ မိရိုးဖလာမွေးမြူရေးမှ စီးပွားဖြစ်မွေးမြူရန်၊ ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေး၊ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများတွင် တက်ရောက်နိုင်မည့် အခြေအနေများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများက ဒေသခံတောင်သူများအား ပေါ်ဆန်းစပါးမျိုးများ ပေးအပ်သည်။ ဆက်လက်၍ ကြံဖိုစုကျေးရွာအနီးရှိ ကွင်းအမှတ်(၁၇၆၇) တောင်သူဦးတင်အောင်၏ မြေပဲနှင့် နှမ်းသီးနှံများ စိုက်ပျိုးဖြစ်ထွန်းနေမှု၊ ကြံဖိုစုကျေးရွာ ဦးဇော်နိုင်လင်း၏ အသားတိုးကြက်မွေးမြူရေးခြံတွင် ကြက်ကောင်ရေ ၆၀၀၀ မွေးမြူထားရှိမှုတို့ကို ကြည့်ရှုအားပေးသည်။

မြို့နယ်(ပြန်/ဆက်)




အင်္ဂပူမြို့နယ်အသင်း တည်ထောင်ခြင်း နှစ်(၅၀)ပြည့် (ရွှေရတု) အထိမ်းအမှတ်အဖြစ် ဆေးရုံသုံး AMBULANCE ကားတစ်စီး လှူဒါန်းခြင်းကို မေ ၂၇ ရက်က အင်းစိန်မြို့နယ် အောင်ဆန်းတပ်ဦးကျောင်း၌ ပြုလုပ်ရာ ပြည်တွင်းပြည်ပ ကမ္ဘာ့ဗုဒ္ဓသာသနာပြု အောင်ဆန်းဆရာတော်ဒေါက်တာဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ၊ အင်္ဂပူမြို့နယ်အသင်း ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့်အဖွဲ့က မော်တော်ယာဉ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို ကွင်းကောက်မြို့နယ် ပြည်သူ့ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်ပြည့်ဖြိုးအောင်ထံ ပေးအပ်ပြီး ဆေးရုံအုပ်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။ တင်ဝင်းတင်



## နှမ်းသီးနှံ ပေါင်ကြီးတင် စက်ကိရိယာဖြင့် စိုက်ပျိုးမှု ကွင်းသရုပ်ပြ

**ပြည် မေ ၂၈**

စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ပူးပေါင်း၍ ပြည်မြို့နယ် သစ်ချိုတင်ကျေးရွာအုပ်စု ရှမ်းကုန်းကျေးရွာ တောင်သူ ဦးမြင့်နိုင် ကွင်းအမှတ် (၄၀၁) ၏ ယာမြေတွင် ယမန်နေ့က နှမ်းသီးနှံ ပေါင်ကြီးတင် စိုက်ပျိုးမှု ကွင်းသရုပ်ပြပွဲ ကျင်းပခဲ့သည်။

ကွင်းသရုပ်ပြပွဲတွင် ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇော်ဝင်းထွန်းက ပေါင်ကြီးတင်စနစ်ဖြင့် နှမ်းသီးနှံ တစ်ဧကပန်းတိုင်အထွက်နှုန်း တင်း ၂၀ နှင့်အထက် ထွက်ရှိရမည့် နည်းလမ်းများနှင့် အကျိုးကျေးဇူးများနှင့် အဓိကသီးနှံများ၏ ပန်းတိုင်အထွက်နှုန်းရရှိရေးကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်နှင့် ပြည်ခရိုင် စက်မှုလယ်ယာဦးစီးဌာနမှူး ဦးကိုကိုတို့က ခရိုင်အတွင်း လယ်ယာလုပ်သားများ လျှော့ချသုံးစွဲနိုင်ရန်နှင့် ခေတ်မီစက်ကိရိယာများ အသုံးပြု၍ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကို ရှင်းလင်းပြောကြားပြီး ကွင်းသရုပ်ပြခဲ့ကြောင်း သိရသည်။ **ကိုဆက်(ပြန်/ဆက်)**

## မကွေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးရှိ ရုံးဝန်ထမ်းများ၏ သားသမီးများအတွက် ပညာသင်စရိတ်ပေးအပ်

**မကွေး မေ ၂၈**

မကွေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးက တိုင်း၊ ခရိုင်၊ မြို့နယ်အတွင်းရှိ ဥပဒေအရာရှိများနှင့် ရုံးဝန်ထမ်းများ၏ ကျောင်းနေအရွယ်ကလေးများအား ပညာသင်စရိတ်ပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီက အဆိုပါရုံးရှိ ပါမောက္ခဦးလှအောင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဥပဒေချုပ်ဦးတင့်ဝေက တိုင်းဒေသကြီး ဥပဒေချုပ်ရုံးအနေဖြင့်လည်း တိုင်းအတွင်းရှိ ဥပဒေအရာရှိများနှင့် ရုံးဝန်ထမ်းများ၏ ကလေးများအား တိုင်းဒေသကြီး ဥပဒေအရာရှိတို့က မတည်ပြီး အထက်တန်း၊ အလယ်တန်း၊ မူလတန်းနှင့် KG အဆင့် ကျောင်းသား ကျောင်းသူများကို ပညာသင်စရိတ်အဖြစ် ပံ့ပိုးကူညီပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဥပဒေအရာရှိ ဒေါ်မိသန္တာမြင့်က ပညာသင်စရိတ်ပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူ ၂၄ ဦးအတွက် ငွေကျပ် ၁၂ သိန်းကို ပေးအပ်ခဲ့ကြောင်း သိရသည်။

မောင်ခိုင်မင်း (ပြန်/ဆက်)




## အွန်လိုင်းလိမ်လည်မှုနှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ခုနစ်ဦးကို မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် မေ ၂၈**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ - ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး (KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ကင်ညာနိုင်ငံသား လေးဦး၊ ဘူရွန်ဒီ နိုင်ငံသား သုံးဦး၊ စုစုပေါင်း ခုနစ်ဦးတို့အား မြန်မာ – ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။



ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များနှင့် တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင့်လွှဲပြောင်းပေးရေး လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ကင်ညာသမ္မတနိုင်ငံသံရုံးမှ Ambassador Mr. Lindsay Kiptiness 'ndc' (K) နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မေ ၂၈ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၁၀၂ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၆၉၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၀၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရေး ပြင်သစ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့ တောင်းဆို

ဂျကာတာ မေ ၂၈

အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုဆူဘီယန်တိုနှင့် အလည်အပတ်ရောက်ရှိနေသည့် ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်တို့သည် မေ ၂၈ ရက်က ဂါဇာကမ်းမြောင်ဒေသတွင် ပစ်ခတ်တိုက်ခိုက်မှုများကို ချက်ချင်း ရပ်တန့်ရန်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ အတားအဆီးမရှိ ဝင်ရောက်ခွင့်ရရှိရန် တောင်းဆိုခဲ့ကြသည်။

သမ္မတ ပရာဘိုဝိုသည် မက်ခရွန်ကို နိုင်ငံတော်နန်းတော်တွင် ကြိုဆိုခဲ့ပြီး ခေါင်းဆောင်နှစ်ဦး ကိစ္စရပ်အများအပြားကို ဆွေးနွေးခဲ့ကြသည်။ နိုင်ငံတကာဥပဒေများကို လေးစားလိုက်နာရန် အချင်းချင်း ညှိနှိုင်းဆောင်ရွက်ရေး သဘောတူညီခဲ့ကြသည်ဟု သမ္မတပရာဘိုဝို ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

ပါလက်စတိုင်း၏ လွတ်လပ်ရေးကို အစ္စရေးက အသိအမှတ်ပြုပါက အင်ဒိုနီးရှားအနေဖြင့် အစ္စရေး၏ အချုပ်အခြာအာဏာကို အသိအမှတ်ပြု၍ သံတမန်ဆက်ဆံရေး ထူထောင်မည်ဖြစ်ကြောင်း ပရာဘိုဝိုက အလေးအနက်ပြောကြားခဲ့သည်။

ဂါဇာကမ်းမြောင်ဒေသသို့ လိုအပ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ဝင်ရောက်ခွင့်ရရှိရေး လမ်းဖွင့်ပေးရန် အင်ဒိုနီးရှားနှင့် ပြင်သစ်နိုင်ငံတို့က တိုက်တွန်းကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဆင်ဟွာ



ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်နှင့် အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုဆူဘီယန်တို။



## ဟားဗတ်တက္ကသိုလ်နှင့် ချုပ်ဆိုထားသော အစိုးရစာချုပ်များကို အဆုံးသတ်ရန် အမေရိကန်သမ္မတ ထရမ့် လှုံ့ဆော်လျက်ရှိသည်ဟု မီဒီယာများတွင်ဖော်ပြ

ဝါရှင်တန် မေ ၂၈

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဟားဗတ်တက္ကသိုလ်နှင့်ချုပ်ဆိုထားသော စာချုပ်အားလုံးကို ရပ်ဆိုင်းရန် အစိုးရအေဂျင်စီအားလုံးကို ညွှန်ကြားထားသည်။

မစ္စတာထရမ့်က ဟားဗတ်တက္ကသိုလ်နှင့် ချုပ်ဆိုထားသော စာချုပ်များကို ပြန်လည်သုံးသပ်ရန်နှင့် အဆုံးသတ်ရန် အစိုးရအေဂျင်စီများသို့ မေ ၂၇ ရက်က စာတစ်စောင်ပေးပို့ညွှန်ကြားခဲ့သည်။

၎င်းတို့၏ သုံးသပ်ချက်များကို ဇွန် ၆ ရက် နောက်ဆုံးထားပြီး အကြောင်းပြန်ကြားရန်လည်း အဆိုပါညွှန်ကြားစာတွင် ထပ်မံဖော်ပြထားသည်။ အဆိုပါစာချုပ်များသည် အမေရိကန်ဒေါ်လာ သန်း ၁၀၀ ခန့်ရှိကြောင်း ဖော်ပြထားသည်။

မစ္စတာထရမ့်သည် အခွန်ထမ်းပိုက်ဆံတွေကို ကုန်သွယ်ရေးကျောင်းများ၊ ကုန်သွယ်ရေးအစီအစဉ်များနှင့် အစိုးရကျောင်းများသို့ပေးရန် စိတ်ဝင်စားလျက်ရှိကြောင်း အိမ်ဖြူတော်သတင်းထုတ်ပြန်ရေးအကြီးအကဲ ကာရိုလိုင်းလီယာဗစ်က မေ ၂၇ ရက်က ပြောကြားသည်။

အဆိုပါကျောင်းများသည် အမေရိကန်တန်ဖိုးများကို မြှင့်တင်နေပြီး အရေးကြီးဆုံးမှာ မိမိတို့၏ စီးပွားရေးနှင့် မိမိတို့၏လူ့အဖွဲ့အစည်းတွင် လိုအပ်နေသော အရည်အချင်းများအပေါ် အခြေခံ၍ နောက်မျိုးဆက်များကို ပညာပေးခြင်းပင်ဖြစ်ကြောင်း လီယာဗစ်က ပြောသည်။

လီယာဗစ်က ဟားဗတ်တက္ကသိုလ်မှ LGBTQ ဘွဲ့ရမေဂျာများထက် လျှပ်စစ်နှင့် ရေပိုက်သမားများ ပိုမိုလိုအပ်ကြောင်း အလေးပေးပြောကြားခဲ့သည်။ မစ္စတာထရမ့်သည် ဟားဗတ်တက္ကသိုလ် ရန်ပုံငွေ တစ်စိတ်တစ်ပိုင်းကို ရပ်တန့်ထားပြီးဖြစ်သည်။

အင်န်အိတ်ချ်ကေ

## နိုင်ဂျီးရီးယားနိုင်ငံ၌ ရေကြီးရေလျှံမှုကြောင့် လူပေါင်း ၁၂၁ ဦးခန့် သေဆုံးပြီး ၁ ဒသမ ၂ သန်းကျော် ဘေးလွတ်ရာတိမ်းရှောင်ခဲ့ရ

အဘူဂျာ မေ ၂၈

နိုင်ဂျီးရီးယားနိုင်ငံတွင် ၂၀၂၄ ခုနှစ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် လူပေါင်း ၁၂၁ ဦးခန့် သေဆုံးကာ ၁ ဒသမ ၂ သန်းကျော် ဘေးလွတ်ရာ တိမ်းရှောင်ခဲ့ရကြောင်း အမျိုးသား အရေးပေါ်စီမံခန့်ခွဲမှုအေဂျင်စီက မေ ၂၇ ရက်တွင် ပြောသည်။

ဘေးအန္တရာယ်ကြောင့် လူပေါင်း ၅ ဒသမ ၂ သန်းကျော် ဘေးသင့်မှုဖြစ်ပွားပြီး လယ်ယာမြေ ၁ ဒသမ ၄ သန်းကျော်လည်း ပျက်စီးဆုံးရှုံးခဲ့ကြောင်း အမျိုးသား အရေးပေါ်စီမံခန့်ခွဲမှုအေဂျင်စီ ညွှန်ကြားရေးမှူးချုပ် ဇူဘိုင်ဒါအူမာက ပြောသည်။ ထို့အပြင် ယမန်နှစ်တွင် နိုင်ဂျီးရီးယားနိုင်ငံ ပြည်နယ် ၃၆ ခုအနက် ၃၄ ခုမှာ ရေလွှမ်းမိုးမှုနှင့် ကြုံတွေ့ခဲ့ရကြောင်း ၎င်းက ဆက်ပြောသည်။

ယခုနှစ်တွင် ရေကြီးရေလျှံမှု၏ သက်ရောက်မှုကို လျှော့ချရန်အတွက် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး အကြီးတန်းအရာရှိက မြစ်ကမ်းဘေး ဒေသများတွင် ရေလွှမ်းမိုးမှုဒဏ်ခံနိုင်သည့် စီမံကိန်းများ ရေးဆွဲဆောင်ရွက်ရန် ရေနုတ်မြောင်းနှင့် ဆည်မြောင်း အခြေခံ အဆောက်အအုံများကို တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ရန် အစိုးရအဆင့်ဆင့်ကို တိုက်တွန်းထားသည်။

ဆင်ဟွာ

## ဆူဒန်၌ သီတင်းတစ်ပတ်အတွင်း ကာလဝမ်းရောဂါဖြစ်ပွားသူ ၂၇၂၉ ဦးနှင့် သေဆုံးသူ ၁၇၂ ဦး ရှိလာ

ခါတွန် မေ ၂၈

ဆူဒန်နိုင်ငံတွင် သီတင်းတစ်ပတ်အတွင်း ကာလဝမ်းရောဂါဖြစ်ပွားသူ ၂၇၂၉ ဦးနှင့် သေဆုံးသူ ၁၇၂ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက မေ ၂၇ ရက်တွင် ထုတ်ပြန်ကြေညာထားသည်။

ဖက်ဒရယ် အရေးပေါ်စီမံခန့်ခွဲရေးဌာန၏ အစည်းအဝေးတစ်ခုတွင် ပြည်နယ်များတွင် ကာလဝမ်းရောဂါဖြစ်ပွားမှု မြင့်တက်လာခဲ့ပြီး သီတင်းတစ်ပတ်အတွင်း ရောဂါဖြစ်ပွားသူ ၂၇၂၉ ဦးနှင့် သေဆုံးသူ ၁၇၂ ဦး ရှိသည်ဟု အစီရင်ခံဖော်ပြခဲ့သည်။

ရောဂါထပ်မံဖြစ်ပွားမှု၏ ၉၀ ရာခိုင်နှုန်းမှာ ခါတွန်ပြည်နယ်မှဖြစ်ကြောင်း သိရသည်။ နိုင်ငံ၏ ပဋိပက္ခဖြစ်ပွားမှုအတွင်း လျှပ်စစ်ဓာတ်အားနှင့် ရေပေးဝေရေးအခြေခံအဆောက်အအုံများ ပျက်စီးခဲ့ခြင်းကြောင့် အဆိုပါရောဂါဖြစ်ပွားရခြင်းဖြစ်သည်ဟု ခါတွန်ပြည်နယ် ကျန်းမာရေးဌာနအကြီးအကဲ ဖာသ်အယ်လ်ရာမန်အယ်လ်အာမင်က ယူဆထားသည်။ ထိုကဲ့သို့ ပျက်စီးဆုံးရှုံးမှုများက ဒေသခံများကို မသန့်ရှင်းသော သောက်သုံးရေများ သုံးစွဲခဲ့ရပြီး အကျိုးရလဒ်အနေဖြင့် ကူးစက်ရောဂါဖြစ်ပွားမှုများ တစ်ဟုန်ထိုးမြင့်တက်လာခြင်းဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

ကာလဝမ်းရောဂါဖြစ်ပွားမှုများကို လက်ခံကုသရန် ခါတွန်ပြည်နယ်တွင် သီးသန့်ခွဲခြားထားရေး စင်တာ ၁၀ ခု ဖွင့်လှစ်ထားကြောင်း အာမင်က ပြောသည်။ လာမည့်ရက်များအတွင်း ရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းသွားဖွယ်ရှိကြောင်း ၎င်းက ဆက်ပြောသည်။

ဆင်ဟွာ

## ဂါဇာ၏အခြေအနေသည် သည်းမခံနိုင်စရာရှိနေဆဲဟု အီးယူအဆင့်မြင့်ကိုယ်စားလှယ် ကာလပ်စ် ပြောကြား

ဘရပ်ဆဲလ် မေ ၂၈

ဥရောပသမဂ္ဂ (အီးယူ) ၏ နိုင်ငံခြားရေးရာနှင့် လုံခြုံရေးမူဝါဒဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ် ကာဂျာကာလပ်စ်က ဂါဇာကမ်းမြောင်၏ အခြေအနေမှာ သည်းမခံနိုင်စရာ ရှိနေဆဲဖြစ်ကြောင်း မေ ၂၈ ရက်တွင် ပြောကြားသည်။

အီးယူထိပ်တန်း သံတမန်ဖြစ်သူ ကာဂျာကာလပ်စ်က လူမှုကွန်ရက် X တွင် လိုအပ်သည်ထက် ကျော်လွန်သည့် ပစ်ခတ်တိုက်ခိုက်မှုများ လုပ်ဆောင်နေသည်ဟု အစ္စရေးကို စွပ်စွဲရေးသားထားသည်။

ထို့အပြင် ၎င်းက ဂါဇာတွင် အစ္စရေးတပ်မတော်၏ အင်အားအလွန်အကျွံသုံးစွဲမှုကို ပြစ်တင်ရှုတ်ချထားပြီး ဓားစာခံများ ပြန်လည်လွှတ်ပေးရေးနှင့် ဆွေးနွေးညှိနှိုင်းမှုများမှတစ်ဆင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးသို့ ဦးတည်သည့် အပစ်အခတ်ရပ်စဲရေးကို ပြန်သွားရန် တိုက်တွန်းထားသည်။



ဥရောပသမဂ္ဂ၏ နိုင်ငံခြားရေးရာနှင့် လုံခြုံရေးမူဝါဒဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ် ကာဂျာကာလပ်စ်။

ဂါဇာတွင် အစ္စရေးတပ်မတော်၏ စစ်ဆင်ရေးလှုပ်ရှားမှု၊ အင်အား အလွန်အကျွံသုံးစွဲမှုနှင့် အရပ်သား ထိခိုက်သေဆုံးမှုများမှာ သည်းခံနိုင်စရာမရှိကြောင်း၊ အရပ်သား အခြေခံ အဆောက်အအုံများကို ပစ်မှတ်ထား ဆက်လက်တိုက်ခိုက်မှုမှာလည်း လက်ခံနိုင်စရာ မရှိကြောင်း ၎င်းက ဆက်ပြောသည်။

ဆင်ဟွာ

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(ရွှေပြည်သာ) ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၈

**သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျသည် မေ ၂၆ ရက်က ရန်ကုန်ကွန်ပျူတာတက္ကသိုလ်သို့ရောက်ရှိပြီး ဇွန်လတွင် ကျောင်းပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေမှုများ၊ ဆိုလာတပ်ဆင်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး ကျောင်း၏သန့်ရှင်းရေးကောင်းမွန်စေရန်နှင့် ရေ၊ မီး၊ မိလ္လာ သန့်ရှင်းရေး ကောင်းမွန်အောင် ဆောင်ရွက်ရန်နှင့် တက္ကသိုလ်ပရဝဏ်အတွင်း သန့်ရှင်းသာယာရေးတို့အတွက် မှာကြားသည်။**



ယင်းနောက် ဒုတိယဝန်ကြီးသည် စာသင်ခန်းများ၊ ကွန်ပျူတာစက်ခန်း၊ Projector များ လုံလောက်မှုရှိ/မရှိ၊ စက်ခန်းများအတွင်းရှိ လျှပ်စစ်မီးသုံးစွဲမှု၊ Student Information System (SIS)ဖြင့် ကျောင်းအပ်လက်ခံနေမှုနှင့် ကျောင်းအဆောက်အအုံများကို ကြည့်ရှုစစ်ဆေးကာ အဆောက်အအုံ ပျက်စီးဆုံးရှုံးမှု မဖြစ်စေရန် ကြိုတင်စစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက ETRI Lab ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး Project နှင့် Intern လုပ်ဆောင်နေသော ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ပညာသင်လျှောက်ထားသူ ဆရာ ဆရာမများအား တွေ့ဆုံ၍ မိမိနိုင်ငံ တိုးတက်အောင် ဆောင်ရွက်စေလိုကြောင်း လမ်းကြောင်း မမှားစေရန် သတိပြုလုပ်ဆောင်ကြရန်နှင့် မျိုးဆက်သစ်လူငယ်များအား လက်ဆင့်ကမ်းဆောင်ရွက်စေလိုကြောင်း ဆုံးမဩဝါဒ ပြောကြားပြီး Smart Class Room သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် အစည်းအဝေးခန်းမတွင် ရန်ကုန် ကွန်ပျူတာတက္ကသိုလ်ရှိ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဌာနမှူးများနှင့်တွေ့ဆုံ၍ Academic Plan အတိုင်း ဆက်လက်ဆောင်ရွက်ရန်၊ နိုင်ငံတကာအဆင့်မီ IT ပညာရှင်များ မွေးထုတ်ပေးရန်နှင့် ဒေသအကျိုးပြု နိုင်ငံအကျိုးပြုလုပ်ငန်းများအား ဆရာ ဆရာမများက ဝိုင်းဝန်းဆောင်ရွက်ရန်နှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျောင်းသား ကျောင်းသူများအား ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီး အစိုးရစက်မှုလက်မှုသိပ္ပံ (ရွှေပြည်သာ)သို့ ရောက်ရှိပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဒုတိယနှစ်ဝက် ကျောင်းများဖွင့်လှစ်နိုင်ရေးအတွက် ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကိုမှာကြားပြီး ဌာနများနှင့် စာသင်ခန်းများ ပြင်ဆင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြို့ပြအင်ဂျင်နီယာဌာနတွင် အဆင့်မြင့်နည်းပညာများအသုံးပြုပြီး သံချောင်းများ၏ ခံနိုင်ရည်အားကို စမ်းသပ်နေမှုများအား လေ့ကျင့်ခြင်း၊ လျှပ်စစ်စွမ်းအား အင်ဂျင်နီယာဌာနတွင် ဆရာ ဆရာမများက ပညာသင်နှစ်အတွက် Logo!8, S7–1200, HMI Training Kit အား ပြင်ပကုမ္ပဏီမှ ပညာရှင်များနှင့် ပူးပေါင်း၍ သင်တန်းပေးသည်ကို ကြည့်ရှုအားပေးခြင်း၊ စက်မှုအင်ဂျင်နီယာဌာနတွင် ပြင်ပလုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ ကုမ္ပဏီမှဝန်ထမ်းများအား နည်းပညာ ကျွမ်းကျင်တတ်မြောက်မှုစွမ်းရည် ပိုမိုမြင့်မားလာစေရန် သင်တန်းသားများ လက်တွေ့လုပ်ငန်းများ ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လိုအပ်ချက်တင်ပြချက်များအပေါ် ဖြည့်ဆည်းပေးပြီး နိုင်ငံ့အကျိုးပြုလုပ်ငန်းများ၌ အထောက်အကူပြု ပါဝင်ဆောင်ရွက်နိုင်သော မျိုးဆက်သစ် နည်းပညာရှင်များ ဆက်လက်ပျိုးထောင်ပေးရန်၊ သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန်မြှင့်တင်ရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။ **သတင်းစဉ်**

# နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုး ပျဉ်းမနားနှင့် ဇမ္ဗူသီရိမြို့နယ်များရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး




နေပြည်တော် မေ ၂၈

နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းကြည့်ရှုရာ ဦးစွာ ပျဉ်းမနားမြို့နယ် မဲဇလီကုန်းကျေးရွာရှိ နွေစပါးစိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တောင်သူများအား စိုက်ပျိုးသည့် သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ သီးထပ်စွမ်းအား သီးနှံစိုက်စွမ်းအား တိုးမြှင့်နိုင်ရေး၊ မျိုး၊ မြေ၊ ရေ၊ နည်း စိုက်နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးနိုင်ရေးတို့ကို မှာကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် MAPCO နွားမွေးမြူရေးခြံသို့ ရောက်ရှိပြီး မွေးမြူထားရှိမှုအခြေအနေနှင့် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် နွားချေးဖြင့် သဘာဝမြေဩဇာထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။ ထိုမှတစ်ဆင့် ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာရှိ နွေစပါးစိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ အလျှင်လိုကျေးရွာရှိ နွေစပါးစိုက်ပျိုးထားရှိမှုနှင့် ဘဲမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ ရှားတောကျေးရွာရှိ နွားမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ **အောင်ကို(ပုဗ္ဗသီရိ)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# သဘာဝဘေးဒဏ်သင့်ကာလအလွန် စဉ်းစားချက်များ

**စောနိုင် (အသုံးချဘောဂဗေဒ)**

**သဘာဝဘေးအန္တရာယ်များနှင့် ပိုမိုရုန်းကန်ရမှု**

မိုးခေါင်ခြင်း၊ ရေကြီးခြင်းမှသည် မြေငလျင်၊ ဆူနာမီ၊ လေမုန်တိုင်းအထိ ထိခိုက်ပျက်စီးမှုအနည်း၊ အများသာကွာသည့် သဘာဝဘေးအန္တရာယ် အမျိုးမျိုးတို့ကို တိုတောင်းလှသော သက်တမ်းအတွင်း လူသားတို့ တွေ့ကြုံခံစားခဲ့ရပြီးဖြစ်သည်။ သဘာဝဘေးအန္တရာယ်များသည် လူ့အသိုက်အဝန်းများ၊ နိုင်ငံများ၏ လူ့စွမ်းအားအရင်းအမြစ်၊ ဥစ္စာခေအပါအဝင် ပိုင်ဆိုင်မှုမှန်သမျှကို အင်နှင့်အားနှင့် ဖျက်ဆီးပစ်နိုင်ကြောင်း လက်တွေ့ကျကျ မြင်တွေ့ခဲ့ကြရပြီးဖြစ်၏။ ထိုသို့ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ခဲ့ရသည့် နိုင်ငံများသည် နိုင်ငံထူထောင်ရေး၊ နိုင်ငံတည်ဆောက်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ အခြားသောနိုင်ငံများထက် ပိုမိုခက်ခဲ၏။ ပိုမိုရုန်းကန်ရ၏။

**ကြီးမားသော ဆုံးရှုံးနစ်နာမှုများ**

ကမ္ဘာပေါ်ရှိ သက်ရှိသတ္တဝါများထဲတွင် လူသားသည် အဖိုးတန်ဆုံးနှင့် အရေးပါဆုံးဖြစ်သည်။ လူ့အသိုက်အဝန်း ဖွံ့ဖြိုးတိုးတက်ရေး၊ သာယာစည်ပင်ရေး၊ အေးချမ်းသာယာရေးတို့အတွက် အဓိကအကျဆုံး ဇာတ်ကောင်လည်းဖြစ်သည်။ ထို့ကြောင့် သဘာဝဘေးဒဏ်ကြောင့် လူသားတို့၏ အသက်အန္တရာယ်ဆုံးရှုံးမှုသည် ပြန်လည်အစားထိုး မရနိုင်သည့် လူ့စွမ်းအားအရင်းအမြစ် ထိခိုက်မှုဖြစ်ပြီး လူ့အဖွဲ့အစည်းအတွက် ကြီးမားသော ဆုံးရှုံးနစ်နာမှုများပင်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်အမျိုးမျိုးကြောင့် နိုင်ငံများ၊ လူ့အဖွဲ့အစည်းများအတွင်းရှိအဖိုးတန်လူ့စွမ်းအားအရင်းအမြစ်များ ထိခိုက်ပျက်စီးမှုဖြစ်စေခဲ့သည်ကို မဝေးသေးသော အတိတ်ကာလများတွင် ကျရောက်ခဲ့သည့် သဘာဝဘေးဒဏ်သင့်အခြေအနေများက သက်သေအဖြစ်ပြသနေခဲ့ပြီဖြစ်၏။

၂၀၀၁ ခုနှစ်က အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ်တွင် ဖြစ်ပွားသည့် မြေငလျင်၌ လူပေါင်း ၁၃၀၀၀ မှ ၂၀၀၀၀ ကျော်၊ ၂၀၀၄ ခုနှစ်က အိန္ဒိယသမုဒ္ဒရာတွင် ဖြစ်ပွားခဲ့သော မြေငလျင်နှင့် ဆူနာမီလှိုင်းဒဏ်ကြောင့် အင်ဒိုနီးရှား၊ သီရိလင်္ကာ၊ အိန္ဒိယ၊ ထိုင်း၊ မော်လ်ဒိုက်နှင့် ဆိုမာလီယာနိုင်ငံတို့မှ လူပေါင်း ၂၀၀၀၀၀ ကျော်၊ ၂၀၀၅ ခုနှစ်က ပါကစ္စတန်နိုင်ငံ ကက်ရှ်မီးယားငလျင်တွင် လူပေါင်း ၈၇၀၀၀ ကျော်၊ ၂၀၀၈ ခုနှစ်က မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသတွင် တိုက်ခတ်ခဲ့သည့် နာဂစ်မုန်တိုင်းကြောင့် လူပေါင်း ၁၄၀၀၀၀ ကျော်၊ အဆိုပါနှစ်မှာပင် တရုတ်နိုင်ငံ စီချွမ်ဒေသတွင် လှုပ်ခတ်ခဲ့သည့် ငလျင်ကြောင့် လူပေါင်း ၇၀၀၀၀ ကျော်၊ ၂၀၁၀ ပြည့်နှစ် ဟေတီနိုင်ငံ ငလျင်တွင် လူပေါင်း ၁၀၀၀၀၀ မှ ၃၀၀၀၀၀ ကျော်၊ ၂၀၁၁ ခုနှစ် ဂျပန်နိုင်ငံတွင် လှုပ်ခတ်ခဲ့သည့် ငလျင်နှင့် ဆူနာမီဘေးအန္တရာယ်၌ လူပေါင်း ၁၉၀၀၀ ကျော် အသက်ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ခဲ့ပါသည်။ (Wikipedia နှင့် နိုင်ငံတကာသတင်းများ)

**မတူညီသောအခြေအနေများနှင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ဖြည့်ဆည်းမှု**

သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်မှု အတိုင်းအတာ ပမာဏသည် ဒေသတစ်ခုနှင့်တစ်ခု၊ တစ်နေရာနှင့်တစ်နေရာ တူညီကြမည်မဟုတ်။ ထို့ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများသည် လည်းကောင်း၊ ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုသည့် ငွေကြေးပမာဏ၊ လူ့စွမ်းအားအရင်းအမြစ်၊ အချိန်ကာလ၊ စီမံခန့်ခွဲမှုစသည့် အခြေအနေများသည်လည်းကောင်း ထပ်တူကျ တူညီနိုင်မည်မဟုတ်ပါ။ ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေဆဲမှာပင် ထပ်မံရင်ဆိုင် ဖြေရှင်းရမည့် နောက်ဆက်တွဲအခြေအနေ၊ အခက်အခဲအမျိုးမျိုး ဆက်လက်ပေါ်လာနိုင်သေးသည်။

> **❝ အခြေအနေတိုင်းတွင် စိန်ခေါ်မှု(အခက်အခဲ)နှင့် အခွင့်အလမ်းများ ယှဉ်တွဲရှိနေတတ်သည်။ အခက်အခဲများကို ရင်ဆိုင်ကျော်လွှားရင်း အခွင့်အလမ်းသစ်များကို ရှာဖွေနေရမည်။ သဘာဝဘေးဒဏ်သင့်ကာလအလွန် ပြန်လည်ထူထောင်ရေး အရှိန်အဟုန်ပြင်းထန်မှုသည်လည်း အရေးကြီးသည်။ အထူးသဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအားနည်းသော ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ထိုအချက်ကို ပို၍ အလေးထားသင့်သည်။ အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းနေရင်းမှာပင် ပေါ်ထွက်လာသော အခွင့်အလမ်းသစ်များ အမိအရဖမ်းဆုပ်၍ ပိုမိုကောင်းမွန်သည့် အခြေအနေသစ်များကို ဖန်တီးနိုင်ရမည်။ ထိုအခြေအနေမျိုးမရှိခဲ့ပါက စိန်ခေါ်မှုများသည် ကြီးသည်ထက်ကြီးမားလာနိုင်ပြီး အခက်အခဲများ ပိုမိုများပြားလာကာ ဆုံးရှုံးနစ်နာမှုများမှာ ကာလရှည် တည်မြဲသွားတတ်သည် ❞**

သဘာဝဘေးအန္တရာယ်အလွန် ကာလတွင် ရုပ်ဝတ္ထုပိုင်းဆိုင်ရာများ ဖြည့်ဆည်းပေးနိုင်သည့် အခြေအနေရှိနေသည့်တိုင် စိတ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကို ထိထိရောက်ရောက် ဖြည့်ဆည်းပေးနိုင်ရန်မှာ ထင်သလောက် လွယ်ကူနိုင်မည်မဟုတ်ပေ။ အချို့သောလူတို့၏ စိတ်ခံစားမှုများမှာ သေရာပါဒဏ်ရာများပင် ဖြစ်သွားနိုင်သည့်အခြေအနေရှိသည်ဟု ကျွမ်းကျင်သူများက ဆိုသည်။ ထို့ကြောင့် သဘာဝဘေးဒဏ်ကြောင့်ဖြစ်ခဲ့သည့် ဆိုးရွားသော စိတ်ခံစားမှုဝေဒနာများ သက်သာပြေလျော့စေရေးအတွက် စိတ်ပိုင်းဆိုင်ရာကျွမ်းကျင်သူများ၏ အကြံပေးချက်များ၊ ကုသမှုများ၊ ယုံကြည်ကိုးကွယ်ရာ ဘာသာရေးအဆုံးအမများဖြင့် ကုသဖြည့်ဆည်းပေးနိုင်ရန် လိုအပ်သည်။

**စီးပွားရေးအရ ဆုံးရှုံးနစ်နာမှုများမတူနိုင်**

သဘာဝဘေးအန္တရာယ်ကြောင့် ကြုံတွေ့ရသော စီးပွားရေးအရ ဆုံးရှုံးနစ်နာမှုများနှင့်ပတ်သက်၍ လေ့လာရာတွင် ဖွံ့ဖြိုးပြီး ချမ်းသာသောနိုင်ငံများထက် ဖွံ့ဖြိုးဆဲ ဆင်းရဲသောနိုင်ငံများက ထိခိုက်မှု၊ ဆုံးရှုံးနစ်နာမှု ပိုမိုများပြားသည်။ ဥပမာပေးရလျှင် လွန်ခဲ့သော ၁၅ နှစ်ခန့် ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလက ကာရစ်ဘီယံပင်လယ်ဒေသရှိ ဆင်းရဲနွမ်းပါးသော နိုင်ငံတစ်နိုင်ငံဖြစ်သည့် ဟေတီတွင် ပြင်းအား ရစ်ချ်တာစကေး ၇ ဒသမ ၀ ရှိသော ငလျင်လှုပ်ခတ်ခဲ့ပြီး အဆိုပါနှစ် ဖေဖော်ဝါရီလမှာပင် တောင်အမေရိကတိုက်ရှိ စီးပွားရေးအခြေအနေကောင်းမွန်သော ချီလီနိုင်ငံ၌ ရစ်ချ်တာစကေး ၉ နီးပါး ပြင်းအားရှိသည့် ငလျင်လှုပ်ခတ်ခဲ့သည်။

ငလျင်များ၏ဒဏ်ကြောင့် ဟေတီ၌ လူသေဆုံးမှု ခန့်မှန်းခြေတစ်သိန်းမှ သုံးသိန်းကျော်အထိ ရှိခဲ့ပြီး ဟေတီနိုင်ငံထက် ငလျင်ပြင်းအားပိုသည့် ချီလီနိုင်ငံတွင် လူသေဆုံးမှုမှာ လူဦးရေ ငါးရာဝန်းကျင်သာ ရှိခဲ့သည်ကို တွေ့ရသည်။ စီးပွားရေးအရ ဆုံးရှုံးမှုများတွင်လည်း ချီလီနိုင်ငံသည် ဟေတီနိုင်ငံထက် ပိုမိုနည်းပါးခဲ့သည်ကို တွေ့ရသည်။ ထို့ကြောင့် စီးပွားရေးဖွံ့ဖြိုးမှုအားကောင်းသည့် နိုင်ငံများသည် ဝင်ငွေနိမ့်၍ ဆင်းရဲနွမ်းပါးသည့် နိုင်ငံများထက် ထိခိုက်မှု ပိုမိုနည်းပါးသည်ဟု ကောက်ချက်ချခဲ့ကြသည်။

**သဘာဝဘေးအန္တရာယ်နှင့် လယ်ယာကဏ္ဍဆင်းရဲနွမ်းပါးမှု**

သဘာဝဘေးဒဏ်ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အခြေပြုနေထိုင်ကြသည့် လူ့အဖွဲ့အစည်းများ ထိခိုက်ပျက်စီးမှုရှိခဲ့ပါက ဆင်းရဲနွမ်းပါးမှုအခြေအနေပါ ပိုမိုဆိုးရွားလာနိုင်သည်ဟု သတိထားမိကြသည်။ ယခင်ကတည်းက ဝင်ငွေနည်းပါးလျက် လယ်ယာကဏ္ဍကို အမှီပြုနေသော ဆင်းရဲနွမ်းပါးသည့် လူ့အဖွဲ့အစည်းများတွင် နေ့စဉ်စားဝတ်နေမှု အခြေခံလိုအပ်ချက်များအတွက် ပိုမိုခက်ခဲစွာ ရုန်းကန်ရသည့် အခြေအနေဖြစ်လာသည်။ စိုက်ပျိုးသီးနှံ ထိခိုက်ပျက်စီးမှုများကြောင့် သီးနှံအထွက်လျော့မှု၊ ဝင်ငွေကျဆင်းမှုများရှိလာသဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်နိုင်ရေး၊ (ချေးငွေများ ရယူထားမိပါက) ချေးငွေများ ပြန်လည်ပေးဆပ်နိုင်ရေးတို့အတွက် ၎င်းတို့လုပ်ငန်းသုံးစက်ကိရိယာ၊ ကျွဲ၊ နွား အပါအဝင် အခြားသောပိုင်ဆိုင်မှုများ ရောင်းချဖြေရှင်းမှုများ ပြုလုပ်ကြရသည်။

ထို့ကြောင့် တောင်သူလယ်သမားများ ချေးငွေပြန်လည်ပေးဆပ်ရန်နှင့် လုပ်ငန်းဆက်လက်လုပ်ဆောင်နိုင်ရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် အထောက်အကူပြုအစီအစဉ်များဖြင့် ကုစားပေးရန်လိုသည်။ ၎င်းတို့ကို ထောက်ပံ့ကူညီမှုများ ထိထိရောက်ရောက် ပြုလုပ်မပေးနိုင်ခဲ့ပါက **“ဆင်းရဲနွမ်းပါးမှုထောင်ချောက်များ (poverty trap) အတွင်းသို့ ကာလရှည်ကျရောက်သွားနိုင်သည်”**ဟု သုတေသီ၊ ပညာရှင်တို့က သုံးသပ်ကြသည်။ သဘာဝဘေးဒဏ်သင့်ခဲ့သည့် နိုင်ငံအချို့ကြုံတွေ့ခဲ့ရသော အတွေ့အကြုံများ၊ အချက်အလက်၊ အထောက်အထားများအရ သဘာဝဘေးဒဏ်ခံရသည့် ဒေသများတွင် ဆင်းရဲနွမ်းပါးမှုနှုန်း မြင့်တက်လာသည်ဟု ဆိုကြသည်။

**ဖွံ့ဖြိုးဆဲနိုင်ငံများရှိ အနာဂတ်မျိုးဆက်များအပေါ် သက်ရောက်မှု**

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဆင်းရဲနွမ်းပါးသည့် မိသားစုရာခိုင်နှုန်း များပြားသဖြင့် သဘာဝဘေးဒဏ်သင့်ကာလအလွန်၌ စီးပွားရေးပြန်လည်နာလန်ထူနိုင်ရေးအစီအစဉ်များကို ထိထိရောက်ရောက် မလုပ်ဆောင်နိုင်ပါက နိုင်ငံအတွင်းရှိ ဆင်းရဲနွမ်းပါးသည့် မိသားစုများအပေါ် သက်ရောက်မှုပိုမိုကြီးမားလာနိုင်သည်။ ထိုမိသားစုများ၏ ရှင်သန်ရပ်တည်မှု ပိုမိုခက်ခဲလာပြီး အနာဂတ်ကာလ မျိုးဆက်သစ်များအထိပါ သက်ရောက်မှုများဖြစ်လာနိုင်သည်ဟု သုံးသပ်ကြ၏။ ဆင်းရဲနွမ်းပါးသည့် အိမ်ထောင်စုအများစုတွင် မိသားစုဝင်ငွေ ဖြည့်ဆည်းနိုင်ရေးအတွက် သားသမီးများကိုကျောင်းထုတ်၍ အလုပ်ခိုင်းစေမှုများပြားလာသဖြင့် အခြေခံပညာရေးကဏ္ဍ၌ ကျောင်းတက်ရောက်သည့်ဦးရေ ကျဆင်းလာနိုင်သည်။

အကျိုးဆက်အားဖြင့် အဆိုပါနိုင်ငံ၏ အနာဂတ်ကာလ စာပေတတ်မြောက်မှုနှုန်း လျော့ကျလာပေလိမ့်မည်။ မိုးခေါင်ရေရှားသည့်ဒဏ် ခံရလေ့ရှိသော တန်ဇန်းနီးယား၊ ဇင်ဘာဘွေ စသည့် အာဖရိကနိုင်ငံများတွင် ကျောင်းပညာရေးစိတ်ဝင်စားမှု နည်းပါးသော၊ အာဟာရချို့တဲ့၍ မှတ်ဉာဏ်စွမ်းရည်ချို့တဲ့သော ကလေးနှင့်လူငယ်အရေအတွက် မြင့်တက်လာခဲ့ပြီး ဝင်ငွေနိမ့်ကျသော လုပ်သားအင်အားများပြားလာသည်ဟု လေ့လာမှုစစ်တမ်းများက ထောက်ပြထားကြသည်။

**ပြန်လည်နာလန်ထူနိုင်ရေး မည်သို့မည်ပုံ**

သဘာဝဘေးဒဏ်သင့်နိုင်ငံများတွင် ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့်အတူ နိုင်ငံအတွင်းရှိ ကဏ္ဍစုံ ပြန်လည်နာလန်ထူနိုင်ရေးအားထုတ်မှုများကို လုပ်ဆောင်ရာ၌ မူဝါဒများရေးဆွဲခြင်း၊ အကောင်အထည်ဖော်ရခြင်းလုပ်ငန်းများသည် (ပုံမှန်အခြေအနေနှင့်လုံးဝမတူ) ရှုပ်ထွေး၊ ခက်ခဲလျက် စိန်ခေါ်မှုများပြည့်လျက်ရှိနေသည်။

ပျက်စီးသွားခဲ့သော နေအိမ်၊ အဆောက်အအုံ၊ ပိုင်ဆိုင်မှုပစ္စည်း စသဖြင့် ရုပ်ဝတ္ထုပိုင်းဆိုင်ရာများ ပြန်လည်ဖြည့်ဆည်းပေးရာတွင် လည်းကောင်း၊ ခံစားခဲ့ရသော စိတ်ပိုင်းဆိုင်ရာဝေဒနာများ လျော့ပါးသက်သာစေရေး ကုစားပေးရာတွင်လည်းကောင်း ငွေကြေးနှင့် လူ့စွမ်းအားအရင်းအမြစ် အင်နှင့်အားနှင့် လိုအပ်သည်။ ရုပ်ဝတ္ထုပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းထောက်ပံ့ပေးနိုင်သည့်တိုင် စိတ်ပိုင်းဆိုင်ရာဝေဒနာများ လျော့ပါးသက်သာစေရေးအတွက် လုပ်ဆောင်ပေးရာတွင် ထင်သလောက်မလွယ်ကူပေ။ ဘာသာရေး အဆုံးအမများဖြင့် လည်းကောင်း၊ စိတ်ပညာဆိုင်ရာနည်းလမ်းများဖြင့် လည်းကောင်း အကြံပေးခြင်း၊ ဆွေးနွေးနှစ်သိမ့်ပေးခြင်းတို့ ပြုလုပ်ပေးနိုင်သူ ကျွမ်းကျင်သည့် လူ့စွမ်းအားအရင်းအမြစ်များစွာ လိုအပ်ပေသည်။

လူတစ်ဦးချင်းစီနှင့် အဖွဲ့အစည်းများ၏ စီးပွားရေးပြန်လည်ရှင်သန်နိုင်ရေးအတွက် အစိုးရအနေဖြင့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အကူအညီ အထောက်အပံ့များ လျင်လျင်မြန်မြန်ပေးနိုင်သည့် အစီအမံများ လုပ်ဆောင်ပေးနိုင်မှုသည် အရေးကြီး၏။ သဘာဝဘေးဒဏ်သင့် နိုင်ငံတစ်နိုင်ငံ၊ လူ့အဖွဲ့အစည်းတစ်ရပ်က လုပ်ဆောင်ရမည့် ပြန်လည်ထူထောင်ရေး အသေးစိတ်စီမံချက်များတွင် အားနည်းချက်၊ အားသာချက်၊ စိန်ခေါ်မှုနှင့် အခွင့်အလမ်းများကို အုပ်စုခွဲ၍ အုပ်စုတစ်စုချင်း အသေးစိတ်ဖော်ထုတ်လျက် ဆက်စပ်လုပ်ဆောင်ရန် လိုအပ်ပါသည်။

**စိန်ခေါ်မှုများကို ရင်ဆိုင်ရင်း အခွင့်အလမ်းရှာ**

**အခြေအနေတိုင်းတွင် စိန်ခေါ်မှု( အခက်အခဲ) နှင့် အခွင့်အလမ်းများ ယှဉ်တွဲရှိနေတတ်သည်။ အခက်အခဲများကို ရင်ဆိုင်ကျော်လွှားရင်း အခွင့်အလမ်းသစ်များကို ရှာဖွေနေရမည်။ သဘာဝဘေးဒဏ်သင့်ကာလအလွန် ပြန်လည်ထူထောင်ရေး အရှိန်အဟုန်ပြင်းထန်မှုသည်လည်း အရေးကြီးသည်။**

*စာမျက်နှာ ၁၇ သို့*

# မှန်ကန်သောအာဟာရ အသိပညာပြည့်စုံစေရေး ဆရာဖြစ်သင်တန်းဖွင့်လှစ်

ရန်ကုန် မေ ၂၈

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် အမျိုးသမီးထုအတွင်း မှန်ကန်သောအာဟာရ အသိပညာပြည့်စုံစေရေး ခရိုင်အဆင့် ဆရာဖြစ်သင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက ဗဟန်းမြို့နယ်ရှိ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ကျင်းပသည်။



ဦးစွာ ရန်ကုန်တိုင်းဒေသကြီး မိခင်ကလေး စောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုဆွေက မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ အနေဖြင့် အာဟာရဆိုင်ရာ အသိပညာဗဟုသုတများရရှိပြီး ပြည်သူလူထုအတွင်း အာဟာရအသိပညာများ ဖြန့်ဖြူးပေးရန်နှင့် အာဟာရစောင့်ရှောက်မှုပေးနိုင်ရန်၊ မှန်ကန်သော သတင်းအချက်အလက်စကား ဆင့်ပွားဖြန့်ဝေနိုင်ရန်၊ မိခင်နှင့်ကလေးငယ်များ မှန်ကန်သောစားသောက်နေထိုင်မှု ဓလေ့မြင့်မားလာပြီး အာဟာရပြည့်ဝစေရန်၊ အမျိုးသမီးများအနေဖြင့် အစားအစာကိုအရသာကောင်းမွန်စေရုံသာမက အစားအစာမှ အာဟာရလိုအပ်ချက် ပြည့်ဝစွာရရှိရေးကို အထူးသတိပြုဆောင်ရွက်တတ်စေရန် ရည်ရွယ်ဖွင့်လှစ်သဖြင့် သင်တန်းသူမိခင်နှင့်ကလေးအသင်းဝင်များမှတစ်ဆင့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ အတွင်းရှိ မိခင်၊ အမျိုးသမီးများထံ အသိပညာများ ပျံ့နှံ့စေရန် လိုအပ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနန္ဒဝင်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**

သန်လျင်မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုတို့ပူးပေါင်း၍ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးမည့် သမဝါယမအသင်းသားတောင်သူများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မေ ၂၆ ရက်က မြို့နယ်သမဝါယမအသင်းစုခန်းမ၌ အထွက်တိုးမျိုးစပါးများကို တောင်သူလက်ဝယ်အရောက်ပေးအပ်စဉ်။

သန်းဝင်း(သန်လျင်)



**ဇီဝမျိုးစုံ ကြွယ်စေဖို့**
**သဘာဝတောတွေ ထိန်းသိမ်းစို့**

---

*စာမျက်နှာ ၁၆ မှ*

**အထူးသဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အားနည်းသော ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ထိုအချက်ကို ပို၍ အလေးထားသင့်သည်။ အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းနေရင်းမှာပင် ပေါ်ထွက်လာသော အခွင့်အလမ်းသစ်များ အမိအရဖမ်းဆုပ်၍ ပိုမိုကောင်းမွန်သည့် အခြေအနေသစ်များကို ဖန်တီးနိုင်ရမည်။ ထိုအခြေအနေမျိုးမရှိခဲ့ပါက စိန်ခေါ်မှုများသည် ကြီးသည်ထက်ကြီးမားလာနိုင်ပြီး အခက်အခဲများ ပိုမိုများပြားလာကာ ဆုံးရှုံးနစ်နာမှုများမှာ ကာလရှည် တည်မြဲသွားတတ်သည်။**

**ဘီသုံးလုံး (BBB) သို့မဟုတ် ပိုမိုကောင်းမွန်သော ပြန်လည်တည်ဆောက်မှု**

သဘာဝဘေးဒဏ်သင့် ကာလအလွန်တွင် ဘီသုံးလုံးဟု အတိုကောက်ခေါ်သည့် "ပိုမိုကောင်းမွန်သော ပြန်လည်တည်ဆောက်မှု" (Building Back Better) အခွင့်အလမ်းများ ရှိနေသည်ဟု ရှုမြင်သူများလည်းရှိသည်။ ဤနေရာတွင် "ပိုမိုကောင်းမွန်သော" (Better) ဝေါဟာရ၏ အဓိပ္ပာယ်ကို ရှင်းလင်းစွာ သဘောပေါက်ရန် အရေးကြီးသည်ဟု ဆိုသည်။ ပုဂ္ဂလိကတစ်ဦးချင်း ပိုင်ဆိုင်သည့်နေအိမ်၊ အဆောက်အအုံများကို ဖြစ်စေ၊ လမ်းများ၊ တံတားများ၊ ကျောင်းများ၊ ဆေးရုံများ စသဖြင့် အများပြည်သူနှင့် သက်ဆိုင်သော အခြေခံအဆောက်အအုံများကိုဖြစ်စေ ယခင်ကာလများထက် သဘာဝဘေးအန္တရာယ်ဒဏ် ပိုမိုခံနိုင်ရည်ရှိစေရန် လုံခြုံစိတ်ချရမှုစံနှုန်းများနှင့်အညီ ပြန်လည်တည်ဆောက်နိုင်ခြင်းဖြစ်သည်။

ထိုသို့ ပိုမိုကောင်းမွန်သော ပြန်လည်တည်ဆောက်မှုသည် အနာဂတ်ကာလများတွင် လူသားတို့၏ အသက်ဘေးအန္တရာယ်နှင့် စီးပွားရေးအရ ထိခိုက်နစ်နာဆုံးရှုံးမှုများကို ပိုမိုလျော့နည်းလာစေပြီး အသက်ရှင်ကျန်ရစ်သူများ၏ လူမှုစီးပွားဘဝများတွင် စိတ်သောကဖိစီးမှုများ တဖြည်းဖြည်းပြေလျော့လျက် စိတ်ပိုင်းဆိုင်ရာဒဏ်ရာများကို သက်သာရာရလာစေနိုင်သည်။ ထို့ကြောင့် **"ပိုမိုကောင်းမွန်သော ပြန်လည်တည်ဆောက်မှု"** ကို သဘာဝဘေးဒဏ်သင့်နိုင်ငံများက **"ဖွံ့ဖြိုးတိုးတက်မှုအတွက် ခုန်တက်နိုင်မှု"** (Development Leap) အခွင့်အလမ်းတစ်ခုအဖြစ် မှတ်ယူကြခြင်း ဖြစ်သည်။

ထိုသို့လုပ်ဆောင်ရာတွင် နိုင်ငံ သို့မဟုတ် လူ့အဖွဲ့အစည်းအတွင်း လူ့စွမ်းအားအရင်းအမြစ်ရရှိနိုင်မှု၊ အရပ်ဒေသနှင့်သင့်လျော်သော နည်းလမ်းတို့ အသုံးပြုမှုတို့ကို ထည့်သွင်းစဉ်းစားနိုင်ရမည်။ ဆိုလိုသည်မှာ တည်ဆောက်မှုများသည် ဒေသခံလူများ၏ ဓလေ့ထုံးစံများ၊ နေထိုင်မှုပုံစံများနှင့် လိုက်လျောညီထွေရှိရန် လိုအပ်ခြင်းဖြစ်သည်။ ထိုသို့မဟုတ်ပါက သဘာဝဘေးဒဏ်ခံနိုင်ရည်ရှိသည်ဟုဆိုသည့်တိုင် လူနေထိုင်မှုအတွက် အထောက်အကူပြုနိုင်မည်မဟုတ်ပါ။

ဒေသခံလူများက ၎င်းတို့၏ ဓလေ့ထုံးစံ၊ နေထိုင်မှုပုံစံအရသင့်လျော်မှုမရှိ၊ ၎င်းတို့နှင့် အကျွမ်းတဝင်မရှိသော အိမ်ရာပုံစံများဟုယူဆပါက အကောင်အထည်ဖော်တည်ဆောက်ပြီးသောအိမ်ရာများတွင် လူနေထိုင်မှုမရှိသည့် နေအိမ်အရေအတွက်များပြားလာနိုင်ပြီး သက်ဆိုင်ရာအစိုးရ၏ အသုံးစရိတ်များသည်လည်း သဲထဲရေသွန်သကဲ့သို့ အကျိုးမရှိဖြစ်နိုင်သည်ဟု သုတေသီအချို့က သုံးသပ်ထားသည်။

**စဉ်းစားရမည့်အခြေအနေများ**

သဘာဝဘေးဒဏ်သင့် ဒေသများအတွက် အစိုးရများနှင့် အလှူရှင်များက ထိခိုက်ပျက်စီးမှုများကို လေ့လာသုံးသပ်၊ အကဲဖြတ်၍ ပြန်လည်တည်ဆောက်ရေးအစီအမံ ပြင်ဆင်မှုများနှင့်အတူ ကျွမ်းကျင်သူများကလည်း နည်းပညာဆိုင်ရာ အဆိုပြုချက် (Technical Proposal) များကို ရေးဆွဲကြသည်။ ထိုသို့ပြင်ဆင်ဆောင်ရွက်မှုများတွင် ငွေကြေးရန်ပုံငွေပမာဏ၊ ကျွမ်းကျင်ပညာရှင်များ၊ အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်းများ၏ အရည်အသွေး၊ အပ်နှင်းထားသော လုပ်ပိုင်ခွင့်အတိုင်းအတာ စသဖြင့် ဆက်စပ်မှုရှိသော အချက်များကိုပါ ထည့်သွင်းစဉ်းစားကြရသည်။

**❝ သဘာဝဘေးဒဏ်သင့်သူများအတွက် ပြန်လည်ထူထောင်ရေး၊ နေရာချထားရေးအစီအစဉ်များရေးဆွဲရာတွင်လည်း ဆက်စပ်သူများ၏အခွင့်အရေးများ (ဥပမာ တောင်သူလယ်သမားအခွင့်အရေးများနှင့် အမျိုးသမီးများဆိုင်ရာ အခွင့်အရေးများ)၊ မြေယာအခွင့်အရေး၊ မြို့ပြများတွင်ဖြစ်ပါက တရားမဝင် ကျူးကျော်နေထိုင်သူများနှင့် ပတ်သက်သည့်ကိစ္စရပ်များစသဖြင့် နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့်ကိစ္စရပ်များကိုပါ ထည့်သွင်းစဉ်းစားထားရန် လိုအပ်လာသည်။ နိုင်ငံတွင်းရှိ စီးပွားရေးအင်အားကြီးအုပ်စုများ၏ အကျိုးစီးပွားပဋိပက္ခများနှင့်ပတ်သက်၍လည်း စဉ်းစားချင့်ချိန် လုပ်ဆောင်ရန်လိုအပ်သည်။ လုပ်ငန်းစဉ်အစတွင် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားလုပ်ဆောင်ခြင်းမရှိခဲ့ပါက နောက်ပိုင်းကာလများတွင် စီးပွားရေး၊ လူမှုရေး မညီမျှမှုများ ပေါ်ပေါက်လာနိုင်ပြီး ဖြေရှင်းရခက်ခဲသည့်ပြဿနာများ ရှိလာနိုင်ပါသည် ❞**

**သဘာဝဘေးဒဏ်သင့်သူများအတွက် ပြန်လည်ထူထောင်ရေး၊ နေရာချထားရေးအစီအစဉ်များ ရေးဆွဲရာတွင်လည်း ဆက်စပ်သူများ၏အခွင့်အရေး များ (ဥပမာ တောင်သူလယ်သမားအခွင့်အရေး များနှင့် အမျိုးသမီးများဆိုင်ရာ အခွင့်အရေးများ)၊ မြေယာအခွင့်အရေး၊ မြို့ပြများတွင်ဖြစ်ပါက တရားမဝင် ကျူးကျော်နေထိုင်သူများနှင့် ပတ်သက်သည့်ကိစ္စရပ်များ စသဖြင့် နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့်ကိစ္စရပ်များကိုပါ ထည့်သွင်းစဉ်းစားထားရန် လိုအပ်လာသည်။ နိုင်ငံတွင်းရှိ စီးပွားရေး အင်အားကြီးအုပ်စုများ၏ အကျိုးစီးပွားပဋိပက္ခများ နှင့်ပတ်သက်၍လည်း စဉ်းစားချင့်ချိန် လုပ်ဆောင်ရန်လိုအပ်သည်။** လုပ်ငန်းစဉ်အစတွင် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားလုပ်ဆောင်ခြင်းမရှိခဲ့ပါက နောက်ပိုင်းကာလများတွင် စီးပွားရေး၊ လူမှုရေး မညီမျှမှုများ ပေါ်ပေါက်လာနိုင်ပြီး ဖြေရှင်းရခက်ခဲသည့်ပြဿနာများ ရှိလာနိုင်ပါသည်။

သဘာဝဘေးဒဏ်ကြောင့် ထိခိုက်ဆုံးရှုံးခဲ့သည့် **စီးပွားရေးအခြေအနေကို ပြန်လည်တည်ဆောက်ရာတွင် အချိန်တိုအတွင်း ယခင်အခြေအနေသို့ ပြန်လည်ရောက်ရှိရန်မှာ မလွယ်ကူနိုင်။ စီးပွားရေးအခြေအနေများသည် လည်းကောင်း၊ လူတို့၏ စိတ်ဆန္ဒများသည် လည်းကောင်း အမြဲမပြတ်ပြောင်းလဲနေတတ်သောကြောင့် ယခင်မူလအခြေအနေထက် new normal ဟုဆိုရမည့် အသစ်ဖြစ်ပေါ်လာသော ပုံမှန်အခြေအနေကိုသာ ကနဦးစဉ်းစားထားရမည်ဟုဆိုသည်။ new normal** အခြေအနေကိုလက်ခံလျက် စီးပွားရေးအခြေအနေ အရပ်ရပ်အပေါ်မူတည်၍ ကူညီအားပေးခြင်းသည်သာ လူတစ်ဦးချင်းစီနှင့် လူ့အဖွဲ့အစည်းများအတွင်းရှိ လတ်တလော ဆင်းရဲဒုက္ခများကို လျော့ပါးသက်သာစေပြီး လူမှုဖူလုံရေးအခြေအနေတို့ကို မြှင့်တင်နိုင်ကာ အနာဂတ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက်ပါ အထောက်အကူဖြစ်လာစေလိမ့်မည်။

**တန်ဖိုးမဖြတ်နိုင်သော**
**စိတ်ထားနှလုံးသားများနှင့်အတူ**

သဘာဝဘေးဒဏ် ကြုံတွေ့လာရသည့်အခါ သက်ဆိုင်ရာနိုင်ငံအစိုးရများ၊ တာဝန်ရှိအဖွဲ့အစည်းများသည် အရေးပေါ်စီမံခန့်ခွဲမှု (Emergency Management)၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု (Disaster Management) စသဖြင့် အခြေအနေအပေါ် မူတည်အသုံးပြုနိုင်သည့် စီမံခန့်ခွဲမှုစနစ်များကို လက်တွေ့ကြုံတွေ့မှုများနှင့်ကိုက်ညီစွာ ကျင့်သုံးလုပ်ဆောင်နိုင်ရေး အားထုတ်ကြရသည်။

နိုင်ငံအစိုးရများ၏ဦးဆောင်မှုနှင့်အတူ နယ်ပယ်အလိုက် ကျွမ်းကျင်သူများ၏ ပံ့ပိုးကူညီလိုမှု၊ (ဖွံ့ဖြိုးဆဲနိုင်ငံများတွင်) ပရဟိတစိတ်ထားအားကောင်းသော လူတစ်ဦးတစ်ယောက်ချင်းမှသည် အဖွဲ့အစည်းများအားလုံး ကိုယ်ချင်းစာတတ်၊ ကူညီတတ်၊ အနစ်နာခံတတ်သည့် တန်ဖိုးမဖြတ်နိုင်သော စိတ်ထား၊ နှလုံးသားများဖြင့် ပါဝင်လုပ်ဆောင်မှုများ အားကောင်းခဲ့ပါက သဘာဝဘေးဒဏ်သင့် လူ့အဖွဲ့အစည်းအတွင်းရှိ လိုအပ်ချက်များကို စွမ်းဆောင်ရည်ရှိရှိ၊ ထိထိရောက်ရောက် ကူညီပံ့ပိုးပေးနိုင်လိမ့်မည်ဖြစ်ပါသည်။ ။

ကိုးကား။ **https://www.un.org**

# ချောင်းဆုံမြို့နယ်၌ တိုင်းရင်းသားရေးရာ အသိပညာပေး

**ချောင်းဆုံ မေ ၂၈**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ တိုင်းရင်းသားရေးရာ အသိပညာပေးခြင်းနှင့် ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာ လိုအပ်ချက်ဆန်းစစ်စီမံခြင်း အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ကရင်ဝင်းစိန်ကျေးရွာ ကရင်စာပေခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးခင်မောင်ဦးက အမှာစကားပြောကြားပြီး ပြည်နယ်တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သန္တာလင်းက လုပ်ငန်းဆောင်ရွက်ချက်များ၊ အမုန်းစကား၊ အကြမ်းဖက်ဖြစ်စေရန် လှုံ့ဆော်မှုကို တားဆီးခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်ထောက်ညွှန်ကြားရေးမှူးက တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ၊ နည်းဥပဒေနှင့် ပတ်သက်သည့် အကြောင်းအရာများကို လည်းကောင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားစာပေသင်ကြားသည့် ဆရာ ဆရာမများ ခန့်ထားခြင်းဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူးက အမျိုးသမီး/မသန်စွမ်း၊ ကလေးသူငယ်အခွင့်အရေး လူငယ်ရေးရာ မူဝါဒများနှင့် လူမှုရေးပင်စင်ဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ မော်လမြိုင်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက နိုင်ငံသားအခွင့်အရေးနှင့် တိုင်းရင်းသားလူမျိုးများ၏ အမည်နာမဝိသေသရှေ့ဆောင်စကားလုံးများ ထည့်သွင်းခြင်းနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးဟောပြောသည်။



ဆက်လက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန တာဝန်ရှိသူများက ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာ လိုအပ်ချက်များကို စစ်တမ်းနမူနာပုံစံအား ရှင်းလင်းပြောကြားကာ စစ်တမ်းကောက်ယူခဲ့ရာ တက်ရောက်လာကြသည့် ဒေသခံ ၈၀ တို့က စစ်တမ်းမေးခွန်း ၂၄ ခုကို ဖြေဆိုကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**

# တာမွေမြို့နယ်၌ စိတ်ပိုင်းဆိုင်ရာပြုပြင်ပြောင်းလဲခြင်းဆိုင်ရာအသိပညာပေး

**ရန်ကုန် မေ ၂၈**

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းခရိုင် တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ)ဗဟို၏ စီစဉ်မှုဖြင့် ယမန်နေ့ နံနက်ပိုင်းက အဆိုပါအသင်းရုံး မေတ္တာစံအိမ်ခန်းမ၌ မူးယစ်ဆေးဖြတ်ပြီးသူများအား စိတ်ပိုင်းဆိုင်ရာပြုပြင်ပြောင်းလဲခြင်းနှင့် ပတ်သက်၍ အသိပညာပေးဆွေးနွေးပွဲ ကျင်းပသည်။



အဆိုပါ ဆွေးနွေးပွဲတွင် မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ) ဗဟိုဥက္ကဋ္ဌ ဦးစံရှိန်က ပွဲကျင်းပပြုလုပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး တိုင်းဒေသကြီး သစ်တောနှင့်စွမ်းအင်ဝန်ကြီး(ငြိမ်း) (ပထမအကြိမ်- ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့) ဒေါက်တာကျော်စိုးက မူးယစ်ဆေးဖြတ်ပြီးသူများအား စိတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားပေးကြောင်း သိရသည်။

**နိုင်လင်းအောင် (ပြန်/ဆက်)**

# မြို့သစ်မြို့နယ်၌ မိုးရာသီအကြိုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**မြို့သစ် မေ ၂၈**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် သစ်တောဦးစီးဌာနက သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် ရာသီဥတုမျှတကောင်းမွန်ရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအထောက်အကူပြု မိုးရာသီစုပေါင်းသစ်ပင်စိုက်ပွဲကို ယနေ့ နံနက်ပိုင်းက မြို့သစ်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ပျိုးပင် ၃၀၀ ကို မြို့သစ်မြို့ကပစ-၁၇ မှ စက်ရုံမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အသင်းအဖွဲ့များ၊ ဒေသခံများက စုပေါင်းစိုက်ပျိုးကြသည်။

**ကိုဇော် (ပြန်/ဆက်)**



# ဗဟန်းမြို့နယ်၌ ဆေးလိပ်နှင့် ဆေးရွက်ကြီး အန္တရာယ်ဆိုင်ရာ အသိပညာပေး

**ရန်ကုန် မေ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် အထက(၁) မိုးဦးပန်းခန်းမ၌ ယမန်နေ့က ဆေးလိပ်၊ ဆေးရွက်ကြီးအန္တရာယ် သိကောင်းစရာဟောပြောပွဲ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးကံဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် ကျန်းမာရေးဆရာမများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်သည်။

အခမ်းအနားတွင် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးမှူး ဒေါက်တာနီနီသော်က ဆေးလိပ်နှင့်ဆေးရွက်ကြီး ဆိုးကျိုးများ၊ ဖြစ်ပွားနိုင်သည့် ရောဂါများနှင့် သတိပြုလိုက်နာကြရမည့် အချက်များကို အသိပညာပေးဆွေးနွေးပြီး ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။




**အောင်မြင့်(ပြန်/ဆက်)**

# လယ်ဝေးမြို့နယ်အတွင်း ကျေးလက်လမ်း၊ တံတားများ ပြုပြင်ပြီးစီး

**နေပြည်တော် မေ ၂၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့နယ်အတွင်း ရာဂီသဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသည့် ကျေးလက်လမ်း၊ တံတားများပြုပြင်သည့် လုပ်ငန်းများကို မေ ၂၆ ရက်က ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးထွန်းဝေ၊ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်ကျော်ထွေး၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးမြင့်လွင်ဦးနှင့် တာဝန်ရှိသူများက ရာဂီသဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးသွားသောလမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး၊ အချိန်မီပြီးစီးစေရေးတို့ကို အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ကြံခင်းမြို့နယ်၌ မူခင်းကျဆင်းရေးနှင့် ကျန်မာရေးဆိုင်ရာ အသိပညာပေး

**ကြံခင်း မေ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ဆုံလဲအုပ်စု ဆိပ်သာကျေးရွာ အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ယမန်နေ့ နံနက်ပိုင်းက မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် တိုက်နယ်ပြည်သူ့ကျန်းမာရေးဌာနတို့ ပူးပေါင်း၍ မူခင်းကျဆင်းရေးနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြည်စိုးက အမှာစကားပြောကြားပြီး မူခင်းလျော့နည်းကျဆင်းရေးအတွက် ပြစ်မှုများ မဖြစ်ပွားစေရေး၊ ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေး ပြောကြားသည်။

ယင်းနောက် ဆိပ်သာတိုက်နယ်ဆရာဝန် ဒေါက်တာ စောသာဆဲနှင့် ကျေးလက်ကျန်းမာရေးမှူး ဦးကျော်လင်းထွန်းတို့က ရာသီအကူးအပြောင်းကာလများတွင် ဖြစ်တတ်သည့် ရာသီတုပ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါ တို့နှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

# အထက်မင်းလှမြို့နယ်၌ ဖူးစားပြောင်းသီးနှံခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

မကွေးတိုင်းဒေသကြီး အထက် မင်းလှမြို့နယ်အတွင်းရှိ ကျေးရွာ များတွင် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံ မျိုးစုံ စိုက်ပျိုးလျက်ရှိရာ ဖူးစား ပြောင်းသီးနှံကို ငါးကေခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

ဖူးစားပြောင်းသီးနှံကို မေလ တွင် စတင်စိုက်ပျိုး၍ စိုက်ပျိုးပြီး နှစ်လခွဲခန့်အကြာတွင် ခူးဆွတ်



ရကြောင်း၊ ထွန်ကြောင်းဆွဲအစေ့ချ စနစ်ဖြင့် ဖူးစားပြောင်းစေး(အဖြူ) မျိုးများကို စိုက်ပျိုးပြီး တစ်ကေ လျှင် မျိုးစေ့ ရှစ်ထုပ်ခန့် စိုက်ပျိုး ရကြောင်း၊ မျိုး၊ မြေပြုပြင်ခ၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ကေလျှင် စုစုပေါင်းငွေကျပ် ခုနစ်သိန်းခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ကေလျှင် ပြောင်းဖူးအရေအတွက် ၁၇၀၀၀ ခန့်ထွက်ရှိခဲ့ပြီး အမြတ်များ ရရှိခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် အထက်မင်းလှ-သရက် ကားလမ်း ဘေးရှိ ပြောင်းဖူးဒိုင်များသို့ တင်ပို့ရောင်းချကြောင်း၊ ယခု အချိန်တွင် ပြောင်းဖူးသီးနှံ စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း လျက်ရှိကြောင်း သိရသည်။

DOCA (မကွေး)

# ကျောက်ဆည်ခရိုင်၌ နေကြာမိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ဆီထွက်သီးနှံတစ်မျိုး ဖြစ်သော နေကြာ မိုးသီးနှံကို ကျောက်ဆည်မြို့နယ် တွင် ခြောက်ဧက၊ စဉ့်ကိုင်မြို့နယ်၌ ၁၆၄၇ ဧက၊ စုစုပေါင်း ၁၆၅၃ ဧက စိုက်ပျိုးထားရှိကြောင်း ခရိုင် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

နေကြာသီးနှံကို သီးထပ်သီးညှပ်စိုက်ပျိုးမှုနှင့် သီးသန့်စိုက်ပျိုးမှုဟူ၍ စိုက်ပျိုးကြကြောင်း၊ နေကြာ မိုးသီးနှံကို မတ်လနှင့်ဧပြီလများတွင် စိုက်ပျိုးကြပြီး ဇွန်လနှင့်ဇူလိုင်လများတွင် ရိတ်သိမ်းကြကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ကေလျှင် စုစုပေါင်း ငွေကျပ် ၂၅၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ကေလျှင် ၂၅-၂၇ တင်းခန့်ထွက်ရှိပြီး အကျိုးအမြတ်များ ရရှိခဲ့ကြောင်း၊ ယခုအချိန်တွင် မိုးရွာသွန်းမှု ကောင်းသောကြောင့် နေကြာသီးနှံ စိုက်ခင်းများမှာ အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ သီးနှံ ထွက်ပေါ်ချိန်တွင် အထွက်နှုန်းနှင့် ဈေးနှုန်း ကောင်းမွန်ပါက အကျိုးအမြတ် ပိုမိုရရှိမည်ဖြစ် ကြောင်း နေကြာစိုက်တောင်သူတစ်ဦးထံမှ သိရ သည်။

DOCA (မန္တလေး)

# ကျောက်ဆည်ခရိုင်၌ နှမ်းနွေသီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ



မန္တလေးတိုင်းဒေသကြီး ကျောက် ဆည်ခရိုင်အတွင်းရှိ ကျေးရွာများ တွင် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံ မျိုးစုံစိုက်ပျိုးလျက်ရှိရာ ဆီထွက် သီးနှံတစ်မျိုးဖြစ်သော နှမ်းနွေ သီးနှံကို ကျောက်ဆည်မြို့နယ် ၌ ၄၄၂၀၆ ဧက၊ စဉ့်ကိုင်မြို့နယ် ၌ ၂၃၄၄၄ ဧက၊ မြစ်သားမြို့နယ် ၌ ၂၉၂၀၈ ဧက၊ စုစုပေါင်း ၉၆၈၅၈ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်း ဦးစီးဌာန၏ စာရင်းများအရ သိရသည်။

နှမ်းနွေသီးနှံကို ဖေဖော်ဝါရီ လနှင့် မတ်လတွင် စိုက်ပျိုးပြီး ဇွန်လနှင့် ဇူလိုင်လများတွင် ထွက်ပေါ်ကြောင်း၊ နှမ်းဖြူ၊ နှမ်းညို၊ နှမ်းနက်မျိုးများကို စိုက်ပျိုးကြကြောင်း၊ နှမ်းနွေ သီးနှံကို ကြဲပက်စနစ်ဖြင့် စိုက်ပျိုး ကြပြီး တစ်ကေလျှင်မျိုးစေ့ သုံးပြည် ခန့် ကုန်ကျကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ကေလျှင် စုစုပေါင်းငွေကျပ် ၃၅၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ကေလျှင် ၈-၉ တင်းခန့်ထွက်ရှိကာ အကျိုး အမြတ်ရရှိခဲ့ကြောင်း၊ ယခုအချိန် တွင် မိုးရွာသွန်းမှုကောင်းသော ကြောင့် နှမ်းနွေသီးနှံစိုက်ခင်း များမှာ အသီးအပွင့်ဝေဝေဆာဆာ ဖြင့် အောင်မြင်ဖြစ်ထွန်းလျက် ရှိကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။

DOCA (မန္တလေး)

# ကန်စွန်းစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် အတွင်းရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းကို လုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက် ရှိရာ မိသားစုအပိုဝင်ငွေရရှိရန်အတွက် ကန်စွန်းပင် များကို စီးပွားဖြစ် စိုက်ပျိုးကြကြောင်း သိရသည်။

ကန်စွန်းပင်ကို စိုက်ပျိုးပြီး သုံး-လေးပတ်ခန့် အကြာတွင် ကန်စွန်းရွက်များ စတင်ခူးဆွတ်ရောင်းချ ရကြောင်း၊ ကန်စွန်းစိုက်ပျိုးရာတွင် ပေါင်ခတ်စနစ် ဖြင့် အစေ့ချစိုက်ပျိုးကြပြီး တစ်ကေလျှင် မျိုးစေ့ ၈-၁၀ ထုပ်ခန့် စိုက်ပျိုးရကြောင်း၊ မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ကေလျှင် စုစုပေါင်း ငွေကျပ် ၄၀၀၀၀၀-၄၅၀၀၀၀ ခန့် ကုန်ကျကြောင်း၊ တစ်ကေလျှင် ကန်စွန်းရွက် အစည်းပေါင်း ၂၅၀၀၀- ၃၀၀၀၀ ခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေ ဖြင့် ကုန်စိမ်းပွဲစားများက ကန်စွန်းစိုက်ခင်းအထိ လာရောက်ဝယ်ယူကြပြီး ပွဲစားများကတစ်ဆင့် ကျောက်ဆည်မြို့နှင့် မန္တလေးမြို့များသို့ တင်ပို့ ရောင်းချကြကြောင်း၊ ကန်စွန်းရွက်စိုက်ပျိုးခြင်း ဖြင့် အကျိုးအမြတ်ရရှိကာ မိသားစုအပိုဝင်ငွေရရှိ ကြောင်း ကန်စွန်းစိုက်တောင်သူတစ်ဦးထံမှ သိရ သည်။

DOCA (မန္တလေး)

## ၂၈ - ၅ - ၂၀၂၅ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၂၀၀ | | ၈၂၀၀ | ၂၅၀၀၀ | ၁၀၆၇၅ | ၂၅၀၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၉၅၀၀ | ၁၆၀၀၀ | ၃၅၀၀ | ၈၀၀၀ | ၃၀၀၀၀ | ၅၀၀၀၀ | ၃၀၀၀၀ | ၃၅၀၀၀ | ၂၈၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၂၀၀ | | ၇၅၀၀ | ၂၂၀၀၀ | - | ၁၇၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၄၈၀၀ | ၂၇၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၇၀၀၀ | ၂၀၀၀၀ | ၃၉၀၀၀ | ၃၂၀၀၀ | | ၁၈၀၀၀ |
| ၃ | တောင်ကြီး | ၃၃၀၀ | ၃၄၀၀ | ၆၅၀၀ | ၁၉၀၀၀ | ၇၃၂၀ | ၁၆၅၀၀ | ၂၀၀၀ | ၇၀၀၀ | ၁၅၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၂၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၅၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၃၂၀၀၀ | ၃၀၀၀၀ | ၃၅၀၀၀ | ၂၀၀၀၀ |
| ၄ | လွိုင်ကော် | ၄၅၀၀ | | ၈၂၀၀ | ၂၀၀၀၀ | ၇၂၀၀ | ၁၆၅၀၀ | ၁၈၀၀ | ၈၀၀၀ | | | ၄၅၀၀ | ၁၀၀၀ | ၁၀၅၀၀ | ၆၈၀၀ | ၅၀၀၀ | ၄၅၀၀ | ၅၇၀၀ | ၂၀၀၀၀ | ၃၅၀၀၀ | ၃၅၀၀၀ | | ၁၉၀၀၀ |
| ၅ | ဘားအံ | ၃၂၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၇၃၀၀ | ၁၂၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၂၀၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၉၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၆ | မော်လမြိုင် | ၃၀၀၀ | | ၅၂၀၀ | ၁၈၀၀၀ | ၇၂၆၀ | ၁၂၀၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၃၂၀၀၀ | ၂၀၀၀၀ | ၄၀၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၅၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၇၇၅၀ | ၁၃၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၁၅၅၀၀ | | ၇၀၀၀ | ၇၀၀ | ၁၀၅၀၀ | ၇၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၅၆၀၀ | ၂၀၀၀၀ | ၃၂၀၀၀ | ၂၂၀၀၀ | ၃၅၀၀၀ | |
| ၈ | မြိတ် | ၃၃၀၀ | | ၅၇၀၀ | ၂၀၀၀၀ | ၈၀၀၅ | ၁၆၀၀၀ | ၂၅၀၀ | ၁၀၀၀၀ | ၁၆၅၀၀ | | ၇၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၁၁၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၃၀၀၀ | ၃၄၀၀၀ | ၃၀၀၀၀ | ၄၀၀၀၀ | |
| ၉ | ရန်ကုန် | ၃၂၀၀ | | ၅၀၀၀ | ၂၀၅၀၀ | ၆၈၀၀ | ၁၂၀၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၂၀၀၀ | ၁၁၀၀၀ | ၆၅၀၀ | ၁၀၀၀၀ | ၄၈၀၀ | ၅၄၀၀ | ၂၃၀၀၀ | ၃၄၀၀၀ | ၃၀၀၀၀ | ၃၈၀၀၀ | ၁၂၀၀၀ |
| ၁၀ | ပုသိမ် | ၃၀၀၀ | | ၄၆၀၀ | ၂၃၀၀၀ | ၇၁၀၀ | ၈၅၀၀ | ၁၉၀၀ | ၁၀၀၀၀ | ၁၁၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၇၅၀ | ၁၁၀၀၀ | ၆၂၀၀ | ၁၂၀၀၀ | ၃၃၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၁၉၄၀၀ | ၂၉၀၀၀ | ၁၂၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၃၁၀၀၀ | - | ၆၅၀၀၀ | ၈၅၀၀ | ၃၀၀၀၀ | | | ၇၀၀၀ | ၁၄၀၀ | | ၁၃၅၀၀ | | ၉၅၀၀ | ၉၀၀၀ | ၃၈၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၅၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | | ၆၂၀၀ | ၁၈၀၀၀ | ၇၄၅၀ | ၁၀၀၀၀ | ၂၀၀၀ | ၈၀၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၄၅၀၀ | ၂၂၀၀ | ၁၀၀၀၀ | ၇၇၀၀ | ၉၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၂၃၀၀၀ | ၃၄၀၀၀ | ၃၀၀၀၀ | ၃၂၀၀၀ | ၁၂၀၀၀ |
| ၁၃ | မန္တလေး | ၃၅၀၀ | | ၆၅၀၀ | ၁၇၅၀၀ | ၇၅၀၀ | ၁၂၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၁၂၀၀ | ၉၂၀၀ | ၆၃၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၆၀၀၀ | ၃၄၀၀၀ | ၃၄၀၀၀ | ၁၈၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၈၀၀၀ | ၇၆၀၀ | ၁၂၀၀၀ | ၁၃၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၄၅၀၀ | ၁၁၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၆၀၀၀ | ၂၄၀၀၀ | ၃၅၀၀၀ | ၃၃၀၀၀ | ၃၂၀၀၀ | ၁၃၀၀၀ |
| ၁၅ | မကွေး | ၃၄၀၀ | | ၆၂၀၀ | ၁၆၅၀၀ | ၇၂၈၀ | ၁၁၅၀၀ | ၁၅၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၄၅၀၀ | ၁၂၀၀ | ၈၈၀၀ | ၇၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၅၅၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၁၀၀၀ | ၁၄၀၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၇၂၀၀ | ၁၁၀၀၀ | ၁၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | | ၅၀၀၀ | ၆၀၀ | | ၆၈၀၀ | ၉၀၀၀ | ၄၂၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၂၀၀ | ၁၀၀၀၀ | ၁၈၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၈၀၀ | ၉၀၀၀ | ၄၀၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၃၀၀ | | ၆၁၀၀ | ၁၈၄၀၀ | ၇၀၉၅ | ၁၆၄၀၀ | ၁၈၀၀ | ၁၁၀၀၀ | ၁၅၄၀၀ | ၁၀၈၀၀ | ၄၅၀၀ | ၁၆၀၀ | ၁၀၀၀၀ | ၆၄၀၀ | ၇၇၀၀ | ၄၈၀၀ | ၅၅၀၀ | ၁၈၆၀၀ | ၃၆၀၀၀ | ၃၀၀၀၀ | ၃၈၀၀၀ | ၁၄၅၀၀ |
| ၁၉ | နေပြည်တော် | ၃၃၀၀ | | ၆၁၀၀ | ၁၈၆၀၀ | ၇၀၉၅ | ၁၆၅၀၀ | ၂၀၀၀ | ၁၁၄၀၀ | ၁၅၆၀၀ | ၁၁၂၀၀ | ၄၇၀၀ | ၁၆၀၀ | ၁၀၆၀၀ | ၆၄၀၀ | ၈၀၀၀ | ၅၀၀၀ | ၅၅၀၀ | ၁၈၆၀၀ | ၃၆၀၀၀ | ၃၂၀၀၀ | ၃၈၅၀၀ | ၁၄၈၀၀ |
| ၂၀ | ကလေး | ၃၂၀၀ | | | ၂၀၀၀၀ | ၁၄၃၀၀ | ၂၂၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၂၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၆၅၀၀ | ၃၀၀၀၀ | ၄၀၀၀၀ | ၃၀၀၀၀ | ၄၈၀၀၀ | ၁၆၀၀၀ |

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါ ပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည် -

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမည် |
|---|---|---|
| ၁ | ၆၁/မမ/CE | Sheet Pile (450 mm x 150 mm x 12 mm x 12 m) (84)Nos ဝယ်ယူရန် |
| ၂ | ၆၂/မမ/ CME | ရွာထောင်စက်ရုံ ဝန်ထမ်းလိုင်းခန်းများနှင့် စက်ရုံသုံးအမှတ်(၁) ရေစက်ရုံနှင့် အမှတ်(၅) ရေစက်ရုံတို့တွင် ရေတင်သည့် ဆိုလာစနစ်တပ်ဆင်ရန်အတွက် Turnkey စနစ်ဖြင့် ဆောင်ရွက်ခြင်းလုပ်ငန်း |
| ၃ | ၆၃/မမ/ CME | ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွက် လိုအပ်သည့် လျှပ်စစ်အရန်ပစ္စည်း (၂၅)မျိုးဝယ်ယူရန် |
| ၄ | ၆၄/မမ/ CME | ရန်ကုန်မြို့ပတ် ရထားလမ်းပိုင်းအတွက် လိုအပ်သော လျှပ်စစ်အရန်ပစ္စည်း (၂၁)မျိုးဝယ်ယူရန် |

တင်ဒါပိတ်မည့်နေ့/အချိန် - အမှတ်စဉ် (၁) (၁၂ . ၆ . ၂၀၂၅ ) နေ့လည် ( ၂:၃၀ )နာရီ

အမှတ်စဉ် (၂)မှ (၄)အထိ (၁၉ . ၆ . ၂၀၂၅ ) နေ့လည် ( ၂:၃၀ )နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါ ဌာနတွင် ( ၂၉.၅.၂၀၂၅) ရက်နေ့မှ စတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း 294352, 291994

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## အမှတ်(၂)တည်ဆောက်ရေး
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း
## (တင်ဒါအမှတ်စဉ်-၂/၂၀၂၅-၂၀၂၆)

၁။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့်ဆောင်ရွက်လျက်ရှိသော စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းခရိုင်၊ ဟုမ္မလင်းမြို့နယ်ရှိ နမ့်ပငချောင်း အသေးစားရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ပစ္စည်းများတင်ဒါဘိလပ်မြေ(၁၃၃၅)တန်(စီမံကိန်းလုပ်ငန်းခွင်စခန်း) အရောက်ဝယ်ယူခြင်း (Lot-2)နှင့် မြစ်ကျောက်စရစ် (5~20mm)(၁၆၇၀)ကျင်း(စီမံကိန်းလုပ်ငန်းခွင်စခန်း)အရောက်ဝယ်ယူခြင်း (Lot-3)တို့အား အိတ်ဖွင့်တင်ဒါ တင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာများစတင်** - (၂၉-၅-၂၀၂၅)ရက်
**ရောင်းချမည့်ရက်နှင့်အချိန်** နံနက် (၉) နာရီ
**တင်ဒါလျှောက်လွှာများနောက်ဆုံး**- (၁၁-၆-၂၀၂၅)ရက်
**ရောင်းချမည့်ရက်နှင့်အချိန်** ညနေ (၁၆:၀၀)နာရီ
**တင်ဒါလျှောက်လွှာများ** - (၁၁-၆-၂၀၂၅)ရက်
**နောက်ဆုံးလက်ခံမည့်** ညနေ (၁၆:၀၀) နာရီ
**ရက်နှင့်အချိန်**

၃။ တင်ဒါလျှောက်လွှာပုံစံများနှင့် အသေးစိတ်အချက်အလက်များကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ်(၂)တည်ဆောက်ရေး၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) (၃)ရုံး၊ မန္တလေးတွင် သတ်မှတ်ရက်၊ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**ဆက်သွယ်ရန်ဖုန်း-၀၉-၂၆၆၈၈၂၁၂၃၊ ၀၉-၄၂၈၄၇၉၄၂၀**

**တင်ဒါကော်မတီ၊**
**စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊
## အမှတ်(၂)တည်ဆောက်ရေး၊
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း
## (တင်ဒါအမှတ် - ၂ /၂၀၂၅ -၂၀၂၆)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ်(၂)တည်ဆောက်ရေးမှ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခန္တီးခရိုင်၊ လဟယ်မြို့၏ အနောက်တောင်ဘက် (၂)မိုင်ခန့်အကွာတွင် ဆောင်ရွက်လျက်ရှိသော ဟွေထိုက်အသေးစား ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းများတွင် အသုံးပြုရန်အတွက် ကျပ်သန်း(၂၀၀)အထက်တန်ဖိုးရှိ ဘိလပ်မြေ (၂၀၉၅)တန် စီမံကိန်းလုပ်ငန်းခွင်စခန်းအရောက် ဝယ်ယူပို့ဆောင်ခြင်း (Lot-1)၊ အား ပြည်တွင်းတိုင်းရင်းသားလုပ်ငန်းရှင် ကုမ္ပဏီများသို့ မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံများနှင့် အသေးစိတ်အချက်အလက်များကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ်(၂)တည်ဆောက်ရေး၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)(၂)ရုံး၊ မန္တလေးမြို့တွင် သတ်မှတ်ရက်၊ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီတစ်ခုလျှင် ကိုယ်စားလှယ်တစ်ဦးသာ ကိုဗစ် - ၁၉ ရောဂါဆိုင်ရာအကာအကွယ် (Mask နှင့် Face Shield)များ ဝတ်ဆင်၍ လာရောက် ဝယ်ယူပေးပါရန် မေတ္တာရပ်ခံပါသည် -

**တင်ဒါလျှောက်လွှာပုံစံများ** - ၂၉-၅-၂၀၂၅ ရက်
**စတင်ရောင်းချမည့်** (နံနက် ၉:၀၀ နာရီ)
**ရက်နှင့်အချိန်**
**တင်ဒါလျှောက်လွှာပုံစံများ** - ၁၁-၆-၂၀၂၅ ရက်
**နောက်ဆုံးရောင်းချမည့်** (၁၆:၀၀ နာရီ)
**ရက်နှင့်အချိန်**
**တင်ဒါအဆိုပြုလွှာများ** - ၁၁-၆-၂၀၂၅ ရက်
**တင်သွင်းရမည့်ရက်နှင့်အချိန်** (၁၆:၀၀နာရီ)

**ဆက်သွယ်ရန်ဖုန်း- 09-252221557, 09-402627112**

**တင်ဒါကော်မတီ**
**စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ ဦးကျောက်ခဲလမ်း၊ မြေကွက်အမှတ်(၇၁၉)၊ (၄၀x၆၀)ပေ အနက်မှ တရားဝင်မခွဲစိတ်ရသေးသော ခေါင်းရင်းခြမ်း(အမှတ်-၇၂၂နှင့် ကပ်လျက်ခြမ်း) ဖြစ်သည့်အမှတ်(၇၁၉/က)၊(၂၀x၆၀)ပေရှိ မြေချပါမစ်အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့အား ဦးကျော်မြင့် အမည်ပေါက်မြေချပါမစ်မိတ္တူ၊ အဆက်စပ်စာချုပ်စာတမ်းတို့ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သက်မာမျိုး ၁၂/သဃက(နိုင်) ၁၃၄၇၅၈မှ ၎င်းလက်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ မြေချပါမစ်မိတ္တူဖြင့် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ်ချုပ်ဆို ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီး မြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဝယ်ယူသူ ဒေါ်ယမင်းထက်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသိန်းထူး LL.B** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၁၅)**
**ဦးဇော်မိုးလွင် LL.B** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၇၄)**

**ရုံး-ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မ၀တ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၄၄၄၃၅၃၅၃၊ ၀၉-၂၅၆၂၈၆၃၉၁**

## မိဘအမည်မှန်

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ အလက (ခွဲ)ကင်းချောင်း Grade-9 မှ မောင်သက်ပိုင်ဖြိုး၏ မိဘအမည်မှန်မှာ ဦးသန်းဇော်ဦး၊ ဒေါ်ကြည်ငွေး ဖြစ်ပါကြောင်း။

**ဦးသန်းဇော်ဦး၊ ဒေါ်ကြည်ငွေး**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ်၊ မင်းလွင်ကျောင်းကုန်း (အလက) Grade-7 တွင် ပညာသင်ကြားခဲ့သော မောင်မြင့်မြတ်နှင့် Grade-4 တွင် ပညာသင်ကြားနေသော မနွေနဒီစိုးတို့၏ ဖခင်အမည်မှန်မှာ ဦးချာချီ ၈/ငဖန(နိုင်)၀၃၈၁၈၀ ဖြစ်ပါကြောင်း။ **ဦးချာချီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရန်အောင် (၂)ရပ်ကွက်၊ နယ်မြေ(၁၄)၊ မီးရထားဝင်းနေ (ဘ)ဦးစိန်ဝင်း၏သား ဦးတင်ငွေးဝင်းနှင့် ဦးတက်တိုး ၉/ပမန(နိုင်)၂၉၃၅၀၆ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးတင်ငွေးဝင်း(ခ)ဦးတက်တိုး**

## ဖခင်အမည်မှန်

တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ်၊ အထက (မောတောင်)ကျောင်း Grade-3မှ မောင်ဟိန်းမင်းသူ၏ ဖခင်အမည်မှန်မှာ ဦးအောင်မိုးကျော် ၈/ဆဖန (နိုင်)၁၀၅၁၀၁ ဖြစ်ပါကြောင်း။

**ဦးအောင်မိုးကျော်**

## အမည်ပြောင်း

ထားဝယ်မြို့၊ ဝဲကျွန်းထိန်သစ်ရပ်နေ ဦးဝင်းဇော်ဦး-ဒေါ်မြင့်မြင့်ဝေတို့၏သား မဟာရွှေဂုဏ်ထူးကိုယ်ပိုင် အထက်တန်းကျောင်း Grade-6 မှ မောင်ဥက္ကာအား မောင်အောင်ကိုရှိုင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်အောင်ကိုရှိုင်း**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ ကွင်းအမှတ်- ၁၀၃၉A၊ ကွင်းအမည်-သဖန်းပင်ကွင်း၊ ဦးပိုင်အမှတ်(၃၈/၃)၊ မြေလုပ်ကိုင်သူအမည် - ဒေါ်ရီရီမြင့်၊ ဧရိယာ(၀.၀၇)+(၀.၀၂)ဧက(၄၀x၁၀၀)ပေရှိမြေကွက် အပါအဝင် ယင်းမြေကွက်နှင့်စပ်လျဉ်းသော အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထား ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ရီရီမြင့် (၁၁/အမန(နိုင်)၀၀၄၀၅၉)ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်ရင်ငြိမ်းအေး(၁၂/လကန(နိုင်) ၁၇၇၂၅၅)(ဘ)ဦးလှရွှေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယုယုလွင် (LL.B,D.B.L) (စဉ်-၁၅၇၄၅)**
**(တရားလွှတ်တော်ရှေ့နေ)**
**မေဃဝတီ(၁)လမ်း၊ ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့။ ဖုန်း-၀၉ ၇၉၇၆၅၄၂၅၀**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော
## မြေအမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

တောင်ငူမြို့၊ (၁၁)ရပ်ကွက်၊အကွက်အမှတ်(၅-က)၊ ဈေးတန်း၊ ဦးပိုင်အမှတ်(၆၆-င)၊ ဧရိယာ(၀ဒသမ၀၅၉)ဧကရှိ အောက်ဖော်ပြပါအလားအလာရှိသည့်-

(က) အရှေ့လားသော် - ဦးပိုင်(၆၆-စ)
(ခ) အနောက်လားသော် - ဦးပိုင်(၆၆-ဃ+၆၆-ခ)
(ဂ) တောင်လားသော် - ဦးမဲ့လမ်း
(ဃ) မြောက်လားသော် - ဦးပိုင်(၆၅)

အထက်ဖော်ပြပါ မြေကို (ဘိုးဘပိုင်အမည်ပြောင်း) ပေးရန် ဦးဟန်လင်းထွန်းမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကိုပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၅ခုနှစ်၊ ဇွန်လ ၂၂ရက် မတိုင်မီဆိုင်ရာ စာရွက်စာတမ်းအထောက် အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ **မြို့နယ်ဦးစီးဌာနမှူး**

**တောင်ငူမြို့နယ်မြေစာရင်းဦးစီးဌာန၊ တောင်ငူမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ဆင်ဖြူရှင်ရပ်၊ ဆင်ဖြူရှင်ရပ်ကွက်ရှိ ဒု-တပ်ကြပ်လေးလွင် (ကိုယ်ပိုင်အမှတ် ၆၄၀၄၈၄)၊ ၁၃/လရန (နိုင်)၀၁၄၅၃၃ (ဘ)ဦးထွန်းရွှေ အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(င) ၁၆၁၃ အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်ချိုချိုမာ ၁၃/လရန(နိုင်)၀၁၄၅၃၉ (ဘ) ဦးကျော်မှ တရားဝင်အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ ဒု-တပ်ကြပ် လေးလွင် သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်၊ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်း နှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (သကတ-၂)၊ အမှတ် (၇) ရပ်ကွက်၊ ဗညားဒလလမ်း၊ မြေကွက်အမှတ် (၇၆၃/က)၊ မြေအကျယ် (၂၀x၆၀)ပေ ဦးလှရွှေ အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်)အနက်မှ ခြေရင်းခြမ်းမြေ (၁၀x၆၀)ပေရှိ မြေကွက်နှင့် (ရေတုံကင်)အပါ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေကွက်အမည် ပေါက် ဦးလှရွှေထံမှတစ်ဆင့် ဝယ်ယူထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဦးမြထွန်း (၁၂/လမန(နိုင်) ၁၃၃၅၈၉)၊ ဒေါ်ခိုင်ခိုင်ဝင်း (၁၂/မရက(နိုင်)၁၂၅၆၃၉)တို့မှ ရောင်းချရန် ကမ်းလှမ်းခဲ့သဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမင်းထိုက်ချို (၁၀/သထန(နိုင်)၁၇၂၄၉၈)က အပြီးအပိုင်ဝယ်ယူပြီးဖြစ်ကြောင်းနှင့် ယနေ့အချိန်အထိ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ တရားဝင်လက်ရှိထားပိုင်ဆိုင်လျက်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးမင်းထိုက်ချို**
**(၁၀/သထန(နိုင်)၁၇၂၄၉၈)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ညိုမာထွေး (LL.B) တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၁၃၇၁/ခ)၊ သူရိယလမ်း၊ (၁၆)ရပ်ကွက်၊**
**လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၄၂၀၂၉၄၀၀၄**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1F/5138 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား အဟောင်းသည် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## ယာဉ်မှတ်ပုံတင်စာအုပ်
## မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၈ယ/၁၈၉၃, Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်ဇော် ၆/မမန (နိုင်)၁၃၅၁၆၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ်
## မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၂ယ/၈၃၅၅, Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုသူ ၆/မမန(နိုင်) ၂၀၂၅၇၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မြိတ်)**

## ဖောင်းကြွပျောက်
## လျှောက်ထားခြင်း

ယာဉ်အမှတ် 7F/3157,Mazda Titan WH63G, Light Truck ယာဉ်လက်ဝယ်ရှိသူဦးကျော်စိုးမိုး ၁၄/ပတေ(နိုင်)၀၅၁၄၂၁က ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားလာပါသဖြင့် ဤကြော်ငြာ ပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ်
## မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/25571, Dayang-110 ယာဉ်လက်ဝယ်ရှိသူ Ko Zaw Gyi Co.,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မိတ္ထီလာမြို့)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဇေယျာသီရိမြို့နယ်၊ ကျွန်းရောင်းအုပ်စု၊ ကြို့ပင်ဆိပ်ရွာနေ လခွဲကျောင်း Grade-9အောင် ချိန္ဒယ်ဦးနှင့် Grade-4 အောင် မောင်ထက်ပိုင်ဦးတို့၏ဖခင် ဦးမောင်ဇော်နှင့် ဦးမောင်မောင်ဇော် ၉/ပမန(နိုင်) ၂၄၂၀၄၀ သည်အမည်(၂) မျိုးကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

## အမည်ပြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သုခသိဒ္ဓိရပ်ကွက်နေ (ဘ) ဦးရှိန်းလူ၏သား G-2 မှ မောင်မြတ်ထူးမောင်အား ယနေ့မှစ၍ မောင်မြတ်ဘုန်းမောင်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

## အမည်မှန်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ အထက(ကျိုက္ခမီ)မှ Grade-10 အောင်မြင်ပြီးသူ (ဘ) ဦးအောင်မိုး၏သမီး မဝဒီခတ်၏ အမည်မှန်မှာ မဝတီခတ် ၁၀/သဖရ (နိုင်)၂၀၇၇၀၇ ဖြစ်ပါကြောင်း။

**မဝတီခတ်**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ငါးကြီးအိုင်ကျေးရွာ အလက G-3 မှ မသိင်္ဂီချမ်း၏ ဖခင်အမည်မှန်မှာ ဦးမင်းအချိုင်း ၃/ကကရ (နိုင်) ၂၂၉၁၉၁ဖြစ်ပါကြောင်း။

**ဦးမင်းအချိုင်း**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ် ၀၀-၉၊ ဦးပိုင်အမှတ် ၅၂/၆၇x၆၈လမ်းကြား၊ BxC လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးတင်မောင်မြင့် ၉/မနမ(နိုင်)၀၅၁၂၇၅၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၄၃၁/၂၀၁၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ငွေးငွေးရီ ၁၂/လကန(နိုင်)၀၂၂၂၁၈က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဘယသကြံ့နိလမ်း၊ အမှတ်-၇၀၃ ရှိ (၃၀x၆၀)ပေ မြေပေါ်တွင်ဆောက်လုပ်ထားသော ၂ ခန်းတွဲ (၆) ထပ် RC တိုက်၏ ခေါင်းရင်းဘယ်ဘက်ခြမ်းရှိ ထပ်ခိုးအပြည့်ပါမြေညီထပ် တိုက်ခန်းနှင့် ဂရန်၊ ဘီစီစီ၊ မြေရှင်/ကန်ထရိုက်စာချုပ်စာရွက်စာတမ်းမူရင်းများနှင့်တကွ မြေပိုင်ဆိုင်မှု၊ မြေရှင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေရှင်ဦးအောင်မင်းသန်း (၁၂/ဥကတ (နိုင်)၀၈၂၃၀၁)ထံမှအရပ်ကတိစာချုပ်ချုပ်ဆို၍ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်တင်ကြည် (၁၂/သဃက (နိုင်)၁၃၇၉၁၅)နှင့် မြေရှင်ထံမှ ပါဝါလက်ခံရရှိထားသူ ဦးသန့်ဇင်ဦး(၁၂/သဃက (နိုင်)၁၃၅၁၃၇)တို့က အရှုပ်အရှင်းကင်းရှင်း၍ မိမိတို့တွင်သာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိ ကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းနိုင် (၁၂/သဃက(နိုင်)၀၃၈၁၆၂)က အပြီးပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် မြေပိုင်ဆိုင်မှု၊ မြေရှင် အကျိုးခံစားခွင့်အရပ်ရပ်တို့၏ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ -**
**ဒေါ်ထက်ထက်အောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၆၈၈)**
**အမှတ်(၅၆၀)၊ မာဃ(၁၀)လမ်း၊ (၁၂)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၄၂၃၇၃၆၁၆၈**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
### အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် |
|---|---|---|
| ၁ | 12(T)12/MR(ML/YUG) Kyat/25-26 | စက်ပစ္စည်းကိရိယာ (၇) မျိုး |
| ၂ | 12(T)13/MR(ML/YUG) Kyat/25-26 | Spare Parts for Diesel Electric Section ပစ္စည်း (၂၄) မျိုး |
| ၃ | 12(T)14/MR(ML/YUG) Kyat/25-26 | Spare Parts for All Section(Trans, Bogie, Cool, Auxiliary) ပစ္စည်း (၂၉) မျိုး |
| ၄ | 12(T)15/MR(ML/YUG) Kyat/25-26 | Engine Spare Parts for D.E.L & D.H.L ပစ္စည်း (၃၄) မျိုး |
| ၅ | 12(T)16/MR(MC/MIT) Kyat/25-26 | Wheel & Roller Bearings ပစ္စည်း (၅) မျိုး |
| ၆ | 12(T)17/MR(ML/ISN) Kyat/25-26 | DEMU ပြုပြင်ရေးအလုပ်ရုံသုံးစက်ပစ္စည်း (၂၂) မျိုး |
| ၇ | ၆၅/မမ/CME(MIT) 25-26 | Hand Tools & Measuring instrument ပစ္စည်း (၃၂) မျိုးနှင့် Machinery & Equipment ပစ္စည်း (၄) မျိုး |
| ၈ | ၆၆/မမ/CME(MIT) 25-26 | (Auto Coupler, Air Brake) ကုန်တွဲ (၂၀) တွဲအသစ်တည်ဆောက်ခြင်း လုပ်ငန်းအတွက်လိုအပ်သောပစ္စည်း (၁၄၄) မျိုး |
| ၉ | ၆၇/မမ/CME(MIT) 25-26 | ကွန်တိန်နာတင်ကုန်တွဲ (၃၀) တွဲ(Auto Coupler ချိတ်ဆက်မှုစနစ်နှင့် Compressed Air ဘရိတ်စနစ်)အသစ်ဆက်လက်တည်ဆောက်ခြင်း လုပ်ငန်းအတွက် လိုအပ်သောပစ္စည်း (၁၀၄) မျိုး |
| ၁၀ | ၆၈/မမ/CME(MIT) 25-26 | ကုန်တွဲ (၃၀) တွဲ (ABC တွဲချိတ်ဆက်စနစ်၊ Vacuum ဘရိတ်စနစ်မှ Auto Coupler တွဲချိတ်ဆက်စနစ်၊ Compressed Air ဘရိတ်စနစ်) ပြောင်းလဲခြင်းလုပ်ငန်းဆက်လက်ဆောင်ရွက်ရန်လိုအပ်သောပစ္စည်း (၆) မျိုး |

တင်ဒါပိတ်မည့်နေ့/အချိန် - (၂၇.၆.၂၀၂၅) နေ့လည်(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၉.၅.၂၀၂၅) ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါကငင်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ် ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း: - 294352, 291994, 291985

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့် နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ (တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄) ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၂၀၂၅ခုနှစ်၊ တရားမအယူခံမှုအမှတ်-၂၅၈

ဦးဇော်ဝင်းပါ ၉ နှင့် ဦးသိန်းထွန်း ပါ၃

**အယူခံတရားလိုများ** **အယူခံတရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ ၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၇ ၏ ၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလ ၃ရက်စွဲပါ ဒီကရီကို အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ သံလွင်လမ်း၊ အမှတ် ၁၂၉ နေ (ယခုလိပ်စာမသိ) အမှတ်(၂)အယူခံတရားပြိုင် ဦးသန့်စင် နှင့် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ရဝေမြိုင်ခြံ၊ ပြည်လမ်း၊ အမှတ် (၁၉)နေ (ယခုလိပ်စာမသိ) အမှတ်(၃)အယူခံတရားပြိုင် ဒေါ်ဂျင်မီတို့ သိစေရမည်။

ယခုအမှုတွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က ချပေးသည့်ဒီကရီကို အထက်အမည်ပါ အယူခံတရားလိုများက အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၈ရက် (၁၃၈၇ခုနှစ်၊ နယုန်လပြည့်ကျော် ၈ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်တို့ ကိုယ်တိုင်ဖြစ်စေ၊ သင်တို့၏ ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်တို့အတွက် ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်တို့မရှိသည့်အခါတွင် တစ်ဖတ်သတ်စီရင်ဆုံးဖြတ် လိမ့်မည်။

ထို့ပြင် သင်တို့က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ချိန်းဆိုထားသည့်အချိန်အတွင်း သင်တို့က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ မေလ ၂၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(ထွန်းမျိုးဌေး)
လက်ထောက်ညွှန်ကြားရေးမှူး
တရားမတရားစီရင်ရေးဌာန
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

## ပြင်ဆင်မှုလျှောက်လွှာကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူထံသို့ အကြောင်းကြားစာ ( တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅ ) ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၂၀၂၅ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်-၁၉၄

ဦးဉာဏ်စိုးလွင် နှင့်
၁။ CB Bank PCL
၂။ ဒေါ်စမ်းစမ်းအေး
၃။ ဦးဂျီမီ
၄။ ဦးဒန်းမဟာဒူး
၅။ ဒေါ်တင့်တင့်လွင်
၆။ ဒေါ်ဝင်းဝင်းမော်
၇။ ဒေါ်ချောစုဝင်း

**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ တရားမကြီးမှုအမှတ် ၉၀/၂၀၂၃ ၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်စွဲပါ အမိန့်ကိုပြင်ဆင်မှု လျှောက်လွှာနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ မင်းဓမ္မလမ်း၊ မင်းဓမ္မလုံးချင်းအိမ်ရာ၊ အမှတ် စီ-၂ (ယခုလိပ်စာမသိ)နေ အမှတ်(၅)လျှောက်ထားခံရသူ ဒေါ်တင့်တင့်လွင်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ အင်းလျားမြိုင်လမ်း၊ အမှတ် ၅၅/ဘီ (ယခုလိပ်စာမသိ)နေ အမှတ်(၇) လျှောက်ထားခံရသူ ဒေါ်ချောစုဝင်းတို့သိစေရမည်။

ဤအမှုတွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်ကို ပြင်ဆင်မှုလျှောက်လွှာတစ်စောင်ကို တရားလွှတ်တော်ရှေ့နေ ဦးစိုးမြင့်က တင်သွင်း၍ ဤရုံး၌မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုပြင်ဆင်မှုလျှောက်လွှာကို ၂၀၂၅ ခုနှစ် ၊ ဇွန် လ ၁၈ ရက် နံနက် (၁၀) နာရီတွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ် လိမ့်မည်။

၂၀၂၅ ခုနှစ်၊ မေလ ၂၇ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ထွန်းမျိုးဌေး)
လက်ထောက်ညွှန်ကြားရေးမှူး
တရားမတရားစီရင်ရေးဌာန
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

## သက်ဆိုင်သူများကန့်ကွက်နိုင်ရန်နှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ မလာနွယ်လမ်း၊ အမှတ်(၁၈၈)၊ ဧရိယာ(၁၂ပေခွဲ x ၅၀ပေ) ရှိ နှစ်(၆၀)ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့်(၂)ခန်းတွဲ(၆)ထပ်တိုက်အနက်မှ စတုတ္ထထပ်(၄)လွှာ၊ မျက်နှာမူရာ(ညာ) ဘက်ဟုခေါ်တွင်သော တိုက်ခန်းတစ်ခန်းနှင့် ၎င်းတိုက်ခန်း နှင့် ပတ်သက်သော ရေ၊ မီး၊ တိုက်ခန်း(၁)ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သူဇာ ၁၁/ကဖန(နိုင်) ၀၃၉၈၇၃ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းဝင်းစိုး ၁၂/မဂတ(နိုင်) ၁၀၀၃၃၅မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ အထက်ဖော်ပြပါ တိုက်ခန်းအား သက်ဆိုင်ရာ ကန့်ကွက်လိုသည်များရှိပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင်ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တိုးတိုးကျော် LL.B,D.B.L တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၈၇)**
**အမှတ်(၄၆)၊ လမ်း(၁၂၀)၊ ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖုန်း -၀၉-၅၁၀၇၀၄၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၇၆-အေ)၊ ဗိုလ်ချုပ်ရွာမကွင်း၊ ဦးပိုင်အမှတ် (၃၄/၂)၊ ဧရိယာ (၁.၉၅)ဧကအကျယ်ရှိ ဦးကျော်ကိုကို ပုံစံ(၇)အမည်ပေါက် ဥယျာဉ်ခြံမြေအတွင်းမှ တစ်စိတ်တစ်ဒေသဖြစ်သောမြေကွက်အမှတ် (၉၀)နှင့်ယင်းမြေကွက်ပေါ်ရှိမြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အားတရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးကျော်ကိုကို(ဘ)ဦးသောင်းညွှန့် [၁၂/သလန(နိုင်) ၁၃၇၁၀၃] ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်ခိုင်သွယ်ငြိမ်း(ဘ)ဦးငြိမ်းမောင် [၉/ပမန(နိုင်)၁၂၅၂၇၆]က (၀.၀၈၀)ဧက၊ အားလည်းကောင်း၊ ဦးသူရအောင် (ဘ) ဦးငြိမ်းအောင် [၉/လဝန(နိုင်)၁၅၂၁၁၆] က (၀.၀၅၇)ဧက အားလည်းကောင်း ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသအားပေးချေထားပြီးဖြစ်ပါ၍အဆိုပါ မြေကွက်နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်မာသည့်တရားဝင် စာချုပ်စာတမ်းအထောက်အထား၊ စာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါကအထက်ပါမြေကွက် အရောင်းဝယ်ကိစ္စအား ဥပဒေနှင့် အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်အေးသန္တာ (LL.B)** | **ဒေါ်ဖြူမြတ်သွယ် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၉၇၉၉/၂၀၁၄)** | **(စဉ်-၈၉၇၇/၂၀၁၃)** |

**(ရုံးခန်း) သန်လျင်ခရိုင်တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့နယ်။**

## ဖခင်အမည်မှန်

ပူတာအိုမြို့နယ်၊ အထက (ဇီးအွန်)ကျောင်း G-10 မှ မထမိုင်နင်ရမ် ၏ ဖခင်အမည်မှန်မှာ ဦးရားကုပ်ဒီး ၁/ပတအ(နိုင်)၀၂၄၃၉၀ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပူတာအိုမြို့နယ်၊ အထက (ဆန်ဂေါင်)ကျောင်း G-10 မှ မောင်ငွါးအာဆီ၏ ဖခင်အမည်မှန်မှာ ဦးခီရဲ့ဇာ ၁/ပတအ(နိုင်)၀၆၆၁၉၂ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိအနောက်ရပ်၊ မြေကွက်အမှတ် (ပ-၃၂၂၆၆)၊ ဧရိယာ (၀.၀၅၅)ဧကကို အမည်ပေါက် ဦးခိုင်မျိုးဦး (တရားရှိုး)ကိုယ်စား ပုဗ္ဗသီရိမြို့နယ် တရားရုံး၏ ဘီလစ်စာရေးဖြစ်သူ ဦးကျော်ဆန်းဦး (ဘ)ဦးသံချောင်း ၉/တကန(နိုင်)၁၀၃၉၂၄မှ ဒေါ်ဝါဝါခိုင်(ဘ)ဦးသန်း ၅/ဝလန(နိုင်) ၁၀၁၉၁၉ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် ပုဗ္ဗသီရိမြို့နယ် တရားရုံး၏ တရားမကြီးမှုအမှတ် ၁၂၁/၂၀၂၄၊ တရားမဇာရီမှုအမှတ် ၂၀/၂၀၂၅ တို့တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 19U/1773, TVS King 200 , Three Wheel ယာဉ်လက်ဝယ်ရှိသူ ဦးသက်ပိုင်ဦး ၁၄/ဝခမ(နိုင်) ၂၂၆၂၆၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ဖျာပုံမြို့)**

## ကန့်ကွက်နိုင်ကြောင်း

ကျွန်တော် ဦးအောင်ကျော်ကျော် ၉/မခန(နိုင်) ၁၅၆၂၃၃ပိုင်ဆိုင်သော မြင်းခြံမြို့၊ အမှတ်(၂၀) ရပ်ကွက်ခြံတွင်ရှိသော ပြောင်းသိုလှောင်ကန်၊ အရောင်ရွေးစက်၊ ထုတ်ပိုးစက်၊ သန့်စင်စက်(၄)မျိုးကို လေလံတင်ရောင်းချရန် စီစဉ်ထားပြီး ဖြစ်ပါသည်။ ကန့်ကွက်ရန်ရှိပါက ခုနစ်ရက်အတွင်း ဖုန်း-၀၉-၂၀၂၉၉၆၉ ၊ ၀၉-၉၈၉၈၇၈၂၉၅ တို့သို့ ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရန်မရှိပါက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်ကျော်ကျော်**

## အမည်ပြောင်း

ပူတာအိုမြို့၊ ကောင်ကထောင်ရပ်ကွက်၊ နယ်မြေ(၄)နေ ဦးချန်းဖုန်ရမ် ၁/ပတအ (နိုင်) ၀၃၃၁၅၅ ၏ သား မောင်ချန်းဖေဆန်းအောင်အား မောင်ချန်းဖေရှိုင်းဟု ပြောင်းလဲခေါ်ပါရန်။

## ဖခင်အမည်မှန်

ပူတာအိုမြို့နယ်၊ အထက (ဆန်ဂေါင်)ကျောင်း G-10မှ မောင်နေသထွန်းအောင်၏ ဖခင်အမည်မှန်မှာ ဦးအဖူရဲဟွ ၁/ပတအ(နိုင်)၀၂၇၄၇၅ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ ဆားခါးကျေးရွာမှ ဦးဇင်မျိုးကျော် (၉/မခန(နိုင်)၂၅၃၁၄၅)-ဒေါ်အေးအေးအောင် (၉/မခန (နိုင်) ၂၀၃၅၀၇)တို့၏သမီး မမေခင်နန်းထိုက်အား ယနေ့မှစ၍ မမှူးမေခင်သော်ဟု ပြောင်းလဲ ခေါ်ပါရန်။

**မမှူးမေခင်သော်**

## ကန့်ကွက်လွှာခေါ်ယူခြင်း

အများပြည်သူသိရှိနိုင်စေရန် ကြေညာအပ်ပါသည်-

၁။ ဒိုက်ဦးမြို့နယ် အမှတ်(၈) ရပ်ကွက်၊ ကွင်းအမှတ် ၄၁၀ᵏᵃ၊ကွင်းအမည် ရေသိုးကြီး၊ ဦးပိုင်အမှတ်(၈)၊ ဧရိယာ(၀ဒသမ၀၅၅၁)ဧကအား ဦးဝင်းနိုင် အမည်ဖြင့် မြေငှားဂရန် အသစ် လျှောက်ထားလာပါသည်။

၂။ လျှောက်ထားသောမြေ အလားလေးရပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

အရှေ့လားသော်- (၄)လမ်း
အနောက်လားသော်- လမ်းကြား
တောင်လားသော်-ဦးပိုင်အမှတ်(၉)
မြောက်လားသော်-ဦးပိုင်အမှတ်(၇)

၃။ လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း နောက်ဆုံးထားပြီး ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် ၎င်းနေ့ရက်ကျော်လွန်သော ကန့်ကွက်လွှာများအား လက်ခံစဉ်းစားလိမ့်မည်မဟုတ်ကြောင်း ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဒိုက်ဦးမြို့**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်နေ ဒေါ်လှမေ (၁၂/လမတ(နိုင်)၀၂၅၃၁၇)၏သား ဦးဇော်ဝင်း (၁၂/လမတ(နိုင်)၀၀၉၇၃၀)သည် မိခင်၏ ပြောဆိုဆုံးမမှုများကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများ၊ ပြုလုပ်ပါသဖြင့် ရာသက်ပန်သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်တွင် ဦးဇော်ဝင်းနှင့်ပတ်သက် ဆက်နွယ်သောလူမှုရေးအရှုပ်အရှင်းနှင့် အခြားမည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ဦးဇော်ဝင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**မိခင်-ဒေါ်လှမေ (၁၂/လမတ(နိုင်)၀၂၅၃၁၇)**

## အမည်မှန်

တောင်ငူမြို့၊ အထက (၄)၊ G-5 တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၌ ပညာသင်ကြားလျက်ရှိသော (ဘ)ဦးဇင်မျိုးဝင်း၏ သားမောင်ဩခေတ်ပိုင်၏ အမည်မှန်မှာ မောင်ဩခေတ်ပိုင်ဝင်း ဖြစ်ပါကြောင်း။

**မောင်ဩခေတ်ပိုင်ဝင်း**

## ပတ်စ်ပို့ပျောက်

တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်နေ (ဘ)ဦးကံညွန့်၏သား ဦးဝင်းထွန်း (၉/တကန(နိုင်) ၀၉၉၂၃၇)၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၂၂၁၇၆၆**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၇)ရပ်ကွက်၊ အကွက်အမှတ်(၁၀၈)၊ ကျောက်ငူအကွက်၊ ဦးပိုင်အမှတ်(၅၁-က)၊ ဧရိယာ(၀ဒသမ၀၃၈)ဧကရှိ ဦးရွှေရိုးအမည်ဖြင့် မှတ်သားထားရှိသော မြို့မြေ(B)ကို ပုသိမ်မြို့၊ အမှတ်(၆)ရပ်ကွက်၊ တဂေါင်းဘုရားလမ်း၊ အမှတ်(၅၉)နေ ဦးထွန်းဝေ ၊ ဒေါ်ခင်ခင်လေး၊ ဦးအေးမင်းတို့မှ ဘိုးဘပိုင်မြေ အမည်ပြောင်းလဲမှတ်သားပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်း ဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့် ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန၊** ပုသိမ်မြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/64082, Luojia 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေဝင်း ၁၄/ကကထ(နိုင်) ၁၅၄၀၃၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 38W/11288, Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသက်တင် ၁၄/သပန(နိုင်)၀၉၀၇၉၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ဦးစိုးမြင့်(ဘ)ဦးသန်းစိန် ၉/မမန(နိုင်)၀၅၂၅၆၀နှင့် ဒေါ်ကြည်ကြည်(ဘ)ဦးအေးမောင် ၉/မမန(နိုင်)၀၅၂၆၅၄၊ မြေပုံကျေးရွာ၊ ရွှေချောင်းအုပ်စု၊ ပြင်ဦးလွင်မြို့နေသူတို့၏သားဖြစ်သူ မောင်အောင်ကျော်မိုး ၉/ပဥလ(နိုင်)၀၀၈၂၄၇ သည် မိဘဖြစ်သူများ၏ ပြောဆိုဆုံးမမှုကို နာခံခြင်းမရှိသည့်အပြင် အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး မိဘနှင့်မိသားစု အသိုင်းအဝိုင်းများ၏ ဂုဏ်သိက္ခာကျဆင်းအောင်ပြုလုပ်မှုများကြောင့် ဦးစိုးမြင့်နှင့် ဒေါ်ကြည်ကြည်တို့မှ ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် မောင်အောင်ကျော်မိုးနှင့် ပတ်သက်ဆက်နွယ်သော ငွေရေးကြေးရေး အရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်းပြဿနာများနှင့် အခြားမည်သည့်ကိစ္စကိုမျှ ယနေ့မှစ၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် ဦးစိုးမြင့်နှင့် ဒေါ်ကြည်ကြည်တို့ပိုင်ဆိုင်သည့် အိမ်ခြံမြေကွက်များအတွင်းသို့ ၎င်းတို့သိရှိ သဘောတူခြင်းမရှိဘဲ ကျူးကျော်ဝင်ရောက်၍ ကျောက်တိုင်စိုက်ခြင်း၊ အုတ်တံတိုင်းခတ်ကာရံခြင်းများပြုလုပ်ပါက ဥပဒေနှင့်အညီ အမှုဖွင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မောင်အောင်ကျော်မိုးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်မာဦး (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၈၁၇)**
**အမှတ်(၅၀)၊ ဂေါ်ရခါးလမ်း၊ (၅)ကွက်၊ ရပ်ကွက်ကြီး(၃)၊ ပြင်ဦးလွင်မြို့**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘတ်ဂျက်ဖြင့်ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများအတွက် ပစ္စည်းများနှင့် လုပ်ငန်းများအား မြန်မာကျပ်ငွေ (Kyat) ဖြင့် ဝယ်ယူ၊ လုပ်ငန်းအပ်နှံလိုပါသည်–

(က) နေပြည်တော်တွင် နိုင်ငံတော်အဆင့်အခမ်းအနားများ အရေးကြီးရုံးအဆောက်အဦ များတွင် ဓာတ်အားမပြတ်တောက်စေရေးသုံးစွဲသည့် 60 kVA UPS with Battery Bank (2) Set အားဝယ်ယူရန်

(ခ) မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့ ၆၆/၁၁ ကေဗွီ ၂၀ အမ်ဗွီအေ ခွဲရုံတွင် ၆၆/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ထရန်စဖော်မာ (၁) လုံး ထပ်မံတိုးချဲ့တည်ဆောက်ခြင်းအတွက် ဓာတ်အားခွဲရုံ ဆက်စပ်ပစ္စည်းများ ဝယ်ယူရန်

(ဂ) မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ ၆၆ ကေဗွီ ရွာမွန် (တပ်ခွဲရုံ)မှ ရွာမွန်ခွဲရုံသို့ ၆၆ကေဗွီလိုင်း (၁.၇၇)မိုင် တည်ဆောက်ခြင်းလုပ်ငန်းအတွက် ဓာတ်အားလိုင်း ဆက်စပ်ပစ္စည်းများ ဝယ်ယူရန်

(ဃ) ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်(ကံကုန်း)ပင်မဓာတ်အားခွဲရုံ၏ တိုးချဲ့ ၂၃၀ ကေဗွီ ၆၆/၁၁ ကေဗွီ ၅၀ အမ်ဗွီအေ ထရန်စဖော်မာမှ ဓာတ်အားချိတ်ဆက်သုံးစွဲနိုင်ရေးအတွက် 66 kV Outgoing Switch Bay 2 Sets နှင့် Bus Extension တည်ဆောက်ခြင်းအတွက် ဓာတ်အားခွဲရုံဆက်စပ်ပစ္စည်းများ ဝယ်ယူရန်

(င) ပဲခူးတိုင်းဒေသကြီး(အနောက်)၊ ဥသျှစ်ပင်(ကျောင်းဦး)ခွဲရုံ 66 kV Outgoing Switch Bay (1) Bay၊ မကွေးတိုင်းဒေသကြီး၊ နတ်မောက်(ရွာမွန်တပ်)ခွဲရုံ 66 kV Outgoing Switch Bay (1) Bay နှင့် မြို့သစ်(ကံကြီး)ခွဲရုံ 66 kV Outgoing Switch Bay (1) Bay အတွက် လိုအပ်သော ဓာတ်အားခွဲရုံဆက်စပ်ပစ္စည်းများ ဝယ်ယူရန်

(စ) ရောဝတီတိုင်းဒေသကြီး၊ ၂၃၀ ကေဗွီ ပုသိမ်(ကံကုန်း)ပင်မဓာတ်အားခွဲရုံ၏ ဝန်အား ပြည့်နေသည့် ၆၆ ကေဗွီ မြတ်တို (ပုသိမ်+မြောင်းမြ) ဖီဒါမှ ၆၆ ကေဗွီ မြောင်းမြဖီဒါအဖြစ် သီးခြားခွဲထုတ်ရန် ၂၃၀ ကေဗွီ ပုသိမ်(ကံကုန်း)ပင်မဓာတ်အားခွဲရုံမှ စိုက်ခြံကျေးရွာအနီးသို့ ၆၆ ကေဗွီလိုင်း ၇.၂၂ မိုင် တည်ဆောက်ခြင်းလုပ်ငန်းအား (ပစ္စည်း + လုပ်အားခ) စနစ်ဖြင့် လုပ်ငန်းအပ်နှံခြင်း

(ဆ) ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ပင်မ (၂) ခွဲရုံမှ ၃၃ ကေဗွီ ခွဲရုံအမှတ် (၈) သို့ ဓာတ်အားလိုင်း၏လမ်းဆုံ 33 kV DS နှင့် ခွဲရုံ (၈) အကြား 33 kV SAC 240 $mm^2$ Double Circuit လိုင်း (၁.၇) မိုင် တည်ဆောက်ခြင်းလုပ်ငန်းအား(ပစ္စည်း+လုပ်အားခ) စနစ်ဖြင့် လုပ်ငန်းအပ်နှံခြင်း

**တင်ဒါစတင်ရောင်းချမည့်ရက်** – (၂၉–၅–၂၀၂၅) ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** – (၁၂–၆–၂၀၂၅) ရက်၊ မွန်းတည့် (၁၂:၀၀) နာရီ

၂။ တင်ဒါပုံစံနှင့် အချက်အလက်များကို သတ်မှတ်နှုန်းထားအတိုင်း ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အင်ဂျင်နီယာချုပ်ရုံး၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သကမ–၁၄၊ လူနေရပ်ကွက် ၁၅ ရပ်ကွက်၊ စိန်ချယ်လမ်း။ မြေကွက်အမှတ်(၂၃၂/ခ)ဟုခေါ်တွင်သော အကျယ်အဝန်း(၂၀x၆၀)ပေရှိ မြေကွက်ကြီးအတွင်းမှ (ခြေရင်းဘက်အခြမ်း) ရှိ အကျယ်အဝန်း အလျား x အနံ (၁၀ x ၆၀) ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံ (၂) လုံး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ ဦးမျိုးမင်းကျော် ၁၂/သဃက(နိုင်)၁၉၁၆၅၉၊ ဒေါ်ထိုက်ထိုက်အောင် ၁၂/လသယ(နိုင်)၀၄၈၂၀၁ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဇင်မာလွင် ၁၄/ကပန(နိုင်)၁၅၃၆၆၇က ဝယ်ယူရန် ရောင်းကြေးငွေများအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရက်စာတမ်းမူရင်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးလွင်ကိုကိုဦး (စဉ်– ၁၂၁၆၂) (တရားလွှတ်တော်ရှေ့နေ)**
**ရှေ့နေများအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း– ၀၉–၂၅၀၆၅၃၂၂၁၈**

## အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇဝနဒီပရပ်ကွက်၊ မလိခလမ်းနှင့် စကားဝါ(၆)လမ်း၊ မြေတိုင်းရပ်ကွက် (၅/ မြို့မအရှေ့အရပ်) ၊ မြေကွက်အမှတ် (ပ–၂၁၁၈၁)၊ အကျယ်အဝန်း (၆၀x၈၀)ပေ၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧက အိမ်နှင့်ခြံမြေအား ဒေါ်ကေဇင်ယု ၁၀/မလမ(နိုင်)၂၀၄၀၁၁ မှ တရားဝင်ပိုင်ဆိုင် အသုံးပြုလျက်ရှိပြီး ၎င်းမှလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မသက်ဆိုင်ချစ်ဆု ၁၂/လမန(နိုင်)၁၄၈၂၃၈ မှ ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်သော အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့် ၂၉–၅–၂၀၂၅ ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်သည့်ရက်အတွင်း ကန့်ကွက်လိုသူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နီနီရည်ဝေ (LLB, C.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၄)၊ ပေါင်းလောင်း(၁)၊ (၈)လမ်း၊ ပျဉ်းမနားမြို့**
**ဖုန်း–၀၉–၄၃၁၃၅၈၅၉**

## ကန့်ကွက်နိုင်ပါသည်

တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူ(၂၁)လမ်း၊ အမှတ်(၇၉၄)၊ ဒေါ်ဖြူနှင်းအေး အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်ပါ မြေအကျယ်ပေ(၄၀x၆၀) ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၆)ထပ်တိုက်၏ (တိုက်ကိုမျက်နှာမူလျှင်–ဘယ်ဘက်ခြမ်းရှိ)၊(မြေညီထပ်)ဟုခေါ်တွင်သည့် တိုက်ခန်းအကျိုးခံစားခွင့်အ ရပ်ရပ်အားလုံးကို ဦးသိန်းလွင်(ခ)ဦးသူရ(၁၂/ကမရ(နိုင်)၀၂၃၅၄၉)မှ "မည်သည့် အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါသည်"ဟု ဝန်ခံပါ၍ ဒေါ်အေးရီ(၁/မကတ(နိုင်)၀၄၃၁၀၂+ဒေါ်အေးငွေ(ခ)ဒေါ်ယဉ်ယဉ်မွန်(၁/မကတ(ဧည့်)၀၀၀၈၉၃)တို့မှ (၉–၇–၂၀၂၂)ရက်နေ့တွင် "တိုက်ခန်းအပြီး အပိုင်အရောင်းအဝယ်ကတိစာချုပ်"ကို ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ပြီး၊ ယနေ့တိုင် ပိုင်ဆိုင်နေထိုင်လျှက်ရှိပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်အေးရီ+ဒေါ်အေးငွေ(ခ)ဒေါ်ယဉ်ယဉ်မွန် တို့၏ ညွှန်ကြားချက်များအရ–**
**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြငွေး(H.G.P,LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၆၆၀၅)၊(၂၀–၇–၁၉၉၈)**
**ရုံး–(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း–၀၉ ၅၄၀၇၂၂၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၅/၂–၂၊ အုတ်ကျင်းအနောက်)၊ ဦးပိုင်အမှတ် (၁၂၃)၊ မြေဧရိယာ ၀ ဒသမ ၁၈၄ ဧကရှိမြေကွက်သည် မူလက ဦးကျော်လန်းအမည်ဖြင့် ၂၀–၇–၂၀၁၃ ရက်အထိ မြေငှားဂရန်သက်တမ်းရရှိထားသော မြေကွက်ဖြစ်ပြီး ဂရန်အမည်ပေါက်သူ ဦးကျော်လန်း မှာ ၁၇–၂–၂၀၁၂ ရက်တွင် ကွယ်လွန်သွားခဲ့ပြီးငင်း၏ဇနီးဖြစ်သူ ဒေါ်မြင့်မြင့်(ခ)မမြင့်မှာ (၉–၁၁–၂၀၁၆) ရက်တွင်လည်းကောင်း အသီးသီး ကွယ်လွန်သွားခဲ့ကြပြီး ၎င်းတို့တွင် ဒေါ်ခင်မာအေး၊ ဦးစိုးနိုင်၊ ဦးကျော်စိုးမိုး၊ ဒေါ်ခင်မိုးအေးတို့သားသမီး(၄)ဦးထွန်းကားခဲ့ရာ ၎င်းတို့(၄)ဦးမှ (၂၁–၁–၂၀၂၅) ရက်စွဲပါ စာချုပ်မှတ်ပုံတင် အမှတ် (၀၃၈/၂၀၂၅)အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီးဖြစ်သဖြင့် ဒေါ်ခင်မာအေး၊ ဦးစိုးနိုင်၊ ဦးကျော်စိုးမိုး၊ ဒေါ်ခင်မိုးအေးတို့ထံမှ ဦးပိုင်(၁၂၃/က)၊ မြေဧရိယာ ၀ ဒသမ ၀၉၂ ဧကအပိုင်းကို ဒေါ်မာယွန်က ၂၁–၂–၂၀၂၅ ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ် (၀၈၄/၂၀၂၅)ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဒေါ်မာယွန် ၁၃/ကခန(နိုင်)၀၂၈၈၂၈ အမည်ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း မြေငှားဂရန်အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက် သွားမည် ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ဦးသိန်းနိုင် (ခ) ဦးပါစီကွေးနှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ခင်ခင်ဝင်း ၇/ဝမန(နိုင်)၀၇၃၈၈၂ အနေဖြင့် သင့်ထံသို့ ၁၉–၅–၂၀၂၅ ရက်စွဲဖြင့် ပေးပို့ခဲ့သော အသိပေး အကြောင်းကြားစာ နို့တစ်စာအား ပြန်လည်ရုပ်သိမ်းပါကြောင်းနှင့် ၁၈–၅–၂၀၂၅ ရက်စွဲဖြင့် ဦးအုန်းလွင် ၇/ဝမန(နိုင်)၀၇၃၈၈၁ ထံမှ သင်ဝယ်ယူခဲ့သော ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ လေးအိမ်စုကျေးရွာ၊ ရွာလယ်ပိုင်းတွင်တည်ရှိသော (၅၀x၂၀) တောင် အကျယ်အဝန်းရှိ မြေကွက်အရောင်းအဝယ် ပြုလုပ်မှုအပေါ်တွင်လည်း ဒေါ်ခင်ခင်ဝင်း ၇/ဝမန(နိုင်)၀၇၃၈၈၂ အနေဖြင့် ဝင်ရောက်စွက်ဖက်မှုပြုမည်မဟုတ်တော့ပါကြောင်း ဦးသိန်းနိုင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ခင်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မြင့်သန္တာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၇၉၉)**
**မင်းကြီးလမ်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်ခရိုင်တရားရုံး၊**
**ဖုန်း–၀၉–၇၉၅၃၉၆၇၉၇**

## တရားမအထွေထွေအယူခံမှု ဆိုင်ရန်ချိန်းဆိုသည့်ရက်ကို လျှောက်ထားခံရသူသို့ အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၄၁၊ နည်းဥပဒေ–၁၄)
## မိုးညှင်းခရိုင်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ်–၁၂

| ဦးချစ်ဆောင် | နှင့် | ဒေါ်လွဲ့လွဲ့ဝင်း |
|---|---|---|
| (လျှောက်ထားသူ) | | (လျှောက်ထားခံရသူ) |

အိမ်အမှတ်(၄၉၀)၊ သူဌေးကုန်းကျေးရွာ၊ နမ္မတီးမြို့၊ မိုးကောင်းမြို့နယ်နေ လျှောက်ထားခံရသူ ဒေါ်လွဲ့လွဲ့ဝင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် မိုးကောင်းမြို့နယ်တရားရုံး၏ ၂၀၂၄ခုနှစ်၊ တရားမဇာရီမှုအမှတ် ၆တွင် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၃၁ရက်စွဲပါအမိန့်ကို လျှောက်ထားသူ ဦးချစ်ဆောင်က တရားမအထွေထွေအယူခံမှုကို လျှောက်ထားရာ ဤရုံးတော်တွင်မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုတရားမအထွေထွေအယူခံမှုကို ၂၀၂၅ ခုနှစ်၊ မေလ ၃၀ရက် (၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၄ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်ကချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ သင့်ရှေ့နေဖြစ်စေ ဤတရားမအထွေထွေအယူခံမှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းတရားမအထွေထွေအယူခံမှုကို သင်မရှိသည့် အခါတွင် တစ်ဖက်သတ်စီရင် ဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ မေလ ၂၀ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီတာအောင်)**
**ခရိုင်တရားသူကြီး**
**မိုးညှင်းခရိုင်တရားရုံး**

## ပိုးသတ်ဆေးဖြန့်ဖြူးသူ ပြောင်းလဲခြင်း

ပြည်ပထုတ်လုပ်သူ ZIBO NAB Agrochemicals Limited မှ မြန်မာနိုင်ငံပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ စိုက်ပျိုးရေးဆေးများကို ပြည်တွင်းမှူလဖြန့်ဖြူးသည့် Topagri Myanmar Co.,Ltd မှ Noble King Co.,Ltd သို့ ဖြန့်ဖြူးခွင့်လွှဲပြောင်းမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက၊ ယနေ့မှစ၍ (၁၄) ရက်အတွင်း တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်းရပ်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့သို့ ကန့်ကွက်နိုင်ပါသည်–

Noble King Co.,Ltd Ph:09401573814

| Sr | Trade Name | Active Ingredient | Registration No. |
|---|---|---|---|
| 1 | NAB-Dollar | Pretilachlor 50% EC | P2020-4836 |

## ကုန်သွယ်မှုအမည် ပြောင်းလဲကြောင်း အသိပေးကြေညာခြင်း

ထုတ်လုပ်သူ Mountain Peak Cropcare Co., Ltd မှ မြန်မာနိုင်ငံပိုးသတ်ဆေးအဖွဲ့တွင်မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ စာရင်းရှိပိုးသတ်ဆေးများကို Marlarmyaing Public Co.,Ltd သို့ ကုန်သွယ်မှုအမည် ပြောင်းလဲ၍ တင်သွင်းဖြန့်ချိ ရောင်းချသွားမည် ဖြစ်ပါသည်–

| မူလကုန်သွယ်မှု အမည် | ကုန်သွယ်မှု အမည်သစ် | New Trade Name | မှတ်ပုံတင် အမျိုးအစား | မှတ်ပုံတင် အမှတ် |
|---|---|---|---|---|
| M-Glyphosate | Super M | Glyphosate 48% SL | Full | F2018-1605 |
| Marlar Fighter | Busan | Difenoconazole 12.5% + Azoxystrobin 20% SC | Provisional | P2024-6430 |

သို့ဖြစ်ပါ၍ အဆိုပါကုန်သွယ်မှုအမည် ပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်းရပ်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့သို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**Mountain Peak Cropcare Co., Ltd.**
**21, Bukit Batok Crescent, # 22-78 WCEGA Tower,**
**Singapore 658065.**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ယောက်သွားအင်းအုပ်စု၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆၅၂/ယောက်သွားအင်းကွင်း၊ ဦးပိုင်အမှတ် (၄၄ က/၁)၊ ဧရိယာ ၀ ဒသမ ၀၆၆ ဧကရှိ ဒေါ်တင်တင်မော် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား ဦးထက်ဝေလင်း ၉/လဝန(နိုင်)၁၆၁၁၇၃(ပါ)၂–ဦးမှ အရောင်းအဝယ်စာချုပ်အမှတ် (၀၈၅/၂၀၂၄)၊ နှစ်(၃၀)မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေ စာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါ ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၂၄/မင်္ဂလာ၊ ဦးပိုင်အမှတ် (၅၅)၊ ဧရိယာ ၀ ဒသမ ၀၆၅ဧကရှိ ဒေါ်သင်းအမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဒေါ်စန္ဒာမိုး၊ ၉/ပမန(နိုင်)၀၂၅၉၈၃ မှ အရောင်းအဝယ်စာချုပ်၊ ပိုင်ဆိုင်ကြောင်းကျမ်းကျိန်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး အဆောက်အအုံဆောက်လုပ်ခွင့်တင်ပြရန်အတွက် မြေပုံ/ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပြင်ဆင်မှုကို ဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူထံသို့ အကြောင်းကြားစာ
## ကရင်ပြည်နယ်တရားလွှတ်တော်၌
## ၂၀၂၅ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်–၁၁

| ဒေါ်နန်းနိုင်နိုင်ဝင်း | နှင့် | ၁။ ဒေါ်နန်းခင်စိန် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်နန်းချစ်ဦး)<br>၂။ ဒေါ်အုံးမြင့် |
|---|---|---|
| (ပြင်ဆင်မှုလျှောက်ထားသူ) | | (ပြင်ဆင်မှုလျှောက်ထားခံရသူများ) |

၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်စွဲပါ ဘားအံခရိုင်တရားရုံးတော်၏ တရားမအထွေထွေမှုအမှတ်–၁/၂၀၂၄တွင် ချမှတ်သော အမိန့်ကိုပြင်ဆင်မှု လျှောက်ထားခြင်း။

ပြင်ဆင်မှုလျှောက်ထားခံရသူ (၂) ဒေါ်အုံးမြင့် ရတနာသိင်္ဂီလမ်း၊ အမှတ်(၈) ရပ်ကွက်၊ ဘားအံမြို့၊ ကရင်ပြည်နယ် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ဘားအံခရိုင်တရားရုံးတော်က ချမှတ်ပေးသည့်အမိန့်ကို လျှောက်ထားသူက ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ဤတရားမပြင်ဆင်မှုလျှောက်ထားမှုကို ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၆ရက် (၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၂ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေကဖြစ်စေ (သို့မဟုတ်) သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ ဤရုံးတော်သို့ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၅ ခုနှစ်၊ မေလ ၂၆ရက်တွင် ဤရုံးတံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိမ်းမို့မို့)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ကရင်ပြည်နယ်တရားလွှတ်တော်**

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ တောင်ဘီ မူလွန်ကျောင်း (G-1)မှ (ဘ) ဦးမျိုးမင်း၏သား မောင်လင်းလက်ရောင်စဉ်၏ အမည်မှန်မှာ မောင်လင်းလတ်ရောင်ဇဉ် ဖြစ်ပါကြောင်း။

**မောင်လင်းလတ်ရောင်ဇဉ်**

## မွေးသက္ကရာဇ်အမှန်

ဦးဇင်ဘိုဘို ၏သမီး မြစ်ကြီးနားမြို့၊ I.E.L.T ကိုယ်ပိုင်အထက်တန်းကျောင်း Grade-4 မှ မမေမြတ်နိုးဇင်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅–၁၂–၂၀၁၆ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(ခွဲ) အာလမ်–၁ ၊ Grade-11 အောင်မှ မောင်ငွါးပေါ်လေး နှင့် Grade-9 အောင်မှ မငွါးမီနာ တို့၏ဖခင်အမည်မှန်မှာ ဦးငွါးအဒီး ၁/တနန(နိုင်)၀၀၂၃၅၁ ဖြစ်ပါကြောင်း။

## အမည်မှန်နှင့် ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(စီတာပူ)၊ Grade-11 အောင်မှ မထွယ်လိန်ထု၏ အမည်မှန်မှာ မလခရိထွယ်လိန် ဖြစ်ပြီး၊ Grade-7 အောင်မှ မဆိုင်းပန်၏အမည်မှန်မှာ မလခရိဆိုင်းပန် ဖြစ်၍ ၎င်းတို့၏ ဖခင်အမည်မှန်မှာ ဦးဒုခရိလတောင် ၁/ဆပဘ(နိုင်)၀၀၅၃၄၅ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9J/9646 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ကုန်အမှတ်တံဆိပ်အသိပေးကြေညာချက်

ပြင်ဦးလွင်မြို့နယ်၊ ကုန်းဘောကျေးရွာနေ ဦးဝင်းကို ၅/ရဥန(နိုင်)၀၇၆၈၈၄ သည် အောက်တွင်ဖော်ပြထားသည့် ကုန်အမှတ်တံဆိပ်ကို မန္တလေးမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မူပိုင်တစ်ဦးတည်းသုံးစွဲရန် မှတ်ပုံတင်ပြီး ဖြစ်ပါသည်။




အထက်တွင် ဖော်ပြထားသော ကုန်အမှတ်တံဆိပ်အမှတ်အသားဖြင့် ရေသန့်၊ ရေခဲအစရှိသည့် ယင်းကုန်အမှတ်တံဆိပ်ခတ်နှိပ်ထားသောပစ္စည်းများဖြင့် ဖြန့်ချိပြီး ပြင်ဦးလွင်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်နိုင်ငံလုံး အသုံးပြုသွားမည်ဖြစ်ပါသည်။ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမှတ်အသားကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှား တုပ၍သော်လည်းကောင်း ပြုလုပ်သုံးစွဲပြီး ကုန်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးသည်ကို တွေ့ရှိပါက တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရ ဖြစ်စေ ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဇင်လင်းအောင် (LL.B), တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၇၄၄)**
**ဖုန်း–၀၉–၉၈၆၂၅၂၄၁၇၊ ၀၉–၄၀၀၄၆၂၅၁၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ မြေကွက်အမှတ်(ပ–၂၂၈၄၈)ကို အမည်ပေါက် ဒေါ်ဖြူဖြူဝင်း (ဘ) ဦးလှမောင် ၉/ပမန(နိုင်)၀၂၄၀၉၂(တရားရှုံး)ကိုယ်စား ပုဗ္ဗသီရိမြို့နယ် တရားရုံး၏ ဘီလစ်စာရေးဖြစ်သူ ဦးကျော်ဆန်းဦး (ဘ) ဦးသံချောင်း ၉/တကန(နိုင်)၁၀၃၉၂၄ မှ မြေပေးစလစ်(မိတ္တူမှန်)ထုတ်ပေးပါရန် မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း၊ ပုဗ္ဗသီရိမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ် ၁၃/၂၀၂၃၊ တရားမဇာရီမှုအမှတ်(၅၀/၂၀၂၃)တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက် (၃၀) အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပေးစလစ်(မိတ္တူမှန်)လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက်ဆုံးခြင်း

ယာဉ်အမှတ် 8G/1824 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ ကမာကသွယ်ရပ်ကွက်၊ ကျန်စစ်သား(၁)လမ်း၊ မြေကွက်အမှတ် (၇၁၄/က)၊ မြေပေအကျယ်(၂၀x၆၀)ပေ၊ စတုရန်းပေ(၁၂၀၀)ရှိ မာရီပါမား (Q/RGN–၀၀၆၂၆၈) အမည်ပေါက်ပါမစ်မြေကွက်ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးတိုးအောင် ၁၂/ဥကမ(နိုင်)၀၆၈၂၉၅ က ယင်းမြေကွက်ကို မိမိသာ တရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ မိမိတစ်ဦးတည်း၏ သဘောဆန္ဒဖြင့် လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါမြေကွက်အား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြယဉ် ၁၀/မလမ(နိုင်)၀၁၄၄၉၁ က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ–**
**ဒေါ်ရီရီသန့်**
**LL.B, D.B.L, D.M.L, D.I.L(W.I.P.O–Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၉၉၃၉)**
**အမှတ်(၂၃၃/က+၂၃၄/က)၊ မင်းရဲကျော်စွာ(၃)လမ်း၊ (၇) ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း–၀၉–၄၃၀၆၆၁၆၄ ၊ ၀၉–၇၉၆၆၀၀၂၁၇**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄/သုဝဏ္ဏ)၊ သံသုမာလမ်း၊ မြေကွက်အမှတ်(၁/A/R)၊ မြေပေအကျယ် ဧရိယာ ၀ ဒသမ ၀၃၂ ဧကရှိနှစ်(၆၀)ဂရန်မြေကွက်ကို အမည်ပေါက်ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးဝင်းကိုကို ၁၂/ကတတ(နိုင်)၀၀၆၃၂၄က ယင်းမြေကွက်နှင့်မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော အာစီရုံ(၃)ထပ်လုံးချင်းနေအိမ်အပါအဝင်သည် အရှုပ်အရှင်းကင်းရှင်း၍ မိမိတစ်ဦးတည်း၏သဘောဆန္ဒဖြင့် လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါအိမ်ခြံမြေကွက်အား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သန္တာဝင်း ၁၂/တမန(နိုင်)၀၂၀၇၅၇ က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည် အထိဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ–**
**ဒေါ်ရီရီသန့်**
**LL.B, D.B.L, D.M.L, D.I.L(W.I.P.O–Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၉၉၃၉)**
**အမှတ်(၂၃၃/က+၂၃၄/က)၊ မင်းရဲကျော်စွာ(၃)လမ်း၊ (၇) ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း–၀၉၄၃၀၆၆၁၆၄ ၊ ၀၉–၇၉၆၆၀၀၂၁၇**

## ပိုးသတ်ဆေးဖြန့်ဖြူးသူ ပြောင်းလဲခြင်း

ပြည်ပထုတ်လုပ်သူ Thep Watana Co.,Ltd မှ မြန်မာနိုင်ငံပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ စိုက်ပျိုးရေးဆေးများကို ပြည်တွင်းမူလဖြန့်ဖြူးသည့် Sa Sa International Co.,Ltd မှ Noble KIng Co.,Ltd သို့ ဖြန့်ဖြူးခွင့်လွှဲပြောင်းမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက၊ ယနေ့မှစ၍ (၁၄)ရက်အတွင်း တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်းရပ်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့သို့ ကန့်ကွက်နိုင်ပါသည်။

Noble KingCo.,Ltd Ph:09401573814

| Sr | Trade Name | Active Ingredients | Registration No. |
|---|---|---|---|
| 1 | Lakic | Kasugamycin hydrochloride hydrate 2%w/v SL | P2020–4915 |
| 2 | Dennis | Difenoconazole 15%+Propiconazole 15%EC | P2020–4751 |

## ပိုးသတ်ဆေး ကုန်သွယ်မှုအမည်ပြောင်းလဲကြောင်းကြော်ငြာခြင်း

Taw Win Dar Co.,Ltd မှ တင်သွင်းဖြန့်ချိနေသော အောက်ဖော်ပြပါပိုးသတ်ဆေးအား ကုန်သွယ်မှုအမည်ပြောင်းလဲ သတ်မှတ်မည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ ဘုရင့်နောင်လမ်း၊ အနောက်ကြို့ကုန်းရပ်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့သို့ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ Taw Win Dar Co.,Ltd **ဖုန်း – ၀၉–၄၀၁၅၇၃၈၁၄**

| Sr. | Old Trade Name | New Trade Name | Active Ingredients | Registration No. |
|---|---|---|---|---|
| 1. | Santis | Poe Ngar Kaung | Acetamiprid 20% SL | P2020–5079 |

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

(ဘ) ဦးလှအေး၏သမီး မပန်းအိဖြူ ၁၀/ဘလန(နိုင်)၀၆၀၃၂၃၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပေးပို့ပါရန်။

**ဖုန်း–၀၉–၄၃၀၆၇၂၁၇**

## တစ်ဦးတည်းဖြစ်ပါကြောင်း

တွံတေးမြို့၊ အိုးဘိုအရှေ့ရပ်ကွက်၊ အုတ်ကျင်း(၂)မင်္ဂလာလမ်းနေ မောင်သင်မိုးယံ၏ ဖခင်ဦးဇော်ဇော်ထွန်း (ခ)ဦးမိုးယံဌေး ၁၂/တတန(နိုင်)၁၆၀၈၅၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဇော်ဇော်ထွန်း(ခ)ဦးမိုးယံဌေး**
**၁၂/တတန(နိုင်)၁၆၀၈၅၄**

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ သီရိလမ်းနေ ဦးထွန်းထွန်းဝင်း ၁၂/သကတ(နိုင်)၁၃၇၅၄၀၏သား ပညာနန်းတော် Grade–8မှ မောင်ဘုန်းမြတ်ပိုင်အား မောင်ရှိန်းမင်းပိုင်ဟု အမည်ပြောင်းလဲ ခေါ်ဆိုပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၅/မြို့မအရှေ့ရပ်၊ မြေဧရိယာ ၀ ဒသမ ၁၁၀ဧကရှိ မြေကွက်အမှတ် (ပ–၂၁၀၄၃)ကို အမည်ပေါက် ဦးသန်းထွန်းအောင် (ဘ)ဦးစိန်မြင့် ၅/ရဘန(နိုင်)၀၀၃၈၁၂မှ ဦးထူးဝေယံမြင့် (ဘ)ဦးမြင့်စိုး ၉/ညဥန(နိုင်)၁၇၀၁၂၃ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေကွက်အမှတ်(ပ–၂၂၀၆၉)၏ မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဦးနန်းမောင် ၁၄/ဖပန(နိုင်)၀၅၁၀၇၄(ဘ) ဦးတင်မှ မြေချပါမစ်(စလစ်) မိတ္တူမှန်ထုတ်ပေးပါရန် မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး နှင့် ရဲစခန်း ထောက်ခံချက်မူရင်းများ တင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၃၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေချပါမစ်(စလစ်)မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ် (၁၆က/၁က)၊ ဦးပိုင်အမှတ် (၁၃၇+၁၃၈)၊ မြေဧရိယာ(၀ ဒသမ ၁၁၀)ဧကရှိမြေကွက်သည် မူလက ဦးမြင့်ဆိုင် အမည်ဖြင့်(၁၆–၉–၂၀၁၇) ရက်အထိ (၁၅) နှစ်မြေငှားဂရန် ရရှိခဲ့ပါသည်။ ဂရန်ရှင် ဦးမြင့်ဆိုင်သည်ကွယ်လွန်သွားခဲ့ပြီး ဖြစ်၍ ၎င်း၏ဇနီး ဒေါ်သန်းရီက တရားဝင်စာချုပ်စာတမ်းမှတ်ပုံတင်ဖြင့် အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး မူလမြေ ဧရိယာ ၀ ဒသမ ၁၁၀ ဧကအနက်မှ မြောက်ဘက်အခြမ်း ဧရိယာ(၀ ဒသမ ၀၃၇)ဧကအား ဦးပိုင်ခွဲစိတ်၍ ဒေါ်သန်းနု ၁/မကန(နိုင်)၀၂၃၃၆၀၊ ဒေါ်ခင်မြတ်ဖူးဝေ ၁/မကန(နိုင်)၁၆၅၁၂၂ (၂)ဦးထံသို့ အပြီးအပိုင် ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဒေါ်သန်းနုပါ(၂)ဦးအမည်ဖြင့် မြေငှားဂရန် (ဦးပိုင်ခွဲ/အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

(ဘ)ဦးစိုးမြင့်၏သား ကိုဝဏ္ဏလင်း ၆/မအရ(နိုင်)၀၉၆၇၃၈၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပေးပို့ပါရန်။

**ဖုန်း–၀၉–၆၉၉၁၂၃၅၂၆**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

(ဘ)ဦးဝဏ္ဏလင်း၏သမီး မသံစဉ်ဖြူလင်း ၁၂/ဥကတ(နိုင်)၂၂၆၂၇၈၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပေးပို့ပါရန်။

**ဖုန်း–၀၉–၆၉၉၁၂၃၅၂၆**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/47668 Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကိုကိုလွင် ၁၄/ညတန(နိုင်)၂၃၀၀၁၃ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်)**
**မအူပင်**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 78W/93758 Owl Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငုဝါလှိုင် ၁၄/အဂပ(နိုင်)၁၆၀၇၃၅ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသ်ာတ)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ လှပဒါးစိုက်ကွင်းအတွင်းရှိ မြေ(၄၂ ဒသမ ၅) ဧကနှင့် ယင်းမြေပေါ်ရှိ ငါးကန် (၁၀)ကန်အား ငါးမွေးမြူရေး လုပ်ငန်းဆောင်ရွက်ရန် ဝန်ကြီးဌာန၏ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် အညီ ငှားရမ်းလုပ်ကိုင်ခွင့်ပြုပေးသွားနိုင်ရန်အတွက် ငါးမွေးမြူရေးလုပ်ငန်း စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသား လုပ်ငန်းရှင်/အစိုးရအသိအမှတ်ပြု ဖွဲ့စည်းထားသော အသင်းအဖွဲ့များအား ငှားရမ်းလုပ်ကိုင်နိုင်ခွင့်ရရှိစေရန် ဖိတ်ခေါ်အပ်ပါသည်–

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** – ၃–၆–၂၀၂၅ မှ ၁၆–၆–၂၀၂၅ ထိ

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** – စိုက်ပျိုးရေးဦးစီးဌာန၊ ကော်ဖီ–ရာသီသီးနှံ ဌာနခွဲ ရုံးအမှတ်(၅၀)၊ နေပြည်တော်

၄။ **တင်ဒါလျှောက်လွှာလက်ခံမည့်ရက်/နေရာ** – ၁၉–၆–၂၀၂၅ ရက်၊ (၁၃:၀၀)နာရီ စိုက်ပျိုးရေးဦးစီးဌာန၊ ထောက်ပံ့ဖြည့်တင်းရေး ဌာနခွဲ၊ ရုံးအမှတ် (၄၃)၊ နေပြည်တော်

၅။ အသေးစိတ်သိရှိလိုပါက စိုက်ပျိုးရေးဦးစီးဌာန၊ ကော်ဖီ–ရာသီသီးနှံဌာနခွဲ၊ ရုံးအမှတ် (၅၀)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း–၀၆၇၃–၄၃၁၃၁၅၊ ၀၉–၂၅၆၄၅၅၅၈၇ တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ် (၁၆က/၁က)၊ ဦးပိုင်အမှတ် (၁၃၇+၁၃၈)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက်သည် မူလက ဦးမြင့်ဆိုင်အမည်ဖြင့် ၁၆–၉–၂၀၁၇ ရက်အထိ(၁၅)နှစ် မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင် ဦးမြင့်ဆိုင်သည်ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ ၎င်း၏ဇနီး ဒေါ်သန်းရီက တရားဝင်စာချုပ်စာတမ်းမှတ်ပုံတင်ဖြင့် အမွေဆက်ခံ ပိုင်ဆိုင်ခဲ့ပြီး မူလမြေဧရိယာ ၀ ဒသမ ၁၁၀ဧကအနက်မှ တောင်ဘက်အခြမ်း ဧရိယာ ၀ ဒသမ ၀၇၃ ဧကအား ဦးပိုင်ခွဲစိတ်၍ ဒေါ်ခင်ကြည်ဝင်း ၁/မကန(နိုင်)၀၁၈၉၅၃ ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဒေါ်ခင်ကြည်ဝင်း အမည်ဖြင့် မြေငှားဂရန်(ဦးပိုင်ခွဲ/အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက် များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်–(၃၅)၊ မြေကွက်အမှတ်(၈၄၆–ခ)၊ အကျယ်အဝန်း (၂၀x၆၀)ပေရှိ (အရပ်အခေါ်အမှတ် (၈၄၆–ခ)၊ ရန်ကြီးအောင် (၁)လမ်း၊ (ည/၁၁)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်) ဟုခေါ်တွင်သော ဦးခင်ညွှန့်အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေ ကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်အုန်းမြင့် ၁၂/အစန(နိုင်)၀၉၄၄၅၈+၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း အထက်ပါ မြေကွက်နှင့်ပတ်သက်သည့် ပိုင်ဆိုင်မှု အထောက်အထား စာချုပ်/စာရွက်စာတမ်းမူရင်း၊ ပါမစ်/ဂရန်မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ရွှေဇင်အိ(LL.B, D.B.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၈၇၉၂/၂၀၂၃)**
**တိုက်– ၃၉၀/၄၊ စက်မှု(၁)လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း – ၀၉–၄၂၀၀၉၇၀၇၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ သန်လျင်တံတားအနီး ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း အတွင်းရှိ သံလွင်ရိပ်မွန်အိမ်ရာစီမံကိန်း အဆင့်၊ တိုက်အမှတ် (B–5)၊ အခန်းအမှတ် (1016)၊ အခန်း အမျိုးအစား Type A၊ အကျယ်အဝန်း(၁၂၆၁)စတုရန်းပေရှိသော ကွန်ဒိုတိုက်ခန်းနှင့် တိုက်ခန်းအတွင်း ပါရှိသော လူသုံးကုန်ပရိဘောဂပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးရန်နိုင်စိုး ၁၂/ရကန(နိုင်)၀၆၁၅၈၂၊ ဒေါ်မိုးသော်တာကျော် ၁၂/ရကန(နိုင်)၀၅၇၁၇၈ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူမည်ဖြစ်သဖြင့် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း မှန်ကန်သော စာရွက်စာတမ်းမူရင်းအထောက်အထားနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်လိုသူမရှိပါလျှင် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးဇေယျာမင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၃၁၀၈)**
**အမှတ် – ၂၃၃၁၊ ဓမ္မသုခလမ်း၊ (၁၇) ရပ်ကွက်၊**
**ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း – ၀၉ ၄၂၀၀၇၄၉၅၉**

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင်ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air - FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV-HD Channel)နှင့် (MRTV Entertainment Channel)တို့မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ မိုးရာသီနှင့်သက်ဆိုင်သည့် မြန်မာသံတေးသီချင်းများကို မြန်မာ့ဆိုင်းဝိုင်းကြီးအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပ/ဌာနအဆိုရှင်များဖြင့် စုပေါင်း၍ **"ရွှေမိုးပစ္စုန်"** တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် (၃၀-၅-၂၀၂၅)ရက်(သောကြာနေ့)ညတွင် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုမည်ဖြစ်ပါကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေး အကြောင်းကြားပါသည်-

**(၃၀-၅-၂၀၂၅)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ "ရွှေမိုးပစ္စုန်" တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | ရွှေမိုးပစ္စုန် | ပြင်ပအဆိုရှင် |
| ၂။ | မိုး | ပြင်ပအဆိုရှင် |
| ၃။ | ရွှေလည်တိုင် | တူယှဉ်ဖွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၄။ | ကောက်စိုက်မ | တူယှဉ်ဖွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၅။ | ချစ်စရာ့ပန်း | ဌာနအဆိုရှင် |
| ၆။ | မိုးသက်လေနှင် | ပြင်ပအဆိုရှင် |
| ၇။ | ချစ်မိုးကြီး | ပြင်ပအဆိုရှင် |
| ၈။ | မိုး | ပြင်ပအဆိုရှင် |
| ၉။ | တိမ်တမန် | တူယှဉ်ဖွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၁၀။ | ဖူးစာ | ပြင်ပအဆိုရှင် |

### အမည်ပြောင်း

ဦးကျော်စိုးဦး ၈/ခမန(နိုင်) ၁၁၈၅၉၃ ၏သား ချောက်မြို့၊ ရေတွင်းကျေးရွာအုပ်စု၊ ရေတွင်းကျေးရွာနေ အလက(ရေတွင်း)ကျောင်း Grade-4မှ မောင်အောင်ခေတ်ရှေ့ အား မောင်သီဟအောင်စိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်သီဟအောင်စိုး**

### ပျောက်ဆုံးကြောင်း

(ဘ) ဦးစိုင်းရှဲန်ခဲ့ ၏သား ကျွန်တော် ဦးစိုင်းဆမ် ၁၃/ကတန(နိုင်)၁၉၃၆၉၀ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ခရီးသွားရင်းပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၈၂၅၄၀၇**

### မိဘအမည်မှန်

ကျိုင်းတုံမြို့၊ အထက (ယန်းလူး)၊ Grade-6 မှ မအားမီ၏ မိဘအမည်မှန်မှာ ဦးအားဒို့နှင့် ဒေါ်အားငွေ့ ဖြစ်ပါကြောင်း။

**ဦးအားဒို့-ဒေါ်အားငွေ့**

### ပြင်ဆင်ဖတ်ရှုပါရန်

၂၈-၅-၂၀၂၅ ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၇)တွင် ပါရှိသော အများသိစေရန် အသိပေးကြေညာခြင်းအား တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်သီတာအောင် အစား ဒေါ်ခင်သီတာဟု ပြင်ဆင်ဖတ်ရှုပါရန်။

### မွေးသက္ကရာဇ်အမှန်

တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ ဓမ္မဒါနလမ်း၊ B-002၊ (၃)လွှာ မေတ္တာရိပ်မွန်အိမ်ရာနေ (ဘ) ဦးလင်ကီကီး (ခ) ဦးအကီး၏သား ဦးကြင်ဆိုင် (ခ) လင်ကွီရှောင် ၁၂/သကတ(နိုင်)၁၁၇၉၃၆ MI-324691 ၏ မွေးသက္ကရာဇ်အမှန်မှာ ၆-၃-၁၉၅၇ ဖြစ်ပါသည်။

### CNG ပျောက်

ကျွန်တော် ဦးအောင်မင်းဟန် ၉/ကပတ(နိုင်)၂၇၅၄၉၁ ပိုင်ဆိုင်သော AA/2348 ၏ CNG စာအုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၀၉၀၃၀၀၄**

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် (တတ-၄၆)၊ ဦးပိုင်အမှတ်(၅၇)၊ ၅၇x၅၈လမ်းကြား၊ အနော်ရထာလမ်းနှင့် အောင်ဇေယျလမ်းကြားရှိ ဦးဌေးလွင်အမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးဌေးလွင်၊ မိခင် ဒေါ်ဖြူဖြူဝင်း၊ သား ဦးနေမျိုးလွင်တို့ အသီးသီးကွယ်လွန်သဖြင့် ကျန်ရစ်သောသား၊ သမီးတို့ဖြစ်သည့် ဒေါ်မွန်မွန်အေး ၉/ပကခ(နိုင်)၀၈၈၃၄၀၊ ဦးညီညီလွင် ၉/ပကခ(နိုင်)၀၈၉၆၀၈တို့က ဂရန်စာချုပ် သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(B)၊ ဦးပိုင်အမှတ်)(၃၄)၊ ၆၅x၆၆လမ်းကြား၊ ၁၀၂x၁၀၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ဖခင် ဦးအောင်နိုင်၊ မိခင် ဒေါ်သင်းစိန်တို့ အသီးသီး ကွယ်လွန်သဖြင့် ကျန်ရစ်သောသားသမီးများဖြစ်သည့် ဒေါ်နုနုယဉ် ၉/မနတ(နိုင်)၀၅၉၂၅၈၊ ဒေါ်ခင်သန်းနွဲ့ ၉/မနမ(နိုင်)၀၅၉၂၅၉၊ ဒေါ်ခင်သန်းဌေး ၁၃/သပန(နိုင်)၀၀၅၇၇၄၊ ဒေါ်စန်းစန်းရင် ၉/မနတ(နိုင်)၀၀၂၇၂၀၊ ဒေါ်ရင်ရင်လှ ၉/မနတ(နိုင်)၀၉၉၃၆၀၊ ဒေါ်ရင်ရင်မြ ၉/မနတ(နိုင်)၀၉၉၃၅၉နှင့် ဦးသန့်ဇင်ဝင်း ၉/မဟမ(နိုင်)၀၀၅၄၁၂ တို့က ဂရန်စာချုပ် သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန် အတွက်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

